





ပြုံးပန်းတစ်ရာ စာပေ
အမှတ် ၁၅၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၂၄၁၃၄၆၀၊ ၂၁၂၅၃၇

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

◁ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

◁ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

◁ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

◁ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

◁ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

◁ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

◁ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

◁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

◁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

◁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

◁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

◁ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

◁ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

◁ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

◁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

◁ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



**စာမူခွင့်ပြုချက်အမှတ်-၉၅၅/၂၀၀၄ (၉)**
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်-၉၅၉/၂၀၀၄ (၉)**

**ပုံနှိပ်ခြင်း**
၂၀၀၄-ခုနှစ်၊ အောက်တိုဘာ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး-၁၁၀၀

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်(၀၁၆၉၂)
ချိုတေးသံသွင်းစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ်(၃)၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**
ကောင်းစံ

**အတွင်း/အဖုံးပုံနှိပ်သူ**
ဦးညွန့်ဝေ (၀၅၄၂၅)
ပြုံးပန်းတစ်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း
အလုံ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ
ဖုန်း - ၂၄၅၃၆၀



# ပိုးနဲ့အတူ



အခန်း ၊ ၁ ၊

# အနှိမ်ခံ

တစ်နေ့သ၌ မြေလတ်ပိုင်းရှိ အလယ်တန်း ကျောင်းကလေးတစ်ကျောင်းမှ ကျောင်းဆင်းချိန်တွင် ကျောင်းသူ ကျောင်းသားကလေးများသည် အုပ်စုလိုက် လမ်းမကြီးအတိုင်း အိမ်သို့ ပြန်ခဲ့ကြလေ၏။

ကျောင်းသူကလေးသုံးဦးသည် ရင်ပေါင်တန်းလျက် လျှောက်လာလေ၏။ ၎င်းတို့၏ရှေ့မှ ၎င်းတို့နှင့် တစ်တန်းတည်းကျောင်းနေဖက်ဖြစ်သော ကျောင်းသားကလေးတစ်ဦးသည် ပုဆိုးကို တိုတိုဝတ်လျက်၊ လွယ်အိတ်ကို စလွယ်သိုင်း၍လွယ်ကာ အနီရောင်ခုံဖိနပ်ကြီးတစ်ရံကို

တဂွပ်ဂွပ်စီးလျက် လျှောက်သွားနေလေ၏။

မိန်းကလေးသုံးဦးအနက် တစ်ဦးသော မိန်းကလေးက -

"အမယ်လေး မင်းဒင်ရယ်. . .၊ နင့်ခုံဖိနပ်သံကလည်း ပြင်းလှချေလား. . ."ဟု ပြောလိုက်လေ၏။ ထိုအခါ မင်းဒင်ဟု အခေါ်ခံရသော ကျောင်းသားက -

"မဟုတ်ဘူး သီသီရဲ့. . .၊ အိမ်ကို အမြန်ရောက်အောင် လျှောက်နေရတာ. . .၊ ငါ ရောက်မှ ငါ့အမေက အိမ်ကထွက်လို့ရမှာ. . ."ဟု နောက်သို့ သမင်လည်ပြန်လှည့်၍ကြည့်ရင်း ပြုံးပြုံးကလေးဖြင့် ပြန်၍ဖြေလေ၏။ ထိုအခါ မလှမ်းမကမ်းမှ ကျောင်းသားတစ်ဦးက -

"သီသီရယ်. . . နင်က ဒီကောင့်ကို သွားပြီးမေးနေတာကိုး. . .၊ ဒီကောင်က လူမဟုတ်ဘူး၊ ခွာသံပြင်းတာပေါ့. . .၊ ရွှေဘိုမြင်းလေ. . ."ဟု ပြောလိုက်လျှင် အနီးအပါးရှိ ကျောင်းသူကျောင်းသားကလေးများသည် ဝါးခနဲ လှောင်ရယ်ရယ်လိုက်ကြလေ၏။ ထိုအခါ မင်းဒင်က -

"ဟုတ်ပါတယ် ညီကြီးရာ. . .၊ အခုတော့ ငါဟာ မြင်းပါပဲ၊ မင်းပြောချင်တာ ပြောပါကွာ. . .၊ ငါ မငြင်းပါဘူး၊ စိတ်လည်း မဆိုးပါဘူး. . ."ဟု ခပ်ပြုံးပြုံးပင် ပြန်၍ပြောလေ၏။ ထိုအခါ၌ သုံးယောက်သားရင်ပေါင်တန်း၍လျှောက်လာသော ကျောင်းသူသုံးဦးအနက်တစ်ဦးသော ကျောင်းသူကလေးက -

"မင်းဒင်ရေ. . . ဆရာမ ပေးတဲ့ စာစီစာကုံးတွေ နင် အကုန်လုံးလိုက်ရေးထားတယ်မို့လား. .၊ တို့လည်း ငှားဦးဟယ်. . .၊ ပြန်ပြီးကူးချင်လို့ပါ"ဟု ပြောလိုက်ရာ မင်းဒင်က သူ၏လွယ်အိတ်ကိုနှိုက်၍ စာအုပ်တစ်အုပ်ကို ယူပြီးလျှင် ထိုကျောင်းသူကလေးအား -





"ဖြူဖြူ. . .ဟောဒီမှာ. . .နက်ဖြန် ကျောင်းရောက်မှပဲ ပြန်ပေးတော့. . ." ဟု ပြော၍ ပေးလိုက်လေ၏။ ထိုအခါ၌ မလှမ်းမကမ်းမှ စိန်လှိုင်ဆိုသော ကျောင်းသားက -

"ဖြူဖြူရယ်. . .ငါလည်း အဲဒီစာစီစာကုံး လိုက်ကူးထားပါ တယ်၊ ငါ့စာအုပ်ကို ယူလိုက်ရင် ပြီးတာပဲ၊ နက်ဖြန်လည်း ပြန်ပေးစရာ မလိုဘူး၊ နင် အပိုင်လိုချင်ရင်လည်း ယူထားလိုက်လို့ရတယ်. . ."ဟု လှမ်း၍ပြောလိုက်ရာ အနီးမှ ကျောင်းသားနှစ်ဦး သုံးဦးက -

"ဟေး. . .စိန်လှိုင်၊ မင်းဟာက သိသာတယ်ကွာ. . ."ဟု ပြောဆိုကာ ရယ်မောကြလေ၏။ ထိုအခါ ဖြူဖြူက မင်းဒင်၏စာအုပ်ကို ဖွင့်၍ စာစီစာကုံးကို လှန်ကြည့်ပြီးလျှင် -

"စိန်လှိုင်. . .ဟောဒီမှာ မင်းဒင့်လက်ရေး၊ ဝိုင်းစက်နေတာပဲ၊ နင့်သူ့လောက် လက်ရေးလှလို့ လား. . ."ဟု မေးလိုက်လျှင် ကျန်သောကျောင်းသားများက -

"စိန်လှိုင်ရေ. . .ရှုံးပြန်ပြီဟေ့. . .၊ မင်းကတော့ ရှုံးပြီးရင်းရှုံးရင်းပဲ. . ."ဟုပြော၍ နောက်ပြောင်ရယ်မောကြလေ၏။ ထိုအခါ စိန်လှိုင်သည် များစွာစိတ်ဆိုးသွားလေ၏။

"ငါက မင်းဒင်ကိုရှုံးရမှာလားကွ၊ မင်းတို့ကို ငါပြောမယ်. . . သေချာနားထောင်၊ မင်းဒင်ရဲ့ အဖေဟာ ထောင်ကျနေတယ်၊ မင်းဒင်ရဲ့ အမေဟာ ငါတို့ရပ်ကွက်ထဲမှာ အဝတ်လျှော်ရတယ်ကွ၊ အဝတ်တွေ ယူသွားပြီး သူ့အိမ်မှာလျှော်တယ်၊ နေပူပါလှန်း၊ မီးပူတိုက်ပြီးမှ အဝတ်ပိုင်ရှင်တွေဆီကို လာပြီးပို့ရတာ၊ အဲဒီတော့မှ ပိုင်ရှင်တွေက အဝတ်လျှော်ခ၊ မီးပူတိုက်ခ ပိုက်ဆံတွေပေးတာ. . .၊ အဲဒီပိုက်ဆံနဲ့ မင်းဒင်တို့

သားအမိ ထမင်းစားရတာကွ၊ မင်းဒင်ဟာ သူ့အမေယူလာတဲ့ အဝတ်တွေကို သူ့အမေကို အလျှော်မခိုင်း ဘူးကွ၊ သူကိုယ်တိုင်လျှော်တာ. . .၊ သူ့အမေ ပင်ပန်းမှာစိုးလို့ပေါ့ကွာ. . .၊ အဲဒီတော့ ငါတို့အိမ်ကအဝတ်တွေကို မင်းဒင်တို့သားအမိဟာ ဒိုင်ခံလျှော်ရတယ်ကွ၊ အဲဒီတစ်ကွက်ထဲ နဲ့ကို မင်းဒင်ကို စိန်လှိုင်က နိုင်ပါတယ်ကွ၊ ဟောဒီဘောင်းဘီထဲမှာ အီးအီးပါထည့်လိုက်မယ်ကွာ. . .၊ အဲဒီတော့ ငါ့အီးအီးတွေ ပေနေတဲ့ ဘောင်းဘီကို မင်းဒင်လျှော်စမ်း. . .”ဟုပြောလိုက်လျှင် ကျောင်းသူလေး သုံးယောက်မှာ‘အို. . ဟင်. .’ ဟု အာမေဍိတ်သံများ ထွက်ပေါ်လာလေ၏။

မင်းဒင်မှာမူ ရွယ်တူမိန်းကလေးများရှေ့တွင် ဤသို့လျှင် နှိမ်ချပြောဆိုခံလိုက်ရခြင်းကြောင့် ရှက်လွန်းသဖြင့် မျက်နှာကြီးတစ်ခုလုံး နီရဲသွားလေ၏။ ကျန်သော ကျောင်းသားများမှာမူ ရယ်ရမည်ကိုပင် မရယ်ရက်နိုင်ရှာတော့ပေ။

ထိုအခါ၌ ဖြူဖြူ၏မျက်လုံးအိမ်တွင် မျက်ရည်များ စို့၍လာ၏။

“ဟဲ့. . . စိန်လှိုင်. . . လူယုတ်မာ၊ နင့် ပါးစပ်ပိတ်ထားလိုက်၊ နင်တစ်ခွန်းထွက်တာနဲ့ ပါးတစ်ချက် ရိုက်ပစ်လိုက်မယ်. . .”ဟု လှမ်း၍ ကြိမ်းလိုက်လေ၏။ ထိုအခါ စိန်လှိုင်က -

“နင်နဲ့ ဘာဆိုင်လို့လဲ ဖြူဖြူ. . .၊ ငါတို့ အဝတ်လျှော်တဲ့ ဒိုဘီသမားကိုပြောတာ နင်က ကြားထဲက ဘာလို့ဝင်ပြီးနာရတာလဲ. . .”ဟု လှမ်း၍ ပြောလေ၏။

“ဘာမှမဆိုင်ဘူး၊ နင့်ပါးကို ရိုက်ချင်လို့ ဆိုင်တာဟယ်. . .၊ နောက်ပြီး မင်းဒင်က နင့်ကို ဘာမှပြောရှာတာမဟုတ်ဘူး၊ ငါက စာအုပ်ငှားလို့ သူက ငှားရှာတာ. . .၊ သူ့ခမျာ ဘာအပြစ်မှ မရှိဘူး၊ နင်





ဒီလို နိုင့်ထက်စီးနင်းပြောလို့မရဘူး. . .” ဟု ဒေါနှင့်မောနှင့် ကြိမ်းမောင်း၍ ကွန်ပါဗူးကို ကိုင်ထားလေ၏။ တစ်စုံတစ်ရာ စိန်လှိုင်က ပြန်၍ပြောလျှင် ကွန်ပါဗူးနှင့် မျက်နှာသို့ ပစ်ပေါက်ပစ်မည်ဟု ဆုံးဖြတ်ထားဟန်ရှိ၏။

“ငါ့အစ်မဝတ်တဲ့ လုံချည်တွေလည်း သူ့ အမေက လျှော်ဖို့ယူသွားတယ်၊ သူ့အမေက လျှော်မှာ မဟုတ်ဘူး၊ ဒီကောင်ပဲ လျှော်မှာ. . .” ဟု စိန်လှိုင်ကပြောလျှင် ဖြူဖြူသည် ကွန်ပါဗူးဖြင့် စိန်လှိုင်၏ မျက်နှာကို လှမ်း၍ပေါက်လေ၏။ သို့ရာတွင် သီသီက ဆွဲထားသောကြောင့် ကွန်ပါဗူးသည် စိန်လှိုင်၏ မျက်နှာသို့ ရောက်မသွားပေ။

မင်းဒင်သည် စိန်လှိုင်၏မျက်နှာသို့ စေ့စေ့ကြည့်လိုက်၏။

“ဒီမှာ စိန်လှိုင်. . .၊ မင်းပြောချင်တာ ပြောလို့ရပါတယ် သူငယ်ချင်း၊ တို့သားအမိနှစ်ယောက်ရဲ့ အခြေအနေဟာ မင်း အခုပြောသလိုခံရမယ့်အခြေအနေမျိုးရောက်နေတာကိုး. . .၊ မင်းချေးကို ကျုံးတယ်လို့ ပြောရင်လည်း ငါ့အနေနဲ့ မငြင်းပါဘူး၊ မင်း အစ်မရဲ့ထဘီကိုလျှော်ရတဲ့ ကောင်လို့ ပြောရင်လည်း ငါ မငြင်းပါဘူး၊ တစ်ခုတော့ရှိတယ်၊ ဒါတွေ ဟာ ငါ့ ဘဝတစ်လျှောက်လုံး လုပ်ရမယ့် အလုပ်တွေတော့ မဟုတ်ပါ ဘူး၊ ယာယီပါ. . .၊ အဲဒါတွေ ငါ မလုပ်ရင် ငါ ကျောင်းနေခွင့်ရမှာ မဟုတ်ဘူး၊ ကျောင်းနေဖို့ ပိုက်ဆံလည်းမရှိဘူး၊ ဒါကို မင်းက မညှာတာဘဲ နဲ့ နိုင်ကွက်လို့ သဘောထားပြီး နှိမ်ချင်လည်းနှိမ်ပါ. . .၊ တစ်ခုတော့ မင်းကိုပြောလိုက်ချင်ပါတယ်၊ အခု ငါခံရတဲ့အလှည့်ပဲ. . .၊ မင်းခံရမယ့် အလှည့် ရောက်လာရင်တော့ ခါးစည်းပြီးတော့ခံပေတော့ စိန်လှိုင်ရေ. .၊ ငါ့နာမည်ကို မင်းမေ့သွားဦးမယ်၊ မင်းဒင်တဲ့. . . မှတ်ထားလိုက်ဦး. . .” ဟု ပြောလိုက်လျှင် ကျောင်းသူလေးသုံးယောက်အနက် ဖြူဖြူက လက်ခုပ်

တီးလေ၏။ ကျန်ကျောင်းသူကလေးများကလည်း လက်ခုပ်တီး၏။ ကြားရသော ကျောင်းသားများကလည်း လက်ခုပ်တီးကြလေ၏။

ထိုအခါ စိန်လှိုင်သည် စိတ်ဆိုးလွန်း၍ မင်းဒင်အား ဆဲဆိုကာ ရင်းတို့အနီးမှ ခပ်သုတ်သုတ် ထွက်သွားလေတော့သတည်း ...။ ။

ပ





အခန်း ၊ ၂ ၊

# မိခင်နှင့်အတူ ရယ်မောရခြင်း

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး နှစ်ရက်ခန့်အကြာ တွင် မင်းဒင်သည် ကျောင်းမှအိမ်သို့ပြန်လာ၏။ ထိုအချိန်၌ ထမင်းလည်း အလွန်ဆာနေပြီဖြစ်သဖြင့် ထမင်းစားမည်ဟု မီးဖိုချောင်သို့ဝင်ရာ ၎င်း၏ မိခင်က

"သားရေ. . . ထမင်းနောက်မှစားကွယ်. . ၊ အဝတ်တွေက အတော်အရေးကြီးနေတာ. . . ၊ ဒီနေ့ ခြောက်မှဖြစ်မယ်၊ အရေးအကြီး ဆုံးကတော့ ဟောဟို အင်တုံထဲမှာ စိမ်ထားတဲ့ အဝတ်တွေပဲ၊ စာရေး



ကြီးဦးမဲလုံးတို့အိမ်က အဝတ်တွေလေကွယ်. . . ၊ သူ့သား မောင်စိန်လှိုင် လေးဟာလည်း မင်းတို့ကျောင်းကပဲမို့လား. . ." ဟု ပြောလိုက်လေ၏။

မင်းဒင်လည်း တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ရေအိုး မှ ရေတစ်ခွက်ကို ခပ်ယူ၍ သောက်လိုက်ပြီးလျှင် ဆပ်ပြာဖြင့်စိမ်ထား သော အဝတ်အင်တုံဆီသို့ သွားလေ၏။

ထို့နောက် အဝတ်များကို တစ်ခုချင်းထုတ်ကာ အဝတ်လျှော် သော ကျောက်ပြားပေါ်၌ ဆောင့်၍လျှော်လေ၏။ တစ်ထည်ပြီး တစ်ထည် ဆောင့်၍ လျှော်ပြီးနောက် ရေနှစ်ကာညှစ်၍ အနီးတွင်ပုံထားလေ၏။

ဘောင်းဘီတစ်ထည်အလှည့်သို့ ရောက်သောအခါ၌ မင်းဒင် လည်း ယမန်နေ့က စိန်လှိုင်ပြောခဲ့သောစကားကို အမှတ်ရမိလေ၏။

"ငါဝတ်တဲ့ဘောင်းဘီထဲမှာ ချေးတွေပါ ထည့်ထားမယ်၊ အဲဒီ တော့ ငါ့ဘောင်းဘီတွေကို မင်းလျှော်တဲ့အခါမှာ ငါ့ချေးတွေကိုတွေ့ရလိမ့် မယ်. . ."ဟူသော စိန်လှိုင်၏စကားကို ပြန်လည်၍ ကြားယောင်နေ မိလေ၏။

မင်းဒင်လည်း ထိုဘောင်းဘီကို ကျောက်ပြားပေါ်သို့ တင်လိုက် ရာ ဘောင်းဘီအတွင်းမှ မစင်များ ထွက်ကျလာသည်ကို ရွံရှာဖွယ်ရာ တွေ့ရလေတော့၏။ ထို့ကြောင့် အူအတွင်းမှ လိပ်၍တက်လာပြီးလျှင် ဝေ့ါခနဲမြည်ကာ အန်လေတော့၏။

မင်းဒင်သည် ပျို့၍ပျို့၍ တက်လာပြီးလျှင် ဝေါ့ခနဲ ဝေါ့ခနဲ အန်လေတော့၏။ အစပိုင်းတွင် အစာများထွက်လာသော်လည်း နောက်ပိုင်း တွင် အစာမရှိသဖြင့် လေများသာ ထွက်လာလေတော့၏။

မင်းဒင်သည် မိမိအဖြစ်ကို ဝမ်းနည်းသဖြင့် မျက်ရည်များ မျက်

လုံးအိမ်မှစိမ့်ထွက်လာပြီးလျှင် ပါးပြင်ပေါ်သို့ စီးကျလာလေ၏။ ၎င်း၏ မိခင်လည်း မင်းဒင်၏ ပျို့အန်သောအသံကို ကြားရသောကြောင့် ပြေးလာပြီးလျှင် မင်းဒင်အား ကြည့်လေ၏။

မင်းဒင်လည်း ယမန်နေ့က စိန်လှိုင်နှင့်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်နှင့် ယခုတွေ့ကြုံနေရသော အတွေ့အကြုံကို ပြသ၍ မိခင်အား အကျိုးအကြောင်း ရှင်းပြလေ၏။ ၎င်း၏မိခင်သည် သား၏ မျက်နှာကို တစ်ချက်မျှကြည့်ပြီး ကွက်ခနဲ တစ်ချက်မျက်နှာပျက်သွားလေ၏။ သို့ရာတွင် မျက်နှာကို ပြန်၍ပြင်လိုက်လေ၏။

"သြော်. . . ဒါလား မင်းဒင်ရယ်. . .၊ ဒီအတွက် ရွံခွင့်တော့ရှိတယ်သားရေ. . .၊ ရွံခွင့်ရှိလို့ ရွံပြီး ပျို့တာအန်တာအထိ အမေ ဘာမှ မပြောလိုပါဘူး၊ မျက်ရည်ကျတာကိုတော့ အမေ မကြိုက်ဘူး၊ ဘာဖြစ်လို့လဲသိလား. . .၊ အမေမွေးထားတာ ယောကျ်ားလေးပါ၊ မိန်းကလေးမှမဟုတ်ဘဲ၊ လောကဓံက နှိပ်စက်တယ်ကွဲ့. . .၊ အဲဒီလောကဓံ နှိပ်စက်မှာကို မကြောက်ရဘူး၊ ကြောက်ရင် နှစ်ခါနာတတ်တယ်၊ ကြောက်တာက တစ်ခါနာတယ်၊ နှိပ်စက်ခံရတာက တစ်ခါနာတယ် သားရဲ့. . .၊ လောကဓံဟာ ဒီတစ်ကြိမ်မဟုတ်ဘူး၊ အကြိမ်ကြိမ်အခါခါ နှိပ်စက်ဖို့ မင်းဆီကိုလာမှာပဲ၊ သူလာတိုင်း မင်း ငိုနေလို့တော့မဖြစ်ဘူး၊ သူက လက်ပန်းပေါက်ခတ်ပြီး မင်းကို စိန်ခေါ်နေမှာပဲ၊ မင်းက သူ့ရဲ့စိန်ခေါ် ခြင်းကို ရယ်မောပစ်ပြီး အသိအမှတ်မပြုဘဲ ပြက်ရယ်ပြုပစ်လိုက်ရမှာ သားရဲ့၊ ရယ်လိုက်သားလေး. . . ရယ်လိုက်. . .၊ လောကဓံဟာ ရယ်မောပစ်တတ်တဲ့လူကို ကြောက်တယ်ကွဲ့. . .၊ အဲဒီလူဆီကို မလာဝံ့ဘူး၊ ငိုကြွေးတဲ့လူဆီကိုပဲ လာတတ်တယ်၊ ရယ်လိုက်သားလေး. . . ရယ်လိုက်၊





ဟက်ဟက်ပက်ပက် ရယ်လိုက်စမ်းပါကွယ်. . .၊ ဘာဖြစ်လို့ မရယ်ရမှာလဲ၊ အမေကိုင်ရမယ့် မစင်တွေကို အမေ့ကိုယ်စား မင်းက လုပ်ပေးတာပဲ. . .၊ ဘယ် လောက်ကောင်းတဲ့ ကောင်းမှုတွေကို မင်းလုပ်ခွင့်ရနေသလဲ. . .၊ အဲဒါတွေဟာ ဝမ်းသာစရာ မကောင်းဘူးလား၊ ဘယ်လောက်ရယ်ဖို့ကောင်းသလဲ. . .၊ မကောင်းတဲ့လောကဓံတွေကို ဟားတိုက်ပြီး ရယ်ပစ်လိုက်စမ်းပါ. . ."ဟု တတွတ်တွတ် ပြောနေ၏။

မင်းဒင်လည်း မိခင် စိတ်ချမ်းသာစေရန်အတွက် ကြိုးစား၍ ပြုံးပြလေ၏။ ထို့နောက် မည်သို့ဖြစ်သည်မသိ. . .။ ရွံသောစိတ်များမှ ရယ်ချင်သော စိတ်များသို့ ပြောင်း၍သွားလေ၏။ ပြီးလျှင် တဟားဟား ရယ်လိုက်လေတော့၏။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . .၊စိန်လှိုင်ရေ. . . မင်းအလှည့်မှာ လုပ်ထားဦး. . .၊ ငါ ကောင်းကောင်းလျှော်ပေးမယ်၊ ငါ့အလှည့်ရောက်လာရင်လည်း မင်းခံပေတော့. . ."ဟုပြောလိုက်လျှင် မင်းဒင်၏ မိခင်လည်း ဝမ်းသာလွန်း၍ သားနှင့်အတူ ရယ်မောကာ သား၏နဖူးကို နမ်းရှုံ့ပြီးလျှင် -

"ဒါမှအမေ့သား. . .၊ ဒေါင်ဒေါင်မြည်တဲ့ ယောကျ်ား. . .၊ အလကားနေရင်း ရှုံ့မဲ့ရှုံ့မဲ့နဲ့ မိဘကို ငိုပြနေတဲ့သားမျိုးမဟုတ်ဘူး၊ ယောကျ်ားအစစ်. . .၊ ကဲ. . . ကဲ. . . မင်း ထမင်းသွားစားတော့. . .၊ အမေလျှော်လိုက်မယ်. . ."ဟု ပြောကာ မင်းဒင်၏ မိခင်သည် မင်းဒင်လျှော်ရမည့်အဝတ်များကို ယူ၍လျှော်လေ၏။ ထိုအခါ မင်းဒင်က -

"နေပါစေ အမေရယ်. . ."ဟု အဝတ်များကို ပြန်၍ဆွဲယူလေ၏။ ၎င်း၏ မိခင်က -

"သွားစမ်းပါကွယ်. . .၊ စားမှာစားစမ်းပါ၊ အမေနားလို့ အမောပြေပါပြီ. . ."ဟု ဆိုကာ မင်းဒင်အား တွန်း၍ထုတ်လိုက်လေ၏။

မင်းဒင်လည်း မီးဖိုသို့ဝင်၍ ထမင်းဟင်းများ ထည့်ကာ စားမည်ဟု ဟန်ပြင်လိုက်စဉ်၌မှာပင် စောစောက မစင်များကို မြင်ယောင်မိသဖြင့် ပျို့တက်လာပြန်၏။ ထိုအခါ၌ မင်းဒင်သည် ဟားတိုက်၍ ရယ်လိုက်လေ၏။

အစပထမတွင် လုပ်၍ရယ်သော်လည်း နောက်ပိုင်းတွင် တကယ်ရယ်ချင်စိတ် ဖြစ်ပေါ်လာပြီး တဟားဟားနှင့် ရယ်မိလေတော့၏။ ထိုအခါ မိခင်ဖြစ်သူက အဝတ်လျှော်နေရာမှ -

"ဟဲ့ကောင်လေး . . . ဘာတွေ့လို့ ရယ်နေတာလဲ. . ."ဟု မေးလိုက်ရာ မင်းဒင်က -

"လောကဓံ တွေ့နေပြန်ပြီ အမေရေ. . ."ဟု ပြန်၍အော် ပြောလိုက်လျှင် ၎င်း၏မိခင်က -

"ကောင်းတယ်သားရေ. . .ကောင်းတယ်၊ မင်း လောကဓံကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ တတ်သွားပြီပဲ၊ ရယ်လိုက်သား . . .ရယ်လိုက်. . .၊ အမေပါ မင်းနဲ့အတူ ဝိုင်းပြီးရယ်ပေးမယ် . . ."ဟု ဆိုကာ သားအမိနှစ်ဦးသည် အားရပါးရ ဟားတိုက် ရယ်မောလိုက်ကြလေတော့သတည်း. . .။ ။

"ဟား. . .ဟား. . .ဟား. . .ဟား. . . ဟား. . ."





### အခန်း ၊ ၃ ၊

## မင်းဒင်နှင့် ဘကြီးငြိမ်း

တစ်ညနေ၌ မင်းဒင်သည် ကျောင်းမှ ပြန်လာ၏။ ၎င်း၏ မိခင်သည် မင်းဒင်အား -

"မင်းဒင် . . .၊ မင်းအဘကြီးတော့ မနေ့ညကမှ ဆန်ပြုတ်လေးဘာလေး သောက်သေးတယ်၊ မနက်က အမေ ဆန်ပြုတ်သွား ပို့တော့ မသောက်နိုင်ဘူးကွယ့်၊ စောင်ကြီးခြုံပြီး ညည်းနေတယ်၊ မင်း သွားကြည့်လိုက်ဦးလေ . . .၊ မသက်သာရင်လည်း ဆရာဝန်ကြီး အိမ်ခေါ်



သွားရအောင် . . ."ဟုပြောလေ၏။ ထို့ကြောင့် မင်းဒင်လည်း လွယ်ထားသော ကျောင်းလွယ်အိတ်ကို တိုင်တွင်ချိတ်ကာ အဘဦးထွန်းငြိမ်းဆိုသူထံသို့ ပြေးရလေ၏။

အဘဦးထွန်းငြိမ်းဆိုသူသည် ၎င်းတို့နေအိမ်၏ မျက်နှာချင်းဆိုင် ရှိ အိမ်အဖီတွင် ငှားရမ်းနေထိုင်သော စာအုပ်အဟောင်းများရောင်းသည့် အသက် ၅၀အရွယ် လူကြီးတစ်ဦးဖြစ်လေ၏။

မင်းဒင်သည် ဦးထွန်းငြိမ်း၏ အိပ်ရာအနီးသို့ ရောက်သွားပြီး လျှင် ထောင်ထားသော ခြင်ထောင်ကို မ,တင်၍ -

"ဘကြီးငြိမ်း . . . ဘကြီးငြိမ်း၊ မသက်သာဘူးဆိုရင်လည်း ဆရာဝန်ဆီ သွားရအောင်၊ ဆိုက်ကားခေါ်မယ်လေ . . ."ဟု ကိုယ်ကို လှုပ်၍မေးရာ ဘကြီးငြိမ်းက -

"သြော် . . . မင်းဒင်ကိုး . . .၊ နေမကောင်းဖြစ်တော့ ကိုယ်တွေ လက်တွေကိုက်တာပေါ့ကွာ၊ အိပ်ပျော်သွားတဲ့အခါ ညည်းသံတွေ ထွက်နေတာပေါ့ . .၊ ဆရာဝန်ပြဖို့အထိ မလိုပါဘူး၊ မော်လီကြူးဆိုတဲ့ တရုတ်မဆိုင်က ရေတစ်ခွက်ပေးလိုက်ရင် သက်သာသွားမှာပါ . . ."ဟု ညည်းသံကြီးဖြင့် ပြောပြီးလျှင် ဖျာအောက်သို့ လက် ညှိုးထိုးပြသဖြင့် ဖျာကိုလှန်ကြည့်ရာ ပိုက်ဆံ သုံးလေးရွက်နှင့် အကြွေအနည်းငယ်ကိုတွေ့သော ကြောင့် မင်းဒင်လည်း ပိုက်ဆံကို ယူကာ ခြေရင်းတွင် ထောင်ထားသော ဘိလပ်ရည်ပုလင်းလွတ်ကလေးကိုယူ၍ ရပ်ကွက်ထဲရှိ တရုတ်မဆိုင်သို့ ပြေးရလေ၏။

မော်လီကြူးဆိုင်မှ ဘိလပ်ရည်ပုလင်းတစ်လုံးကို ဝယ်ယူခဲ့ပြီးလျှင် မင်းဒင်လည်း ပြန်လာခဲ့လေ၏။ ဘကြီးငြိမ်းထံသို့ရောက်လျှင် ဖန်ခွက်နှင့်

ပုလင်းကိုချကာ သောက်ရေအိုးမှ ရေတစ်ခွက် ခပ်ပေးပြီး -

"ဘကြီးငြိမ်း. . . ရယ်ဒီ. . . "ဟု မင်းဒင်က ပြောလိုက်လေ၏။ ထိုအခါ ဘကြီးငြိမ်းလည်း ခြုံထားသော ဂွမ်းစောင်အဟောင်းကြီးကို ခွာ၍ အိပ်ရာ နေရာမှထွက်ကာ ပုလင်းနှင့်ဖန်ခွက် ထောင်ထားသော နေရာအနီးသို့ ကပ်၍ထောင်လေ၏။

"မင်းဒင်ရေ. . . မင်းက ရယ်ဒီဆိုတော့ ဘကြီးငြိမ်းကလည်း တည်ပြီပေါ့ကွာ. . . "ဟုဆိုကာ ဖန်ခွက်အတွင်းသို့ မော်လီကြူးဆိုင်မှ အရည်များကို ငှဲ့၍ထည့်လေ၏။ အရည်များ ဖန်ခွက်အတွင်းသို့ ကျသော အသံသည် 'ပလုံ. . . ပလုံ. . . ' မြည်နေ၏။

ထို့နောက် ဘကြီးငြိမ်းသည် ရေကို တစ်ငုံမျှသောက်လိုက်၏။ ပြီးလျှင် အရည်ထည့်ထားသော ဖန်ခွက်ကို မျက်နှာအနည်းငယ်မဲ့၍ မော့ချလိုက်လေ၏။ ပြီးလျှင် ဖန်ခွက်ကို ကြမ်းပြင်ပေါ်သို့ ပြန်ချရင်း

"သူရာဆိုတဲ့ ကမ္ဘာဦးရသေ့ကြီးရဲ့ ရှာဖွေတွေ့ရှိမှု ဆေးဝါးလေး ပါကွာ. . . "ဟု ပြောကာ နောက်တစ်ခွက် ထပ်၍သောက်ပြန်၏။ ဘိလပ်ရည်ပုလင်းတစ်ပုလင်းကုန်သွားသောအခါ၌ ထိုပုလင်းကို တိုင်ဘေးတွင် မှီ၍ထားပြန်၏။

"နေကောင်းသွားပြီ မင်းဒင်ရဲ့. . . ၊ ဆရာဝန်ကြီးဆီ သွားစရာ မလိုဘူး၊ ဒေါက်တာမော်လီကြူးရဲ့ ဆေးနဲ့ပဲ ရောဂါက ပျောက်သွားပြီ၊ မင်းအမေက ဆန်ပြုတ်တိုက်မလို့ ငါ့ကို မနက်က လာပေးပါတယ်၊ ငါက သူ့အသံကို ကြားတယ်၊ မသောက်တော့ဘူးလို့ ပြန်ပြီးပြောတဲ့ ငါ့အသံကို သူက မကြားဘူး၊ အခု မင်းလာတော့ နေရာကျသွားပြီ၊ အခုမှ ၅ နာရီ ထိုး သေးတယ်၊ ဆန်ပြုတ်မသောက်တော့ဘူး၊ လမ်းထိပ် ကာကာဆိုင်





မှာ မူလကီးတစ်ပွဲနဲ့ ထမင်းစားမယ်လေကွာ. . . ၊ ငရုတ်သီးစိမ်းကို ပါးစပ်နဲ့ကိုက်ပြီး ဆားခွက်ထဲက ဆားနဲ့ တို့ပြီးစားမယ်ကွာ၊ ချွေးတွေက ထွက်ပြီး ပွင့်ကုန်မှာပေါ့ ငါ့လူရ. . . ၊ မင်းလည်း ငါနဲ့စားကွာ၊ မင်းကိုပါကျွေးမယ်"ဟု ပြောလိုက်ရာ မင်းဒင်က -

"ဟင့်အင်း. . . ဘကြီးငြိမ်း၊ ကျွန်တော်မစားဘူး၊ အမေက ကျွန်တော် နဲ့ ထမင်းစားဖို့ ဟင်းကောင်းကောင်းချက်ထားတယ်၊ အဲဒါကို မစားရင် နောက်တစ်ခါ ကျွန်တော်စားဖို့ သူ ဘယ်တော့မှချက်မှာ မဟုတ်တော့ ဘူး. . . "ဟု ပြောလိုက်ရာ ဘကြီးငြိမ်းက ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် -

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ မင်းအမေလို လူစားကလည်း အရှားသားကွာ. . . ၊ သူ့ စိတ်ဆိုးအောင်တော့ မလုပ်နဲ့ပေါ့. . . " ဟု သဘောကျစွာပြန်၍ပြောလေ၏။

"စောစောက ဘကြီးငြိမ်း ကာကာဆိုင်မှာ စားမယ်ဆိုတာ ဘာဟင်းလဲ. . . "ဟု မင်းဒင်က မေးလိုက်ရာ -

"မူလကီးလေကွာ. . . "ဟု ဘကြီးငြိမ်းက ပြန်၍ဖြေလေ၏။

"အဲဒီ မူလကီးဆိုတာ ဘာဟင်းကို ပြောတာလဲ. . . "ဟု မင်းဒင်က မေးပြန်လေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

"ကုလားလို ကြက်ကိုပြောတာ ဟော့ကောင်ရ . . . ကြက်. . . ကြက်. . . ကြက်. . . "ဟု ပြောလေ၏။

"မသိပါဘူး ဘကြီးငြိမ်းရယ်၊ ကျွန်တော်က အင်္ဂလိပ်လို နောက်တစ်မျိုး ခေါ်တယ်အောက်မေ့လို့ပါ၊ ကြက်သားဟင်းကို ချစ်ကင်းကာရီ လို့ ခေါ်တယ်မို့လား. . . "ဟု မင်းဒင်က ပြောလိုက်ရာ ဦးထွန်းငြိမ်းက-

"အင်္ဂလိပ်တွေက တစ်ခါတလေ ထမင်းနဲ့စားတယ်ကွ၊ တစ်ခါတလေ ပေါင်မုန့်နဲ့စားတယ်ကွ၊ ထမင်းနဲ့စားဖို့ ချက်တဲ့ကြက်သားက အကောင်ကြီးကြီးကို ချက်လေ့ရှိတယ်၊ အဲဒါကိုတော့ ဖောင်းကာရီလို့ခေါ်တယ်၊ ပေါင်မုန့်နဲ့စားဖို့ချက်တဲ့ ကြက်သားဟင်းကတော့ ခြောက်ဆယ်သားလောက် မကြီးတဲ့ ကြက်ကို ချက်တာကွ၊ ကြက်ကလေးဟင်းပေါ့ကွာ. . .၊ အဲဒါကိုတော့ ချစ်ကင်းကာရီလို့ ခေါ်တယ်ကွ. . ."ဟု ပြောလျှင် မင်းဒင်လည်း စာလုံးပေါင်းကိုပါ မေး၍ အလွတ်ကျက်လေတော့၏။ ထိုအခါ ဦးထွန်းငြိမ်းက

"အကောင်းဆုံးပေါ့ကွာ. . .၊ ချက်ချင်း ကျက်ပစ်တာ အကောင်းဆုံးပေါ့၊ အဲဒီလိုမလုပ်ရင် မကျက်ဖြစ်တော့ဘူးကွ၊ နောက်ပြီးတော့ အကြောင်းဆုံတုန်း မင်းမှတ်ဖို့ အင်္ဂလိပ်စာလုံးလေး သုံးလေးလုံးလောက် ထပ်ပြီးပြောပြလိုက်ဦးမယ်. . ." ဟု ပြောလိုက်လျှင် -

"ပြောပါ ဘကြီးငြိမ်း. . .၊ ကျွန်တော် လိုက်ပြီး ရေးမှတ်ထားပါ့မယ်. . ."ဟုဆိုကာ မင်းဒင်သည် အိတ်အတွင်းမှ အဆင်သင့်ထည့်ထားသော မှတ်စုစာအုပ်ကလေးနှင့် ခဲတံကိုထုတ်ကာ မှတ်ရန်ဟန်ပြင်လေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

"ကြက်သားဟင်းအကြောင်းတော့ မင်းသိသွားပြီ၊ ဟင်းရဲ့ အနှစ်ကို ဘယ်လိုခေါ်သလဲသိလား"ဟုမေးရာ မင်းဒင်က -

"မသိပါဘူး ဘကြီးငြိမ်း. . ."ဟုပြန်၍ဖြေလျှင် ဦးထွန်းငြိမ်းက-

"**GRAVY** . . . ဂရေဗီ. . .၊ အဲဒါ ဟင်း အနှစ်ကို အင်္ဂလိပ်လိုခေါ်တာကွ. . ."ဟု ပြောလေ၏။ မင်းဒင်လည်း ဝမ်းသာအားရ ရေးမှတ်လေ၏။





"ဒီလိုပဲကွ. . .၊ ကိုယ်တတ်ချင်တဲ့ဉစ္စာကို တစ်လုံးစ နှစ်လုံးစ ရသမျှကနေ မှတ်ရသားရမှာပဲကွာ. . .၊ ကိုယ့်မှာက အချိန်ယူပြီး သင်နိုင်တဲ့ အခြေအနေမှ မရှိဘဲ. . ."ဟု ဦးထွန်းငြိမ်းက ပြောဆိုလေ၏။

မင်းဒင်သည် အခြားသော ကျောင်းသူ ကျောင်းသားများကဲ့သို့ ကူညီပံ့ပိုးသင်ပြပေးမည့်သူ မရှိရကား လွန်စွာမှ အားငယ်ခဲ့ရလေ၏။ သို့ရာတွင် စာအုပ်အဟောင်းရောင်းသော ဦးထွန်းငြိမ်းဆိုသည့် လူကြီးက သနားသဖြင့် ၎င်းအား သင်ပြပေးလေ၏။ ထို့ကြောင့် မင်းဒင်လည်း ထိုအဘိုးကြီး၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေး၏။ အကျီလုံချည်မှအစ လျှော်ဖွပ်ပေး၏။ ညောင်းလျှင်ညာလျှင် နှိပ်နယ်ပေးလေ၏။ အဘိုးကြီး သောက်ရန် ရေနွေးတည်ပေး၏။ ထို့ကြောင့် ထိုအဘိုးကြီးနှင့် မင်းဒင် သည် ဆွေမျိုးရင်းချာကဲ့သို့ ရင်းနှီးလေတော့၏။

ဦးထွန်းငြိမ်းလည်း မင်းဒင်၏ ကြိုးစားပုံကို ကြည့်ကာ လွန်စွာမှ အားရလေ၏။ မင်းဒင်သည် အဘိုးကြီး၏ စာအုပ်အဟောင်း အစည်းများကို ရှင်းလင်းပေး၏။ စုတ်ပြဲနေသော စာအုပ်များကို ဖာထေးပေး၏။ ကူညီညာ လုပ်ရမည့် အလုပ်များကို လုပ်ကိုင်ပေး၏။

"ကဲ. . . မောင်မင်းဒင်. . . မင်းဝယ်ပေးတဲ့ ဆေးဝါးလေးကြောင့် ဘကြီးတော့ နေကောင်းသွားပြီကွ၊ မင်းအမေက မျှော်နေလိမ့်မယ်. . .၊ ပြန်ပေဦးတော့. . .၊ မပြန်ခင် မင်းကိုတော့ မေးခွန်းလေးတစ်ခု မေးလိုက်မယ်ကွာ. . ."ဟုဦးထွန်းငြိမ်းက စကားအစ ပျိုးလေ၏။ ထိုအခါ မင်းဒင်က-

"မေးပါခင်ဗျာ. . .၊ ကျွန်တော် ကြိုးစားပြီး ဖြေပါ့မယ်. . ."

"အောင်မြင်ခြင်းနဲ့ ပျော်ရွှင်ခြင်းကို မင်း ဘယ်လိုနားလည်သလဲ၊

အလွယ်ဆုံး လူတစ်ယောက် နားလည်သွားအောင် ပြောတဲ့စကားမျိုးနဲ့ မင်း ငါ့ကိုပြောပြစမ်း. . . ”ဟု မေးလိုက် မင်းဒင်လည်းဖြေရန်ကြိုးစား၏။ သို့ရာတွင် အဖြေမပေးနိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် မင်းဒင်က-

“အမှန်အတိုင်းပြောရရင် ကျွန်တော် မဖြေနိုင်ပါဘူး ဘကြီးငြိမ်းရယ်. . . ”ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးထွန်းငြိမ်းက-

**‘‘ကိုယ်လိုချင်တာကို ရအောင်လုပ်နိုင်တဲ့ အဖြစ်ဟာ အောင်မြင်ခြင်းပေါ့ကွာ. . .၊ဥပမာ ဘွဲ့လိုချင်တဲ့လူဟာ ဘွဲ့ရအောင်လုပ်နိုင်တယ်ဆိုရင် အောင်မြင်တာပဲပေါ့ . . .၊ နာမည်ဂုဏ်သတင်းကြီးခြင်းကို လိုချင်တဲ့လူဟာ နာမည်ဂုဏ်သတင်းကြီး အောင်လုပ်နိုင်တယ်ဆိုရင် အောင်မြင်တာပေါ့ . . .၊ အဲဒီတော့ အလွယ်မှတ်ထားဖို့ကတော့ အောင်မြင်တယ်ဆိုတာ ကိုယ်လိုချင်တာကို ရအောင်လုပ်နိုင်တာကိုပြောတာ . . .၊ ပျော်ရွှင်တာကျ တော့ ဒီလိုမဟုတ်ဘူးကွ၊ ကိုယ်ရနေတာဟာ ကိုယ်လိုချင်တာနဲ့ တစ်ထပ်တည်းဖြစ်နေတာကို ပျော်ရွှင်တာလို့ခေါ်တာကွ . . .၊ တစ်စုံတစ်ယောက်က အချိုစားချင်တယ်ကွာ . . .၊ သူ စားနေရတာဟာ အချိုဆိုရင် ပျော်ပြီပေါ့ကွာ . . .၊ အလွယ်မှတ်ထားဖို့ကတော့ ပျော်ရွှင်ခြင်းဆိုတာ ရနေတာနဲ့ လိုချင်တာနဲ့ တစ်ထပ်တည်းဖြစ်နေတာကို ပြောတာကွ၊ အဲဒီတော့ ရနေတာနဲ့လိုချင်တာ တစ်ထပ်တည်း ဖြစ်နေတယ်ဆိုတဲ့ စကားရပ်မှာ ကျေနပ်ခြင်းဆိုတဲ့ စကားရပ်ဟာ ပါပြီးသားပေါ့ကွာ . . .** ”ဟု ပြောလိုက်လေ၏။

မင်းဒင်လည်း ဦးထွန်းငြိမ်းပြောနေသည့် စကားများကို ပြည့်ပြည့်စုံစုံ နားမလည်သော်လည်း ရေးမှတ်ထားလိုက်ပြီးလျှင်





နားလည်ရန် ကြိုးစားရှာလေတော့သတည်း . . .။ ။

# ၈



အခန်း ၊ ၄ ၊

# မေ့မရသော သီတင်းကျွတ်ပွဲတော်

မင်းဒင်သည် ကျောင်းသွားရန် ပြင်ဆင်နေ၏။ ထမင်းကြမ်း နှင့် ပဲပြုတ်ကို ဆီအနည်းငယ်ဆမ်း၍ ယမန်နေ့က ကျန်သော ငါးပိရည် နှင့် ကြက်သွန်နီတစ်ဥကို တဂွမ်းဂွမ်းကိုက်ကာ တို့၍စားနေ၏။ ထမင်း စားပြီးသောအခါ၌ -

"အမေ. . . ကျွန်တော် ကျောင်းသွားမယ်၊ ဘာခိုင်းဦးမလဲ. . ."
ဟု မေးလိုက်လေ၏။ ထိုအခါ ၎င်း၏ မိခင်က -

"မရှိပါဘူး သားရယ်. . .၊ မင်းဘကြီးငြိမ်းရဲ့ အကျီနဲ့ ပုဆိုးလေး

လျှော်ပြီး ၇ဟောဟိုမှာ မီးပူထိုးထားတယ်၊ သူ ဒီနေ့ ဈေးရောင်း ထွက်လိမ့်မယ်၊ အကျီလေး၊ ပုဆိုးလေးလဲဖို့ သွားပြီးပေးလိုက်ပါ. . . ”ဟု ပြောလေ၏။

မင်းဒင်လည်း ဦးထွန်းငြိမ်း၏ အကျီနှင့်ပုဆိုးကို ယူကာ ဦးထွန်းငြိမ်းရှိရာသို့ ထွက်လာခဲ့လေ၏။ ဦးထွန်းငြိမ်းသည် ကတ်ထူ ပုံးကြီးထဲတွင် စာအုပ်များ စီ၍ထည့်နေ၏။

“ဘကြီးငြိမ်း. . . ဟောဒီမှာ အကျီနဲ့ပုဆိုး၊ လျှော်ပြီး မီးပူတိုက် ပြီးပြီ၊ ဈေးရောင်းသွားရင် ဝတ်သွားပေါ့ . . . ”ဟု မင်းဒင်က ပြောလိုက် လျှင် ဦးထွန်းငြိမ်းက -

“မင်းတို့သားအမိကတော့ အတော့်ကို သိတတ်တာပဲကွာ. . .၊ အဲဒါတွေ ထားဦးဟေ့. . .၊ သတိရတုန်း ပြောရဦးမယ်၊ မနက်က ငါ ကန်စွန်းရွက်ကြော်နဲ့ ထမင်းစားတယ်ကွ၊ အဲဒီတော့ . . . မင်းကို မေးရ ဦးမယ်၊ ကန်စွန်းရွက်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ ငါ့ကို ပြောပြ စမ်း. . . ”ဟုမေးလေ၏။

“သိပါတယ် ဘကြီးငြိမ်းရဲ့. . .၊ ဝါးတားခရက်(ရှ်)လို့ခေါ် တယ်. . . ”ဟု ပြောလိုက်လျှင်

“မှန်ပါတယ် မောင်မင်းဒင်. . .၊ စာလိုပေလိုတော့ မင်းပြောတဲ့ ဟာက မှန်တာပေါ့. . .၊ ဒါပေမဲ့ မီးဖိုချောင်သုံးစကားတော့ မဟုတ်ဘူး ကွ၊ မီးဖိုချောင်သုံး စကားအနေနဲ့ သုံးရင်တော့ ကန်စွန်းရွက်ကို ရပ်ဗစ်ဂရင်းလို့ သုံးရတယ်ကွ၊ ရပ်ဗစ်ဆိုတာက ယုန်ကွာ၊ ဂရင်းဆိုတာက အစိမ်းကွာ. . .၊ အဲဒီတော့ ယုန်စားတဲ့ အစိမ်းရွက်ပေါ့ကွာ. . .၊ အဲဒါ လေးမှတ်ထားကွ၊ မှတ်ထားဆိုတာက အလွယ်ပြောတာ. . .၊ ကျက်ထား





လိုက်ပေါ့ကွာ. . .၊ မိုးရေတစ်စက်တစ်စက် စုရင်းနဲ့ စဥ့်အိုးကြီး ပြည့် ရတာမဟုတ်လား. . .၊ ဒီလိုပဲပေါ့ကွာ. . . မင်းလည်း တစ်လုံးတစ်လုံး မှတ်ရင်းနဲ့ ပညာ အိုးကြီး ပြည့်ရမှာပေါ့ကွာ. . . ”ဟု ဦးထွန်းငြိမ်းက ပြောလိုက်လျှင် မင်းဒင်က -

“ဟုတ်ကဲ့ ဘကြီးငြိမ်း. . . ”ဟု ပြန်၍ပြောလေ၏။ ထိုအခါ ဦးထွန်းငြိမ်းသည် ကတ်ထူပုံးကို ကြိုးဖြင့်စည်းရင်း -

“နောက်ထပ် ရေတစ်စက် ထည့်လိုက်ဦးမယ်ကွာ. . .၊ ကန်စွန်းဥ ကို အင်္ဂလိပ်လို ဘယ်လိုခေါ်လဲကွာ. . . ”ဟု မေးလိုက်လျှင် မင်းဒင် သည် ခေါင်းကို တွင်တွင်ယမ်း၍ -

“မသိပါဘူး ဘကြီးငြိမ်း. . . ”ဟု သွက်လက်စွာ ပြန်၍ ဖြေလေ၏။ ထိုအခါ ဦးထွန်းငြိမ်းက

“ပိုတေးတိုးဆိုတာ အာလူးကို ခေါ်တယ်ဆိုတာတော့ မင်းသိ တယ်မို့လား. . .၊ အေး. . . ကန်စွန်းဥကို ဆွိပိုတေးတိုးလို့ခေါ်တယ်၊ မီးဖို ချောင်သုံး အင်္ဂလိပ်စာလို့ မှတ်ထားပေါ့ကွာ. . .၊ အဲဒီတော့ မင်းရဲ့ စဥ့်အိုး ထဲမှာ ရေနှစ်စက် ရောက်သွားပြီ၊ နောက်တစ်စက်ထပ်ဖြီး ထည့်လိုက် ဦးမယ်၊ စိမ်းစားဥကို ဘယ်လိုခေါ်သလဲကွာ. . . ”ဟု မေးပြန်ရာ မင်းဒင် သည် ခေါင်းကို ယမ်းပြန်၏။ ထိုအခါ ဦးထွန်းငြိမ်းက -

“အိုက်စ်ဆိုတာ . . . ရေခဲကို ခေါ်တာ မဟုတ်လား၊ အဲဒီတော့ စိမ်းစားဥကို အိုက်စ်ပိုတေးတိုးလို့ခေါ်တယ်ကွ၊ အလွယ်ခေါ်တဲ့နည်း ပေါ့ကွာ. . .၊ သိပ္ပံအခေါ်တွေဘာတွေ ရှိချင်ရှိဦးမှာပေါ့. . .၊ မီးဖိုချောင်သုံး အင်္ဂလိပ်စာလောက် သိရင်ကိုပဲ မဆိုးဘူးကွ. . . ”ဟုပြောလေ၏။ ထိုအခါ မင်းဒင်က-

"ကောင်းပါပြီ ဘကြီးငြိမ်း ...၊ ကျွန်တော် အလွတ်ကျက်ပစ်လိုက်ပါ့မယ်..." ဟု ဝမ်းသာအားရ ပြန်၍ဖြေလိုက်လေ၏။

မင်းဒင်သည် ဦးထွန်းငြိမ်း သင်ပေးလိုက်သော စာလုံးသုံးလုံး ကို ပါးစပ်မှရွတ်ဆို၍ ကျောင်းသို့ ထွက်လာခဲ့လေ၏။

ကျောင်းသို့ရောက်သောအခါ၌ ထိုစာလုံး သုံးလုံးသည် သူ၏ ဦးနှောက်တွင် ကျောက်ထက်အက္ခရာတင်သကဲ့သို့ နစ်ဝင် စွဲထင်သွားပြီဖြစ်၏။

ကျောင်းတက်သောအခါ၌ ပထမ ၄၅ မိနစ်မှာ မြန်မာစာအချိန်ဖြစ်နေ၏။ မြန်မာစာပြသော ဆရာမှာ ဦးလှမြင့်ဟူ၍ ဖြစ်၏။ ဦးလှမြင့်သည် အတန်းတွင်းသို့ ဝင်လာသည့်အခါ၌ ဖြတ်ပိုင်းစာအုပ်များကို ပွေ့ပိုက်၍ ဝင်လာလေ၏။

ကျောင်းသားများသည် နေရာမှထ၍

"မင်္ဂလာပါ ဆရာ..."ဟု နှုတ်ဆက်ကြလေ၏။ ထိုအခါ ဦးလှမြင့်ကလည်း -

"ထိုင်ကြ...ထိုင်ကြ...၊ ဆရာကလည်း မင်္ဂလာရှိတဲ့စကားပြောမလို့ပါပဲ..." ဟု အစချီ လိုက်လေ၏။ ထို့နောက် ဆရာဦးလှမြင့်သည် သူ၏ရွှေကိုင်းမျက်မှန်ကို ဟန်ပါပါ အပေါ်သို့ တင်လိုက်ပြီးနောက်-

"ငါတို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ကြင်ဟာ တခြားဆရာမကြီးတွေနဲ့ မတူဘူးကွ၊ သိပ် ပြီး မြန်မာဆန်တာ...၊ အဲဒါကြောင့် အခုလာမယ့် သီတင်းကျွတ်လပြည့်နေ့မှာ ဒီကျောင်းမှာ မီးထွန်းပွဲ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပမယ်လို့ တို့ဆရာ ဆရာမတွေကို ခေါ်ပြီးပြောတယ်၊ ပြီးတော့ လပြည့်နေ့မှာပဲ အာစရိယပူဇော်ပွဲလည်း





ခမ်းခမ်းနားနား လုပ်ချင်တယ်တဲ့...၊ အဲဒါ ငါတို့က ဖြစ်အောင်လုပ်ပေးရမှာပဲ...၊ ဒါကြောင့် ဟောဒီမှာ အလှူခံဖြတ်ပိုင်းတွေ ယူလာတယ်၊ လူတိုင်းထည့်ရမယ်၊ အနည်းဆုံး ငါးကျပ်...၊ ငါးကျပ်ထက်ပိုပြီး ထည့်လို့ရတယ်၊ ငါးကျပ်ထက်လျော့ပြီး ထည့်လို့မရဘူး...၊ နားလည်ကြရဲ့လား..."ဟု မေးလိုက်ရာ အတန်းတွင်းရှိ ကျောင်းသူကျောင်းသားများက ညီညာဖျဖျဖြင့် -

"နားလည်ပါတယ် ဆရာ..."ဟု ဖြေလိုက်ကြလေ၏။

မင်းဒင်သည် ရင်ပူလျက်ရှိလေ၏။ အမှန်စင်စစ် ထိုအလှူငွေ ကို ၎င်းအနေနှင့် မထည့်နိုင်ပါ။ မိခင်ကြီးထံ၌လည်း မတောင်းရက်ပါ။ သားအမိ နှစ်ယောက် ထမင်းအနိုင်နိုင်စားနေရသည့်ဘဝတွင် အလှူငွေ ငါးကျပ်ထည့်ရန်မှာလွန်စွာမလွယ်သော ကိစ္စဖြစ်၏။ ထို့ကြောင့် နဖူးပြင်တွင် ချွေးများ စို့လာ၏။ စိတ်တွင် အအိုက်ကြီး အိုက်လာ၏။

သို့ရာတွင် မတတ်သာသည့်အဆုံး၌ မထချင် ထချင်နှင့် ထရလေတော့၏။ ကျောင်းသား ကျောင်းသူများသည် မင်းဒင်အား ဝိုင်း၍ကြည့်နေ၏။ ဆရာဦးလှမြင့်ကိုယ်တိုင်ကမူ မျက်နှာကို ရှုံ့မဲ့လျက် မင်းဒင်ကို စူးစိုက်စွာကြည့်နေလေ၏။ ထို့နောက် ဆရာဦးလှမြင့်က -

"ဟေ့ကောင် မင်းဒင်...၊ ဘာပြောချင်လို့လဲ...၊ ပြောလေ..." ဟု ပြောလိုက်လေ၏။ ထိုအခါ မင်းဒင်က -

"ကျွန်တော်တို့ကျောင်း မီးထွန်းပွဲလုပ်ဖို့ အလှူငွေငါးကျပ် မဟုတ်ပါဘူး ဆရာရယ်...၊ ဒီထက်မကလည်း ကျွန်တော် ထည့်ချင်ပါတယ်၊ ကိုယ့် ဆရာ ဆရာမတွေကို ကန်တော့မယ့်ကိစ္စမှာလည်း ထည့်ချင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့သားအမိတွေရဲ့ ဘဝဟာ အတော့်ကို

ဆင်းရဲကြပ်တည်းနေပါတယ် ဆရာရယ်. . .၊ အမှန်အတိုင်းပြောရင် ကျွန်တော် ထမင်းကို ဟင်းနဲ့မစားရတာ သုံးလလောက်ရှိပါပြီ၊ အကြော် လေးတစ်ခုကို သားအမိနှစ်ယောက် တစ်ယောက်တစ်ခြမ်းစီ စားရတဲ့ အလှည့်လည်းရှိပါတယ်၊ လက်ဖက်သုပ် တစ်မတ်ဖိုးဟာ ကျွန်တော်တို့ သားအမိ နှစ်ယောက် မနက်ရယ် ညရယ်စားဖို့ ဟင်းပါပဲ ဆရာရယ်. . .၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ အလှူငွေငါးကျပ်ကို မထည့်နိုင်ပါဘူး . . .၊ ဒါပေမဲ့ ဆရာရယ် ကျောင်းမှာ လုပ်စရာရှိတဲ့အလုပ်တွေကို လူမငှားပါနဲ့၊ ကျွန်တော့်ကို ခိုင်းပါ၊ အလှူနေ့မှာ ရေထမ်းဖို့လိုရင် ရေထမ်းသမား မငှားပါနဲ့ . . .၊ ကျွန်တော် ထမ်းပေးပါမယ်၊ အလှူပြီးတဲ့နေ့မှာ ကျွေးလို့ မွေးလို့ ပေကျံနေတဲ့ စားပွဲခင်းတွေကို အဝတ်လျှော်သမားကို မအပ် ပါနဲ့. . .၊ ကျွန်တော်တစ်ယောက်တည်း လျှော်ပေးပါ့မယ်. . .၊ အဲဒါဟာ ကျွန်တော့်ရဲ့ အလှူပဲလို့ သတ်မှတ်ပေးပါ ဆရာရယ်. . .၊ လူငှားနဲ့ လျှော်ရင်လည်း ငါးကျပ်မက ပေးရမှာပါ. . .”ဟုပြောလျှင် ကြားရသော ကျောင်းသူကလေးများသည် မင်းဒင်အား သနားကရုဏာ သက်သဖြင့် ၎င်း၏မျက်နှာအား မကြည့်ကြဘဲ ခေါင်းများကို ငုံ့ထားကြလေ၏။

နောက်ပြောင်တတ်သော ကျောင်းသားများပင် မနောက်ပြောင် ကြတော့ဘဲ ရင်ထဲတွင် ဆို့ဆို့နင့်နင့်ကြီး ခံစားကြရလေတော့၏။ သို့ရာ တွင် စိန်လှိုင်ကမူ -

“ဟေ့ကောင် မင်းဒင်. . . အလှူငွေ မထည့်နိုင်လို့ စားပွဲခင်း တွေ လျှော်ပေးမယ်လို့ မပြောနဲ့လေကွာ. . .၊ မင်းအနေနဲ့ ငါ့ဘောင်းဘီ ဟောင်းတွေ လျှော်ပေးဖို့ ရှိသေးတယ်လေကွာ. . .၊ ငါ့ဘောင်းဘီတွေ အချိန်မီမပြီးဘဲ နေလိမ့်မယ်ကွ . . .”ဟုပြောလိုက်ရာ စိန်လှိုင်၏ ပြက်လုံး





ကို မည်သူတစ်စုံတစ်ယောက်ကမျှ ရယ်ဖော်မရသည့်အပြင် အားလုံး ငြိမ်၍ သွားလေ၏။

သို့ရာတွင် ဆရာဦးလှမြင့်ကမူ -

“ဟေ့ကောင် မင်းဒင်. . . ဟိုမှာ စိန်လှိုင်က ပြောနေတယ် လေကွာ. . .၊ သူ့ဘောင်းဘီတွေ လျှော်ရဦးမှာတဲ့. . .၊ အဲဒါကြောင့် စားပွဲခင်းတွေ လျှော်ဖို့ဆိုတာ မဖြစ်နိုင်ဘူးတဲ့. . .၊ အဲဒါ ပြန်ပြီးဖြေရှင်း လိုက်ဦးလေကွာ. . .”ဟု ပြောလိုက်ရာ မင်းဒင်က

“ဒီလိုပါ ဆရာ. . .၊ ကျောင်းက စားပွဲခင်း တွေကိုတော့ ကျွန်တော်က နေ့ခင်းမှာလျှော်မှာပါ၊ စိန်လှိုင်တို့အိမ်က စိန်လှိုင့်ဘောင်းဘီ အပါအဝင် အဝတ်ဟောင်းတွေကိုတော့ ညဘက်မှာ လျှော်မှာပါ. . .၊ ကျွန်တော် လျှော်နိုင်ပါတယ် ဆရာ. . .”ဟုပြော၍ တံတွေးကို ‘ဂလွတ်’ ခနဲ မျိုချလိုက်လေ၏။

ထိုသို့ မျိုချလိုက်သော တံတွေးနှင့်အတူ မင်းဒင်၏စိတ်၌-

‘စိန်လှိုင်ရေ . . . အလှည့်ကျရင် မခွဲ့ကြနဲ့ ဟေ့ . . .’ဟူသော ကြိမ်းဝါးသံသည်လည်း ရော၍မျိုချလိုက်ပြီးသား ဖြစ်ပေတော့ သတည်း . . .။ ။



အခန်း ၊ ၅ ၊

# မုန့်ဟင်းခါးကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ

မင်းဒင်တို့၏ ကျောင်းတွင် သီတင်းကျွတ် မီးထွန်းပွဲနှင့် အာစရိယပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ၏။ မီးပုံးရောင်စုံများ၊ စာလုံးဖော်ထားသော ဖယောင်းတိုင်များအပြင် မီးပုံးပျံများ ပါလွှတ်လေ၏။

ကျောင်းသူကျောင်းသားအားလုံးလိုလို ဝတ်ကောင်းစားလှများ ဝတ်၍ ပျော်ရွှင်မြူးတူးကြလေ၏။

မင်းဒင်မှာမူ အပေါ်ပိုင်းတွင် အကျီအပြာကိုဝတ်၍ အောက်ပိုင်း

တွင် ပုဆိုးကို ခါးတောင်းကျိုက်ကာ ကျောင်းတွင် ရေထမ်းနေရလေ၏။ တစ်ကျောင်းလုံးစားသော ပန်းကန်များကို ဆေးရန်အတွက် ရေအထမ်း ၅၀ခန့် ထမ်းရလေ၏။ ပန်းကန်များကိုလည်း ဆေးရလေ၏။

ထိုအချိန်က ရေတစ်ထမ်းသည် တစ်မတ်ပေးရ၏။ ထို့ကြောင့် မင်းဒင်သည် ကျောင်းအတွက် အလှူငွေ ဆယ့်နှစ်ကျပ်ခွဲ ထည့်ဝင်ပြီး ဖြစ်လေ၏။ ထို့ကြောင့် မိမိအနေနှင့် ငွေ ၅ကျပ် အလှူငွေမထည့်နိုင်သော်လည်း လုပ်အားခအဖြစ် အလှူငွေ ဆယ့်နှစ်ကျပ်ခွဲဖိုး ထည့်နိုင်သည့်အတွက် ဝမ်းမြောက်လျက်ရှိလေ၏။

ထိုမျှမကသေး. . .။ မုန့်ဟင်းခါးကျွေးရာတွင် အသုံးပြုသော စားပွဲခင်းနှင့် လက်သုတ်ပုဝါများကို အိမ်သို့ယူကာ လျှော်ဖွပ်၊ မီးပူတိုက်ပေးခဲ့ရလေ၏။ စားပွဲခင်းတစ်ထည်လျှင် လျှော်ဖွပ်၊ မီးပူတိုက်ခ ငါးမူးကျလေ၏။ လက်သုတ်ပုဝါတစ်ထည်လျှင် တစ်မတ်ကျလေ၏။ စားပွဲခင်း ၃၀နှင့် လက်သုတ်ပုဝါ ၅၀လျှော်ဖွပ်မီးပူတိုက်ပေးရသောကြောင့် မင်းဒင်သည် ကျောင်းအလှူပွဲတွင် နှစ်ဆယ့်ခုနစ်ကျပ်ခွဲဖိုး လုပ်အားဖြင့် ထပ်မံ၍ ပါဝင်လှူဒါန်းခွင့် ရလေ၏။

ထို့ကြောင့် ထိုအဖြစ်ကို ဝမ်းမြောက်လျက်ရှိလေ၏။

မီးထွန်းပွဲ ပြီးသောအခါ၌ မင်းဒင်သည် ဦးထွန်းငြိမ်း၏အိမ်သို့ သွားလေ၏။ ဦးထွန်းငြိမ်းက အားရဝမ်းသာပင် -

"မောင်မင်းဒင် . . . မင်းတို့ကျောင်း မီးထွန်းပွဲတော်ကတော့ အထူးစည်ဆိုပဲကွ . . .၊ အကျွေးအမွေးတွေနဲ့ဆိုပဲ . . .၊ ဘာတွေများ ကျွေးသလဲကွာ . . ." ဟု မေးလေ၏။

"မုန့်ဟင်းခါးကျွေးတယ်. . . ဘကြီးငြိမ်းရဲ့. . ."ဟု မင်းဒင်က





ပြန်၍ဖြေလေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

"ကောင်းကွာ . . .၊ ဒါနဲ့နေပါဦးကွ၊ မုန့်ဟင်းခါးကို အင်္ဂလိပ် လို ဘယ်လိုခေါ်မလဲကွာ. . ." ဟု မေးလိုက်ရာ မင်းဒင်က -

"မခေါ်တတ်ပါဘူး ဘကြီးငြိမ်း . . ."ဟု ပြန်၍ဖြေလေ၏။

"ဒီလို မောင်မင်းဒင်ရဲ့ . . .၊ ကြာဇံလို. . မုန့်ဟင်းခါးလို မုန့်ကို ညှစ်ပြီးလုပ်ရတဲ့ဟာကို အင်္ဂလိပ်လို ဗာမီဆယ်လီလို့ ခေါ်တယ်ကွ၊ အဲဒီတော့ . . . မုန့်ဟင်းခါးကို မြန်မာဗာမီဆယ်လီ **[Myanmar - vermicelli]** လို့ ခေါ်တယ်ကွ . . ."ဟု ပြောလိုက်လျှင် မင်းဒင်လည်း မှတ်စုစာအုပ်ကိုထုတ်၍ ကူးရေးကာ နှုတ်တက်ရွရွ ကျက်လေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

"ပုဇွန်ဟင်းကို ပြောတဲ့အခါမှာ နည်းနည်း သတိထားဖို့လိုသေးတယ်နော် . . .၊ မှားတတ်တယ်ကွ . . .၊ ပုဇွန်ဆိတ်ကလေးတွေကို ခေါ်တာက ရှရင့်ပ်**[Shrimp ]**လို့ ခေါ်ရတယ်ကွ၊ ပုဇွန်ကြော့ကို ခေါ်တာကျတော့ ပရွန်း **[ Prawn ]**လို့ ခေါ်ရတယ်ကွ၊ ပုဇွန်ဆိတ်ထက်တော့ ကြီးတာပေါ့ကွာ . . .၊

ပုဇွန်တုပ်ကျတော့ လော့ဗ်စတား **[ Lobster ]**လို့ ခေါ်ရတယ်ကွ. . .၊ ပုဇွန်ငါးပိနဲ့ လုပ်ထားတဲ့ ငံပြာရည်ဟာ များသောအား ဖြင့် ပုဇွန်သေးသေးလေးတွေနဲ့ လုပ်တာကွ၊ အဲဒါကြောင့် ရှရင့်ပ်ဆော့စ် **[ Shrimp Sauce ]**လို့ ခေါ်မှ မှန်မယ်ကွ၊ ပုဇွန်တုပ်နဲ့ ဘယ်သူမှ ပုဇွန်ငါးပိ မလုပ်ဘူးကွ၊

နောက်တစ်ခု မင်းတို့ မပြောတတ်မှာက ကြက်ဥဘဲဥကို ပြောတတ်မယ်၊ ငုံးဥကို ပြောတတ်မှာ မဟုတ်ဘူးကွ . . .၊ ငုံးကို ကွေးလ်

[ **Quail** ] လို့ ခေါ်တယ်ကွ၊ အဲဒီတော့ ငုံးဥကို ကြွေးလ်အေ့ဂ် [**Quail Egg** ] လို့ ခေါ်ရမှာပေါ့. . . ”ဟု ပြောပြန်ရာ မင်းဒင်လည်း မှတ်စုစာအုပ်တွင် ကပျာကယာ ကူးယူ၍ ရေးရပြန်၏။

“ဒီလိုလုပ်ကွာ . . .၊ ငါလည်း စဉ်းစားမိ သလောက် ပြော မယ် . . .၊ မင်းလည်း သိချင်တာ မေးပေါ့ . . . ” ဟု ဦးထွန်းငြိမ်းက အခွင့်ပေးလိုက်ရာ မင်းဒင်က -

“ကြက်ဥပြုတ်တာလည်း ပြောတတ်ပြီ၊ ကြော်တာလည်း ပြောတတ်ပါတယ်၊ ဒါပေမဲ့ ကြက်ဥကို ကြက်သွန်တွေ ဘာတွေနဲ့ ခပ်ပွပွ ကြော်တာကို စားဖူးပေမဲ့ အင်္ဂလိပ်လို မပြောတတ်ဘူး ဘကြီးငြိမ်းရဲ့. . . ” ဟု ပြောလိုက်လျှင် ဦးထွန်းငြိမ်းက -

“အဲဒါကို အွန်းမလက် [ **Omelette** ] လို့ ခေါ်တယ်ကွ . . .၊ ကြက်ဥကိုပဲ ကြော်ကြော် . . .၊ ဘဲဥကိုပဲ ကြော်ကြော် . . .၊ အဲဒီလို ဇွန်းနဲ့ခေါက်ပြီး ခပ်ပွပွကြော်တာကို အွန်းမလက်လို့ ခေါ်တယ်ကွာ၊

နောက်ပြီးတော့ကွာ . . . ငါတို့လူမျိုးဟာ ငါးကို ငါးပိ လုပ်တယ်ကွာ. . .၊ ငါးဆားနယ် လုပ်တယ်ကွာ. . .၊ ငါးခြောက်လုပ်တယ်ကွာ . . .၊ အဲဒီတော့ မင်း မှတ်ထားဖို့က ပီအေအက်စ်တီအီး [ **Paste** ] ပေ့စ်တ် ဆိုတာက ပျော့စိစိဖြစ်နေတဲ့ဟာ မျိုးကို ပြောတာ . . .၊ ဥပမာ သွားတိုက်ဆေးလိုဟာမျိုး၊ သွားတိုက်ဆေးကို တုရှ်ပေ့စ်တ် [ **Tooth Paste** ] လို့ခေါ်တယ်ကွ . . .၊ ငါးပိကိုကျတော့ ဖစ်ရှ်ပေ့စ်တ် [ **Fish Paste** ] လို့ခေါ်တယ်ကွ . . .၊

ငါးဆားနယ်ကျတော့ ဆားနဲ့လုပ်ရတာမို့လားကွ . . .၊ ဆော့လ်တက်ဖစ်ရှ် [ **Salted Fish** ]လို့ ခေါ်တယ်ကွ . . .၊ ငါးခြောက်





ကတော့ကွာ ခြောက်အောင်လုပ်ထားတဲ့အတွက် ဒရိုင်းဖစ်ရှ် [ **Dried Fish** ] လို့ ခေါ်တယ်ကွ. . . ”ဟု ပြောလျှင် မင်းဒင်လည်း မှတ်စုစာအုပ်တွင် ကပျာကယာ ရေးမှတ်ပြန်လေ၏။

ထို့နောက် မင်းဒင်က -

“ငါးတွေရဲ့ နာမည်ကို အကုန်လုံး မဟုတ်ပေမဲ့ တချို့ သိဖို့လိုတဲ့ ငါးတွေကိုတော့ ကျက်ထားဖို့ လိုမယ်ထင်တယ် ဘကြီးငြိမ်းရဲ့ . . . ” ဟု စကား စ,လိုက်လျှင် ဦးထွန်းငြိမ်းက -

“ဘယ်လိုငါးမျိုးလဲကွယ် . . . ” ဟု မေးလေ၏။ ထိုအခါ မင်းဒင်က -

“ငါးသလောက်ဆိုပါတော့. . . ဘကြီးငြိမ်းရယ်. . . ”ဟု မေးလိုက်ရာ -

“ငါးသလောက်ကို ဟီးလ်ဇာ [ **Hilsa** ]လို့ ခေါ်တယ်ကွ . . . ” ဟု ပြန်၍ဖြေလေ၏။

“ငါးမြင်းကိုရော ဘကြီးငြိမ်းရယ် . . . ”ဟု မင်းဒင်က မေးပြန်ရာ-

“ငါးမြင်းကို သိပ္ပံအမည်နဲ့ ဘယ်လိုခေါ်တယ်၊ အင်္ဂလိပ်စကား အစစ်နဲ့ ဘယ်လိုခေါ်တယ် တော့ မပြောနိုင်ဘူး . . .၊ ဒါပေမဲ့ အရပ်သုံး စကားမှာတော့ ဘတ်တာဖစ်ရှ် [ **Butter Fish** ] လို့ ခေါ်ရတယ် ကွ . . . ”ဟု ဦးထွန်းငြိမ်းက ပြန်၍ပြောလေ၏။ ထိုအခါ မင်းဒင်က -

“ငါးခူကိုရော ဘကြီးငြိမ်းရယ်. . . ” ဟု မေးပြန်ရာ ဦးထွန်းငြိမ်းက -

“ငါးခူကို အရပ်သုံးစကားမှာ ကက်တ်ဖစ်ရှ် [ **Cat Fish** ] လို့ ခေါ်တယ်ကွ . . . ”ဟုပြောပြလေ၏။ မင်းဒင်လည်း ရသမျှ ရေးမှတ်

လေ၏။

"ဒီလိုပဲပေါ့ကွာ . . . ရသမျှလေးတွေ စဥ့်အိုးကြီးထဲကို ရေတစ်စက်တစ်စက်ကျသလို စုရမှာပဲကွ၊ နောက်တော့လည်း အိုးကြီးပြည့်သွားမှာပဲ . . .၊ မင်း ငါ့ဆီကိုလာတိုင်း ငါက သုံးလေးငါးလုံး သင်ပေးလိုက်၊ မင်းက ကျက်လိုက်မှတ်လိုက်နဲ့ပဲ တတ်သွားမှာပါကွာ. . ." ဟု ဦးထွန်းငြိမ်းက ပြောလေ၏။

ထို့နောက် မင်းဒင်သည် ဦးထွန်းငြိမ်းအတွက် စာအုပ်ဟောင်း များကို ထုပ်ပိုးစည်းနှောင်ပေးခြင်း၊ အိပ်ရာသိမ်းပေးခြင်းများ ပြုလုပ်ပေး ပြီးနောက် နှုတ်ဆက်ကာ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်လျှင် ၎င်း၏မိခင်က -

"သားရယ် . . . ကြာလှချေလား . . ." ဟု မေးရာ -

"ဘကြီးငြိမ်းက ကျွန်တော် မသိတဲ့ အင်္ဂလိပ် စာတွေ ပြောပြပေးနေတာ . . .၊ အဲဒါကြောင့် ကြာတာပါ . . ."ဟု ပြောလိုက်လျှင် ၎င်း၏ မိခင်က -

"အေး . . . သားရယ် . . .၊ အဲဒီလူကြီးက အင်္ဂလိပ်စာတော့ တတ်တယ်ကွဲ့ . . .၊ စိတ်ကောင်းလည်းရှိတယ်၊ သားအတွက် ဆရာကောင်းတစ်ယောက်ရတာပါပဲ . . ." ဟု အားရဝမ်းသာ ပြောလိုက်လေတော့သတည်း . . .။ ။



အခန်း ၊ ၆ ၊

# အပ်ဖြင့်ထွင်းရမည့် နေရာတွင် ပုဆိန်ဖြင့် ပေါက်ရခြင်း

မီးထွန်းပွဲတော်ကြီး ပြီးသွားသောအခါ၌ မင်းဒင်တို့သည် ကျောင်းပြန်တက်ရလေ၏။ ထိုသို့ ကျောင်းစတက်သော နေ့တွင်ပင် သင်္ချာ(၂)ပြသော ဆရာမကလေး မီးဖွားရန်အတွက် ခွင့်ယူသွားသောကြောင့် ထိုဆရာမအစား မြန်မာစာပြသော ဆရာဦးလှမြင့်က တာဝန်ယူ၍ သင်္ချာအချိန်တွင် အတန်းဝင်ရလေ၏။



ဦးလှမြင့်သည် ပညာဝန်ဦးပန်းရီဆိုသူ ရေးသားသည့် သင်္ချာစာအုပ်ကိုဖွင့်ကာ သင်္ချာတစ်ပုဒ်၏ မေးခွန်းကို သင်ပုန်းပေါ်တွင် ကူး၍ ရေးလေ၏။ ထို့နောက် အတန်းဘက်သို့လှည့်ကာ -

"အဲဒါတွက်ကြ . . ."ဟု ပြောလိုက်လေ၏။ မင်းဒင်တို့လည်း စာအုပ်အသီးသီးဖွင့်ကာ ထိုပုစ္ဆာကိုတွက်ကြလေ၏။ မင်းဒင်နှင့် ကပ် လျက်ခုံတွင်ဘနီဆိုသော ကျောင်းသားထိုင်၏။ ဘနီသည် လုံးဝ မတွက်တတ်သောကြောင့် -

"မင်းဒင် . . . ငါ့လည်း ပြပါဦးကွ၊ ငါ လုံးဝမတွက်တတ်ဘူး၊ မင်းဆီက ကူးရေးရမှာပဲကွ"ဟုဆိုသဖြင့် မင်းဒင်က တွက်ပြီးသော သင်္ချာစာအုပ်ကို ဘနီအားပေးလိုက်လေ၏။ ဘနီလည်း အစမှအဆုံး ကူးရေးလေ၏။

ထို့နောက် ဆရာ၏စားပွဲပေါ်တွင် သူ၏စာအုပ်ကိုသွား၍ တင်လေ၏။ မင်းဒင်လည်း သူ၏ စာအုပ်ကို ဆရာ၏စားပွဲတွင်သွား၍တင်ရလေ၏။

မင်းဒင်၏စာအုပ်နှင့် ဘနီ၏စာအုပ်ကြားတွင် စာအုပ်သုံးလေးအုပ်ရှိလေ၏။ ဆရာသည် စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ယူကာ အမှတ်ခြစ်လေ၏။ အမှတ်ခြစ်ပြီးသော စာအုပ်များကို တစ်ဘက်တွင် ပုံထား၏။

ကျောင်းသူကျောင်းသားများသည် မိမိတို့၏ စာအုပ်များကို သွား၍ယူကြလေ၏။ မင်းဒင်လည်း စာအုပ်ကို သွား၍ယူပြီး ကြည့်လိုက်ရာ ၎င်းတွက်ထားသော သင်္ချာကို ကြက်ခြေခတ်ထား၏။

ထိုအချိန်၌မှာပင် ဘနီလည်း စာအုပ်ယူ၍ ထိုင်ခုံသို့ ပြန်ရောက်

လာလေ၏။ မင်းဒင်လည်း ဘနီ၏စာအုပ်ကို ကြည့်လိုက်ရာ ဘနီ၏ စာအုပ်ကို အမှန် ခြစ်ထားသည်ကို တွေ့ရလေ၏။ ထိုအခါ မင်းဒင်က

"ဟေ့ကောင် ဘနီ ...၊ ဘယ်လိုဖြစ်တာလဲကွာ ...၊ မင်းက ငါ့ဆီက ကူးရေးတယ်၊ မင်းဟာက အမှန်ဖြစ်နေတယ်၊ ငါ့ဟာက အမှား ဖြစ်နေတယ်၊ ပြီးတော့ မင်းနဲ့ငါနဲ့ နှစ်ယောက်စလုံး အတူတူပဲလေ ကွာ...၊ မှားရင်လည်း နှစ်ယောက်လုံး မှားရမယ်၊ မှန်ရင်လည်း နှစ် ယောက်လုံး မှန်ရမယ်မဟုတ်လား"ဟု ပြောလိုက်လျှင် ဘနီက -

"အဲဒါတော့ ငါလည်းမသိဘူးကွာ ...၊ မင်း သွားပြီးမေးပါ လားကွာ ..." ဟု ပြောလိုက်လေ၏။

အမှန်စင်စစ် ထိုအဖြစ်အပျက်မှာ ဆရာ ဦးလှမြင့်အနေနှင့် ပေါ့ပေါ့တန်တန် လုပ်လိုက်ခြင်းသာဖြစ်၏။ သို့ရာတွင် လွန်စွာ အလေး အနက်ထားသော မင်းဒင်အတွက် စိတ်လှုပ်ရှားနေ၏။ ထို့ကြောင့် မင်းဒင်သည် စာအုပ်နှစ်အုပ်ကို ကိုင်၍ ဆရာ့စားပွဲ အနီးသို့သွားကာ -

"ဆရာ ... ဘနီနဲ့ ကျွန်တော်နဲ့ တွက်ထားတဲ့ သချ်ာဟာ အဆင့် ချင်းလည်းတူတယ်၊ အဖြေချင်းလည်းတူတယ် ဆရာ ...၊ မှန်ချင်ရင် လည်း နှစ်ယောက်စလုံး မှန်ရမယ်၊ မှားချင်ရင်လည်း နှစ်ယောက်စလုံး မှားရမယ် ...၊ အခု ... ဘနီဟာက အမှန်ဖြစ်နေပြီး ကျွန်တော့်ဟာ ကအမှားဖြစ်နေတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ ဆရာ ..."ဟု မရွံ့မရဲ ကလေး မေးလိုက်လေ၏။ ကျောင်းသူကျောင်းသားများ ဝါးခနဲ ဝိုင်း၍ ရယ်လိုက်ကြလေ၏။

"ဘာလဲ ဟေ့ကောင် ...၊ မင်းက မကျေနပ်ဘူးလား ..." ဟု ဆရာဦးလှမြင့်က မေးလေ၏။





"မကျေနပ်လို့ မေးတာမဟုတ်ပါဘူးဆရာ၊ ကျွန်တော် နားမလည်လို့ မေးတာပါ ..." ဟု မင်းဒင်က ပြန်၍ဖြေလျှင်-

"ငါ ပေးချင်သလို ပေးမယ်ကွာ ...၊ မင်း ဘာပြောချင် သလဲ..." ဟု ဆရာဦးလှမြင့်က ပြန်၍မေးလိုက်လေ၏။ ထိုအခါ မင်းဒင် က တစ်စုံတစ်ရာ ပြန်၍ပြောခြင်းမပြုဘဲ ဆရာ့အား ပြုံးပြလိုက်လေ၏။ ထိုအပြုံး၏နောက်ကွယ်တွင် များစွာသော စကားလုံးများ ပါနေလေ၏။

ဆရာဦးလှမြင့်သည် မင်းဒင်၏အပြုံးကိုမြင်လျှင် လွန်စွာ မခံချိမခံ သာဖြစ်၍ သွားလေ၏။ ထို့ကြောင့် -

"အဲဒီ စာအုပ်နှစ်အုပ်လုံး ဒီကိုယူခဲ့စမ်း"ဟု ဆိုသဖြင့် မင်းဒင် လည်း စာအုပ်နှစ်အုပ်ကိုဖြန့်၍ စားပွဲပေါ်သို့ သွား၍တင်ပေးလေ၏။

ထိုအခါ ဆရာဦးလှမြင့်သည် ခဲတံအနီကို ယူ၍ ဘနီတွက်ထား သော သချ်ာစာရွက်ပေါ်တွင် ထပ်၍ အမှန်ခြစ်လိုက်လေ၏။ မင်းဒင်တွက် ထားသော သချ်ာစာရွက်ပေါ်တွင်ထပ်၍ ကြက်ခြေခတ်ခြစ်လိုက်လေ၏။ အမှန်စင်စစ် သချ်ာနှစ်ပုဒ်လုံးသည် အတူတူဖြစ်နေ၏။

ဦးလှမြင့်သည် ရှက်ယမ်းယမ်း၍ အနိုင် ကျင့်လိုက်ခြင်း ဖြစ်၏။ မင်းဒင်သည် ထိုလုပ်ရပ်ကို ကြည့်ကာ သည်းခြေခိုက်အောင် နာကြည်း သွားလေ၏။ ထိုအချိန်၌မှာပင် ဦးလှမြင့်က 'ဟေ့ကောင် မင်းဒင် ...' ဟုခေါ်ကာ စာအုပ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေ၏။

စာအုပ်သည် မင်းဒင်၏ခြေထောက်အနီးတွင် လာ၍ကျ၏။ မင်းဒင်သည် ထိုသချ်ာစာအုပ်ကို နာကြည်းနေ၏။ ထိုသချ်ာစာအုပ်ကို စက်ဆုပ်နေ၏။ ခြေထောက်အနီးတွင် လာ၍ကျသော စာအုပ်ကို ငုံ့၍ ကြည့်ပြီးလျှင် မျက်ရည်များစို့လာ၏။

သူ၏စိတ်တွင် ထိုသချ်ာစာအုပ်ကို ဆက်၍ အသုံးမပြုလိုတော့ပေ။ လွန်စွာနာကြည်းနေပြီဖြစ်၏။ ထို့ကြောင့် ထိုစာအုပ်ကို ကုန်း၍ ကောက်ကာ အတန်းအပြင်ဘက်ဆီသို့ အပြီးတိုင် လွှင့်ပစ်လိုက်လေ တော့၏။

ဦးလှမြင့်လည်း မျက်လုံးပြူး၍ သွား၏။

"ဟေ့ကောင် . . . မင်းဒင်၊ ဒါ ဘာလုပ်တာလဲ . . ." ဟု မေးလေ၏။

"ဆရာ . . . ကျွန်တော် ဒီစာအုပ်ကို မသုံးချင်တော့ဘူး၊ ဒါကြောင့် လွှင့်ပစ်လိုက်တာပါ . . ."ဟု မင်းဒင်က ပြန်၍ဖြေလေ၏။ သို့ရာတွင် ဦးလှမြင့်က -

"မင်း. . . ငါ့ကို သက်သက်အရွဲ့တိုက်တာ ပေါ့. . ."ဟု မေးလိုက်လျှင်-

"မဟုတ်ပါဘူး ဆရာ . . .၊ ကျွန်တော် စာအုပ်ကို မကျေမနပ်ဖြစ်တာပါ . . ." ဟု မင်းဒင်က ပြန်၍ပြောရာ-

"စာအုပ်ကိုပဲ ဖြစ်ဖြစ်၊ ငါ့ကိုပဲ ဖြစ်ဖြစ်. . .၊ မင်းကို ကျောင်းထုတ်ပစ်လိုက်မယ်၊ အခုကို အတန်းအပြင်ကို ထွက်နေပါ . . .၊ ဆရာမကြီးကို ပြောရမယ်၊ ဆရာကို စော်ကားတဲ့ကောင် . . ."ဟု ပြောလေ၏။ ထို့ကြောင့် မင်းဒင်လည်း အတန်းအပြင်တွင် ထွက်၍ရပ်နေရလေ၏။

ကျောင်းဆင်းခေါင်းလောင်း ထိုးသည်အထိ ဆရာဦးလှမြင့်လည်းပေါ်မလာ။ မည်သည့်ဆရာမျှလည်း ပေါ်မလာပေ။

ထို့နောက်တွင်ကား မင်းဒင်သည် ကျောင်းသို့ နေ့တိုင်းလာ၏။ သို့ရာတွင် အတန်းအတွင်းသို့ ဝင်ခွင့်မရပေ။ အတန်းအပြင်၌သာလျှင်





မတ်တပ်ရပ်၍ နေရလေ၏။

ထိုအဖြစ်အပျက်များကို ကြားသိသွားသော မင်းဒင်၏ မိခင်ကြီးသည် ကျောင်းသို့လိုက်လာ၏။ ပြီးလျှင် ဆရာဦးလှမြင့်နှင့်တွေ့ကာ မင်းဒင်၏မိခင်က

"ဆရာ . . . ကျွန်မသားမှာ အပြစ်ရှိရင် ကျွန်မကိုပြောပါ . . .၊ ကျွန်မကိုယ်တိုင် ဆရာ့ကိုဆုံးမပြပါ့မယ် . . .၊ ကျွန်မသားတွက်တဲ့ သချ်ာဟာ အမှန်တကယ်ပဲမှားသလားဆရာ . . .၊ အဲဒါ ကျွန်မ နားလည်အောင်ရှင်းပြပါ . . .၊ ကျောင်းသား နှစ်ယောက် တွက်ထားတာ အတူတူ ဖြစ်ပါလျက် တစ်ယောက်ကို အမှန်ပေးပြီး နောက်တစ်ယောက်ကို အမှားပေးတယ်ဆိုတာ ဘယ်လိုကြောင့်ဆိုတာ ကျွန်မကို ရှင်းပြပါဆရာ. . .၊ ဆရာ. . . အဲဒီလို ရှင်းပြလို့ ကျွန်မ သဘောပေါက်သွားရင် ကျွန်မသားကို ကျွန်မကိုယ်တိုင် ကျောင်းထုတ်သွားပါ့မယ်၊ အဲဒီလို ရှင်းမပြဘဲ သက်သက်ကျောင်းထုတ်တာဆိုရင်တော့ ကျွန်မ ဒီအတိုင်းခေါင်းငုံ့ခံနေမှာမဟုတ်ဘူး . . .၊ ပညာမင်းကြီးရုံးကို သွားပြီးတိုင် မယ် . . .၊ သတင်းစာ တိုက်တွေကိုသွားပြီး သတင်းစာဆရာတွေနဲ့ တွေ့ပြီးတော့လည်း ဒီအကြောင်းကို တိုင်တန်းမယ်၊ အဖြေမှန်ပေါ်တဲ့ အထိ ကျွန်မလုပ်မယ် . . .၊ မတော်တဆ လုပ်မိတာဆိုရင်လည်း ဆရာနောက်ဆုတ်ဖို့ အချိန်ရပါသေးတယ်၊ နောက်ဆုတ်လိုက်ပါ . . .၊ ကျွန်မလိုဆင်းရဲတဲ့ . . .၊ ပညာမဲ့တဲ့ မိန်းမတစ်ယောက်နဲ့ ထိပ် တိုက်မတွေ့ဖို့တော့ ဆရာ့ကို မေတ္တာရပ်ခံပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ပညာမတတ်ဘူး . . .၊ ဆင်းလည်း ဆင်းရဲတယ်၊ ကျွန်မပိုင်တာဆိုလို့ စွန့်စားတာတစ်ခုပဲ ရှိတယ်၊ ဆရာ့ဘဝဟာ မငြိမ်းချမ်းဘဲ ဖြစ်သွားမယ်၊

အဲဒါ လာပြီးပြောတာပါ . . . ” ဟု ပြောပြီးလျှင် မင်းဒင်ဘက်သို့လှည့်ကာ-

“ဒီမှာ . . . မင်းဒင်၊ ငါက ပြန်ခဲ့လို့ အမိန့် မပေးမချင်း မင်းဒီကျောင်းက မပြန်ရဘူး၊ ဟောဟို လူသွားစင်္ကြန်လမ်းမှာ လက်ပိုက်ပြီး ရပ်နေရမယ်၊ စိတ်ပျက်တာတို့ . . .၊ မျက်ရည်ကျတာတို့ မလုပ်နဲ့၊ ပါးရိုက်ခံရမယ် . . . ” ဟု ဆိုကာ ဒေါ်နှင့်မောနှင့် ထွက်သွားလေတော့၏။

မင်းဒင်၏ပြဿနာသည် အပ်နှင့်ထွင်းရမည့်အစား ရင်း၏ မိခင်ကြီးပါလာသောကြောင့် ပေါက်ဆိန်နှင့် ထွင်းရမည့်အခြေအနေသို့ ရောက်ရှိသွားပြီ ဖြစ်လေတော့သတည်း . . . ။ ။

u





## အခန်း ၊ ၇ ၊

# ဆင်ကန်းတောတိုး

ထိုနေ့ညနေ ကျောင်းမဆင်းမီ၌ပင် ကျောင်းအုပ်ဆရာမကြီးသည် မင်းဒင်အား ကျောင်းမှ အပြီးအပိုင် ထုတ်ပစ်လိုက်လေ၏။

မင်းဒင်၏မိခင်ကြီးသည် ကျောင်းသို့လိုက်လာပြီးလျှင် မင်းဒင်အား အိမ်သို့ပြန်၍ ခေါ်သွားလေ၏။ ပြီးလျှင် ဦးထွန်းငြိမ်းထံတွင် အပ်နှံ၍ထား၏။

နောက်တစ်နေ့နံနက်တွင်မူ ပညာမင်းကြီးရုံးသို့သွား၍ ထိုအဖြစ်အပျက်ကို စာဖြင့်ရေး၍တစ်ဖုံ၊ လူကိုယ်တိုင်တွေ့ဆုံ၍ တစ်ဖုံ...



ပြောဆိုတိုင်တန်းခဲ့လေ၏။

ပညာမင်းကြီးအနေနှင့်လည်း မင်းဒင်အား ထိုကျောင်း၌ နေလိုလျှင်ပင် ကျောင်းနေခွင့်ရအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့လေ၏။ သို့ ရာတွင် မင်းဒင်၏မိခင်သည် ထိုမျှနှင့်ပင် မကျေနပ်နိုင်ပေ။ ဆရာဦးလှမြင့်အား အရေးယူစေလို၏။

ထို့ကြောင့် သတင်းစာတိုက်များသို့သွား၍ တိုင်တန်းသော်လည်း သတင်းစာတိုက်များမှာလည်း ကျောင်းထုတ်ခံရသော ကျောင်းသား တစ်ဦး ကျောင်းပြန်နေခွင့်ရလျှင်ပင် အဖြစ်အပျက်သည် ပြီးဆုံးနေပြီ ဖြစ်၏။ မိမိတို့အနေနှင့် မည်သို့မျှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ဖျောင်းဖျပြောဆိုကြလေ၏။

မင်းဒင်၏မိခင်ကြီးသည် အိမ်သို့ပြန်လာ၏။ ရောက်လျှင်ရောက်ချင်း ဦးထွန်းငြိမ်း အိမ်သို့သွား၏။

"ဒီမှာ ကိုထွန်းငြိမ်းရယ် ...၊ ကျွန်မက တော့ ကျွန်မသား ကို ကျောင်းတောင် မထားချင်တော့ဘူး ..." ဟု ပြောလိုက်ရာ -

"ဒီမှာ ... ခင်ဗျားကို ကျုပ်ပြောမယ်၊ ဘယ်လိုအကြောင်းနဲ့ပဲ ကျောင်းမထားမထား ... ပညာမတတ်မှာတော့ ခင်ဗျားသားပဲ၊ ဆရာနဲ့ တပည့် ပြဿနာဖြစ်တဲ့ကိစ္စမှာ ခင်ဗျား ဝင်ပါတဲ့အတွက် ပိုပြီး ရှုပ်သွားတာ ...၊ ကဲ ... တစ်ခုမေးမယ်ဗျာ ...၊ ခင်ဗျားက ဆရာကို စိတ်ဆိုးပြီး ခင်ဗျားသားကို ကျောင်းမထားဘူးဆိုတော့ ဘာလုပ်ခိုင်းမှာလဲ ...၊ ခင်ဗျားကိုကူပြီး အဝတ်လျှော်ခိုင်းနေလို့တော့ မဖြစ်ဘူးနော် ...၊ ဒါကိုလည်းစဉ်းစားပါဦး..." ဟု ဦးထွန်းငြိမ်းက ပြောလိုက်လျှင် မင်းဒင်၏ မိခင်ကြီးက

"ဒီမှာ ကိုထွန်းငြိမ်းရယ် ...၊ ရှင်လည်း ဘယ်ကျောင်းမှနေခဲ့တာမဟုတ်ပါဘူး၊ ဘာအောင် လက်မှတ်မှလည်းရှိတာမဟုတ်ပါဘူး ...၊ ဒါပေမဲ့ ရှင်ဟာ စာတတ်တာပဲမဟုတ်လား ..."ဟု ပြန်၍ မေးလေ၏။

"ခင်ဗျားပြောသလို တတ်တယ်ပဲထားဦး ဗျာ...၊ ကျုပ်တတ်တာကို ဘယ်နားမှာ သွားသုံးမှာလဲ၊ တရားမဝင်ဘူးဗျ ...၊ အောင်လက်မှတ်တွေ ဘာတွေမရှိဘဲ ကျုပ်ဟာကျုပ် တတ်ချင်သလောက်တတ်နေ ... ဘာမှလုပ်လို့မရဘူးဗျ၊ ကျုပ်က ငယ်ငယ်တုန်းက အမှုတစ်ခုနဲ့ ထောင်ထဲကို ရောက်သွားတယ်၊ အဲဒီမှာ ပုဒ်မ(၅) အဆောင်မှာ အလုပ်လုပ်ရတယ်၊ တံမြက်စည်း လှည်းရတယ်...၊ အမှိုက်ရှင်းရတယ်၊ ထမင်းပို့ရတယ်၊ ကျုပ်တို့ကို အမြဲဆင်းလို့ခေါ်တယ်၊ တစ်နေကုန် အဲဒီအဆောင်မှာ နေရတာပဲ ...၊ အဲဒီအဆောင်က လူတွေက ကျုပ်တို့လို အလုပ်မလုပ်ရပါဘူး၊

ပြီးတော့လည်း ... ဘွဲ့ရပညာတတ်တွေ ပါတယ်ဗျ၊ အဲဒီထဲ က တစ်ယောက်က ကျုပ်ကို သနားပြီး စာသင်ပေးခဲ့တာ ...၊ သူနဲ့ အတူ ကျုပ်က နှစ်အတော်ကြာ နေရတယ်ဗျ ...၊ အပြင်ရောက် တော့လည်း ဒီတိုင်းမနေဘူးပေါ့ဗျာ...၊ ထပ်ပြီးကြိုးစားတာပေါ့ ...၊ အဲဒီတော့ အင်္ဂလိပ်စာလေး ရေးတတ် ဖတ်တတ်တာပေါ့ဗျာ ...၊

အဲဒီလိုတတ်တာနဲ့ ဘယ်မှာမှ အလုပ်လျှောက်လို့မရဘူး၊ ကျောင်းဆရာလုပ်ပြီး စာပြခွင့်လည်း မရှိဘူး ..၊ ကျုပ်မှာ ဘာအောင်လက်မှတ်မှမရှိဘဲ...၊ ခင်ဗျားသား မင်းဒင်ကိုတော့ ကျုပ်ဖြစ်သလို မဖြစ်စေချင်ဘူး ...၊ သူဟာ ကလေးသူငယ်တစ်ယောက်ပဲ ရှိသေးတယ်၊ ကျောင်းနေစေချင်သေးတယ်၊ ခင်ဗျားရဲ့ ဒေါသမီးလျှံအောက်မှာ





မင်းဒင်ရဲ့ပညာရေးဟာ ပြာကျမသွားစေချင်ဘူး ...၊ ခင်ဗျား စဉ်းစားပါ ..." ဟု ဦးထွန်းငြိမ်းက ပြောလိုက်လေ၏။

"ဘာတွေညာတွေ ကျွန်မ မသိဘူး ...၊ ကျွန်မသိတာက မင်းဒင်ကျောင်းဆက်ပြီးနေရင် ဒါမျိုးတွေ ကျွန်မ ရင်ဆိုင်နေရဦးမှာ...၊ ဒါမျိုးတွေ ကျွန်မ ရင်မဆိုင်ချင်ဘူး ...၊ အဲဒီတော့ ကျောင်းမထားတော့ဘူး၊ အဝတ်မလျှော်ရင်လည်း ရေထမ်းရမယ်၊ ရေမထမ်းချင်ရင်လည်း ဆိုက်ကားနင်းရမယ်၊ ဆိုက်ကားမနင်းချင်ရင်လည်း လည်ပင်းမှာ ဗန်းချိတ်ပေးမယ်၊ အဲဒီထဲမှာ ဆေးလိပ်တွေ ကွမ်းယာတွေထည့်ပြီး ကားမှတ်တိုင်မှာ ဈေးရောင်းခိုင်းမယ် ...၊ အဲဒါက စောစောပိုက်ဆံရမယ်၊ သားအမိနှစ်ယောက် စလုံးရဲ့ စားရေးသောက်ရေးလည်း ပြေပြေလည်လည်ဖြစ်မယ် ..."ဟု မင်းဒင်၏မိခင်ကြီးက ဇွတ်အတင်း ပြောနေလေ၏။

"ခက်တော့တာပဲဗျာ ...၊ ခင်ဗျားလည်း တစ်ဇွတ်ထိုးပြောနေတော့တာပဲ၊ လောလောဆယ် ဝင် ငွေလေး ရှိတာကို မကြည့်နဲ့လေဗျာ ...၊ ခင်ဗျား သားရဲ့ အညွန့်ကလေးကို ချိုးပစ်သလို မလုပ်စမ်းပါနဲ့ ..."ဟု ဦးထွန်းငြိမ်းက ပြောလိုက်ရာ -

"ဒီမှာ ကိုထွန်းငြိမ်း ...၊ ကြီးပွားမယ့်လူဟာ သူ့ကံနဲ့သူပါရှင့်...၊ စလေငခွေးကြီးဟာ လေ့ထိုးသားကြီးလေ ...၊ ဘုရင်ဖြစ်မယ့်လူဆိုတော့ ဘုရင်တက်ပြီးဖြစ်တာပေါ့ ...၊ ကဲ ... ရှင့်ကို ကျွန်မ မေးမယ်၊ အဲဒီစလေငခွေးကြီးဟာ ဆယ်တန်းအောင်လို့လား ..."ဟု မင်းဒင်၏မိခင်ကြီးက ဒိုးဒိုးဒေါက်ဒေါက် ပြောလိုက်လျှင် ဦးထွန်းငြိမ်းက ဟက်ဟက်ပက်ပက် ရယ်လေ၏။

"ခင်ဗျား သွားရင်ကောင်းမယ်ဗျာ . . .၊ ခင်ဗျားနဲ့တော့ စကားကောင်း ပြောလို့မဖြစ်ပါဘူး၊ ခင်ဗျားဟာ ကောင်းကောင်းမွန်မွန် အကျိုးအကြောင်း ထောက်ပြလို့လည်းမရ၊ ညှိလို့လည်းမရ. . .၊ ရှေ့ကလည်းမသွား၊ နောက်ကလည်းမလိုက် . . .၊ ဘေးတိုက် လွယ်အိတ်ကြီးပါဗျာ. . .၊ သွားပါတော့ . . ."ဟု ဦးထွန်းငြိမ်းက ပြောလိုက်လေ၏။ ထိုအခါ မင်းဒင်၏ မိခင်က -

"ဒီလိုလုပ်ရအောင် ကိုထွန်းငြိမ်းရယ် . . .၊ ကျွန်မသား မင်းဒင်ကို ရှင့်ကို အပိုင်ပေးလိုက်မယ်၊ ရှင့်အနေနဲ့ ကျောင်းဆက်ပြီး ထားချင်သပဆိုရင်လည်း ရှင့်ဟာရှင်ထား . . .၊ မထားချင်ဘူးဆိုလည်း မထား နဲ့ . . .၊ မကောင်းဘူးလား . . ."ဟု မေးလေ၏။

"နေစမ်းပါဦးဗျာ . . .၊ ခင်ဗျားသား မင်းဒင်က ကလေးမှမဟုတ်တော့ဘဲ၊ အရွယ်ရောက်နေပြီပဲ၊ သူကကော ကျုပ်နဲ့နေမတဲ့လား . . .၊ ပြီးတော့ ခင်ဗျားသဘောထားတစ်ခုတည်းနဲ့ လုပ်လို့မရဘူးလေ၊ သူ့အဖေရှိသေးတယ်မို့လား. . ."ဟု ဦးထွန်းငြိမ်းက ပြန်၍မေးလိုက်လျှင် မင်းဒင်၏မိခင်က -

"အဲဒါကြောင့် ကျွန်မသားလေးကို ပညာတတ်မဖြစ်စေချင်တာ ပေါ့ . . .၊ ခုပဲကြည့်လေ. . .၊ ရှင်ဟာ ကျွန်မထက် ပညာတတ်တယ်၊ အဲဒီတော့ တစ်ခုခုလုပ်တဲ့နေရာမှာ ဘယ်တော့မှမပြတ်ဘူး၊ ရှေ့တိုးနောက်ဆုတ်ဖြစ်နေတာချည်းပဲ၊ ရှင့်ထက်ပိုပြီး ပညာတတ်တဲ့လူက ရှင့်ထက် ပိုပြီး ရှေ့တိုးနောက် ဆုတ်ဖြစ်နေမှာပဲ၊ ကျွန်မတို့လို ဘာမှပညာမတတ် တဲ့လူကတော့ ပြတ်ပြီးသားပဲ . . ." ဟု ဒေါ်နှင့်မောနှင့် ပြန်၍ပြောလေ၏။

"ဘာမှမတတ် . . .၊ ဘာမှနားမလည်တော့လည်း ဆင်ခြင်တုံ





တရားမရှိဘူးပေါ့ဗျာ . . .၊ ဆင်ခြင်တုံတရားမရှိတာကို ပြတ်သားတာ လို့ ကိုယ့်ကိုယ်ကို မချီးမွမ်းနဲ့ . . .၊ အဲဒါက မျက်ကန်းတစ္ဆေ မကြောက် ဖြစ်တာ . . .၊ ဆင်ခြင်တုံတရားရှိတဲ့လူကတော့ ချိန်ဆတာပဲဗျ၊ အဲဒါကို ရှေ့တိုးနောက်ဆုတ် လုပ်နေတယ်ဆိုပြီး အပြင်တင်လို့တော့မဖြစ်ဘူး" ဟု ဦးထွန်းငြိမ်းက ပြောလိုက်လေ၏။

"ဒီမှာ ကိုထွန်းငြိမ်း . . .၊ ကျွန်မကတော့ ရှင်ပြောတဲ့ မျက်စိ ကန်း တစ္ဆေမကြောက်တဲ့ ဘဝကိုပိုကြိုက်တယ်၊ မျက်စိကောင်းပြီး တစ္ဆေကို ကြောက်နေရတာထက်စာရင် မကြောက်ရတာက ပိုပြီး မကောင်း ဘူးလား . . ."ဟု မင်းဒင်၏မိခင်က ပြောလေ၏။

"ဩော် . . . ခင်ဗျားကတော့ တကယ့်ကို ဆင်ကန်းတောတိုးပဲ. . ."ဟု ဦးထွန်းငြိမ်းက ညည်းညူလိုက်ပြန်ရာ မင်းဒင်၏မိခင်က တဟဲဟဲ ရယ်လေ၏။ ကျေနပ်အောင် ရယ်ပြီးနောက် -

"ဆင်ကန်းလည်း တောတိုးရမှာပဲ . . .၊ ဆင်ကောင်းလည်း မြို့တက်လို့မရပါဘူး . . .၊ တောထဲပဲ တိုးရမှာပဲမဟုတ်လား . . .၊ ဘာများ ပိုထူးမှာလဲရှင် . . ." ဟု ပြန်၍ပြောလိုက်ရာ ဦးထွန်းငြိမ်းသည် စကား ပြော၍ မနိုင်နိုင်တော့ဘဲ -

"သွားပါတော့ဗျာ . . . သွားပါတော့ . . .၊ ကျုပ် ဈေးရောင်း သွားရဦးမယ်. . ."ဟု ဆိုကာ မင်းဒင်၏မိခင်အား ဇွတ်အတင်း နှင်ထုတ် ရလေတော့သတည်း . . .။ ။



## အခန်း ၊ ၈ ၊

# မင်းဒင် ဘွဲ့ရတော့မယ်

နောက်တစ်နေ့ နံနက်တွင် ဦးထွန်းငြိမ်း၏ အိမ်သို့ မင်းဒင်တို့သားအမိနှစ်ယောက် ရောက်လာပြန်၏။

"ကိုထွန်းငြိမ်းရေ . . . ရှင့်ကိုပဲ အပူကပ်ရမှာပဲ၊ မင်းဒင်တို့အဖေက ထောင်ထဲမှာ ထပ်ပြီးရိုက်မှုဖြစ်လို့တဲ့ . . .၊ နောက်ထပ် ၆လ နေရဦးမယ်၊ အဲဒီတော့ ကျွန်မ ဒီမှာမနေတော့ဘူး၊ တောကိုပြန်မယ်၊ မင်းဒင်ကိုတော့ ကိုထွန်းငြိမ်းဆီမှာထားခဲ့မယ်၊ ကိုထွန်းငြိမ်း ခေါ်ထားမယ်မို့လား . . ." ဟု မင်းဒင်၏ မိခင်က ပြောဆိုပြီးလျှင် မင်းဒင်၏

အဝတ်အစားများ၊ စာအုပ်များနှင့်အတူ မင်းဒင်အား ဦးထွန်းငြိမ်း၏ လက်သို့အပ်ကာ မင်းဒင်၏မိခင်ကြီးသည် တောရပ်ရှိ ဆွေမျိုးများရှိရာသို့ ပြန်သွားလေတော့၏။

ဦးထွန်းငြိမ်းလည်း မင်းဒင်ကို လက်ခံထားလိုက်ရလေ၏။ ဦးထွန်းငြိမ်းသည် မင်းဒင်အား -

"မောင်မင်းဒင်ရေ . . . မင်းအမေက မင်းကို ကျောင်းမထားချင်တော့ဘူးကွ၊ ငါကတော့ ဒီလို မဟုတ်ဘူး၊ မင်းအနေနဲ့ ကျောင်းနေစေချင်သေးတယ်၊ အခုလို နှစ်ဝက်ကြီး တခြားကျောင်းမှာ သွားအပ်ရင်လည်း ကိုးလို့ကန့်လန့်ကြီးဖြစ်နေလိမ့်မယ်၊ အဲဒီတော့ ငါနဲ့သိတဲ့ အလွတ်ပညာသင်ကျောင်းဆရာတစ်ယောက်ရှိတယ်ကွာ . . .၊ သူ့ကျောင်းမှာပဲ တက်သင့်တယ်၊ ငါ အပ်ပေးမယ်၊ အဲဒီကနေပဲ ခုနစ်တန်း အောင်အောင် ဖြေပေတော့ . . ."ဟု ပြောလေ၏။

ထို့နောက် ဦးထွန်းငြိမ်းသည် မင်းဒင်အား သူ၏မိတ်ဆွေ အလွတ်ပညာသင်ကျောင်း ဆရာတစ်ဦးထံတွင် ခုနစ်တန်းဖြေဆိုရန် အတွက်အပ်နှံထားခဲ့လေ၏။

မင်းဒင်လည်း လွန်စွာမှ စာကြိုးစားလေ၏။ ထိုနှစ်၌ပင် ခုနစ်တန်းကို ကောင်းစွာအောင်မြင်သွားလေ၏။ မင်းဒင် ခုနစ်တန်းအောင်ပြီး များမကြာမီ၌ပင် သတင်းဆိုးတစ်ခု ဝင်လာလေတော့၏။ မင်းဒင်၏ဖခင်ဖြစ်သူသည် ထောင်အတွင်း၌ပင် ချောင်းဆိုးသွေးပါရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားသည်ဆိုသော သတင်းပင် ဖြစ်၏။

မင်းဒင်၏ မိခင်ကြီးသည် မင်းဒင်ရှိရာသို့ ရောက်လာသေး၏။





ထို့နောက် မင်းဒင်အား -

"စိတ်မကောင်းလည်း မဖြစ်နဲ့သားရေ . . .၊ မင်းအဖေ ဆုံးရှာပြီတဲ့ . . .၊ အမေလည်း ရန်ကုန်အထိ လိုက်သွားတယ်၊ ထောင်ကပဲ တာဝန်ယူပြီး သင်္ဂြိုဟ်လိုက်ပါတယ်၊ မင်းအဖေအတွက် ရက်လည် ဆွမ်း ကိုတော့ ထောင်က ဝန်ထမ်း ကိုခင်မောင်အေးနဲ့ တိုင်ပင်ပြီး ကိုခင်မောင်အေးရဲ့အိမ်မှာပဲ ဘုန်းကြီးပင့်ပြီး ဆွမ်းသွပ်ပေးခဲ့တယ်၊ မင်းက တော့ ဘကြီးငြိမ်းနဲ့ပဲ ဆက်နေပြီးကြိုးစားပေတော့ . . .၊ အမေ့အတွက် ဘာမှ မပူနဲ့၊ တောမှာက အမျိုးတွေရှိတယ်လေ . . .၊ အကူအညီ မရနိုင်တောင် စောင့်တော့ စောင့်ရှောက်ကြပါတယ်ကွယ် . . ."ဟု မင်းဒင်၏ မိခင်က ပြောလေ၏။

မင်းဒင်လည်း မိမိ မိသားစု၏ အဖြစ်အပျက်ကို စဉ်းစားမိကာ ကြေကွဲဝမ်းနည်းလွန်းသဖြင့် မျက်ရည်များစို့၍ လာလေ၏။ ထိုအခါ ၎င်း၏မိခင်က -

"ဘာလဲ မင်းဒင် . . .၊ ငိုမလို့လား၊ မငိုပါနဲ့၊ ဒါဟာ လူတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ အဖြစ်အပျက်တွေထဲက အဖြစ်အပျက်တစ်ခုပဲ မဟုတ်လား . . .၊ အဲဒါကြီးဟာ ဝမ်းနည်းပက်လက်ဖြစ်နေရမယ့်ကိစ္စ မဟုတ်ဘူး၊ လုပ်စရာရှိတာလုပ်ပြီး မေ့မေ့ပျောက်ပျောက်ထားရမယ့် ကိစ္စရှိတယ်ကွဲ့၊ မငိုနဲ့ . . ."ဟု ဟန့်တားလိုက်လေ၏။ ထို့ကြောင့် မင်းဒင်လည်း မငိုဝံ့တော့ဘဲ ရှိလေတော့၏။

ထို့နောက် မင်းဒင်၏မိခင်သည် မင်းဒင်ကိုလည်းကောင်း၊ ဦးထွန်းငြိမ်းကိုလည်းကောင်း နှုတ်ဆက်၍ ပြန်သွားလေတော့၏။

ကျောင်းများ ပြန်၍ဖွင့်သောအချိန်သို့ ရောက်သောအခါ၌ ဦးထွန်းငြိမ်းက

မင်းဒင်အား -

"ဒီနှစ်အဖို့ မင်း ကျောင်းတက်ရင် (၈) တန်းပေါ့ကွာ . . .၊ ၈ တန်းဟာ ၈ တန်းဖြစ်သလို တက္ကသိုလ်ဝင် အကြိုတန်းလည်းဖြစ်တယ် ကွ၊ ပရိမက်ထရစ် ခေါ်တာပေါ့ကွာ . . .၊ နောက်နှစ်ဆိုရင် မင်း အနေနဲ့ ၁၀တန်း ဖြေခွင့်ရှိသွားပြီ၊ အဲဒီတော့ ဒီနှစ် တစ်နှစ်လုံး ၁၀တန်း အင်္ဂလိပ်စာ၊ ၁၀ တန်း သင်္ချာ၊ ၁၀ တန်းမှာ ပြဋ္ဌာန်းထားတဲ့ ဘာသာရပ်တွေ အားလုံးကို ညက်ညက်ကြေအောင် သင်ယူကြိုးစားထားရမယ်ကွ၊ အဲဒီ ဘာသာရပ်တွေကို အလွတ်သင်တဲ့ ဆရာတွေလည်း ငါနဲ့ သိထားတာတွေရှိပါတယ်၊ တစ်ဦးစီ မင်းကို လိုက်အပ်ပေးထားမယ်၊ အဓိကပြောချင်တဲ့ စကားကတော့ ၁၀ တန်းကို တစ်နှစ်တည်းနဲ့ ကျွတ်သွားအောင် မင်းဘက်က ကြိုးစားဖို့ပါပဲ"ဟု ပြောလေ၏။

ထို့နောက် မင်းဒင်အား သင်ပြပေးမည့် ဆရာများနှင့် လိုက်လံအပ်နှံပေးလေ၏။ မင်းဒင်လည်း တစ်နှစ်လုံး ၁၀ တန်းစာများကို ကြိုတင်၍ ကျက်မှတ်ခွင့်ရလေတော့၏။

နောက်တစ်နှစ် ၁၀ တန်း ဖြေမည့်နှစ်သို့ ရောက်သောအခါ ၌လည်း ထပ်မံ၍ ကြိုးစားပြန်ရာ ဖြေဆိုရမည့်စာများသည် ညက်ညက်ကြေ၍နေသောအဖြစ်သို့ ရောက်လေတော့၏။

မင်းဒင် ၁၀ တန်း စာမေးပွဲဖြေသောအခါ၌ ဦးထွန်းငြိမ်းသည် စာမေးပွဲဖြေမည့် ကျောင်းသို့လိုက်ကာ ထမင်းပို့ပေးလေ၏။ မင်းဒင်သည် ကောင်းစွာ ဖြေနိုင်လေ၏။

အောင်စာရင်းထွက်သောအခါ၌ လှပသော ဂုဏ်ထူးအမှတ် များဖြင့် စာမေးပွဲကို အောင်မြင်ခဲ့လေတော့၏။





"ဘာပဲဖြစ်ဖြစ်ကွာ . . . မင်းအမေနေတဲ့ဆီကိုတော့ မင်း၁၀တန်းအောင်သွားပြီဆိုတဲ့ သတင်းရောက်အောင် ပို့ရမှာပဲကွာ . . .၊ သူလည်း ဝမ်းသာမှာပါကွာ . . ." ဟု ဦးထွန်းငြိမ်းက ပြောလေ၏။

မင်းဒင်သည် အားလပ်သောအချိန်များ၌ ဦးထွန်းငြိမ်းနှင့်အတူ လမ်းဘေးတွင် စာအုပ်အဟောင်းများ လိုက်၍ရောင်းရ၏။ ၁၀ တန်း အောင်ပြီးနောက် တက္ကသိုလ်သို့ ဆက်၍တက်ရန် ဦးထွန်းငြိမ်းကပင် တာဝန်ယူရလေ၏။ မင်းဒင်လည်း တက္ကသိုလ် ကျောင်းသားကြီး ဖြစ်သွားပြီဖြစ်၏။

ကျောင်းအားသောရက်များတွင် ပြင်ပမှ စာများကို ဖတ်ရှုလေ့လာရန် ဦးထွန်းငြိမ်းက အကြံပေးလေ၏။ ထို့ကြောင့် မင်းဒင်လည်း အားလပ်သော အခါများတွင် စိတ်လေ၍ မနေတော့ဘဲ ပြင်ပစာများကို ဖတ်ရှုလေ့လာရလေတော့၏။

ညအခါများတွင် မင်းဒင်နှင့် ဦးထွန်းငြိမ်းတို့သည် ၎င်းတို့ နေထိုင်ရာ အဖီကလေးရှေ့တွင်ထိုင်ကာ စကားစမြည် ပြောဖြစ်ကြလေ ၏။ များသောအားဖြင့် ဗဟုသုတဖြစ်ဖွယ်ကောင်းသော အကြောင်းအရာ များကို ဦးထွန်းငြိမ်းက မင်းဒင်အား ပြောပြလေ့ရှိလေ၏။

မင်းဒင်လည်း ဦးထွန်းငြိမ်းထံမှများစွာသော ဗဟုသုတ အကြားအမြင်များ ရရှိခဲ့လေ၏။

တစ်ညတွင် ဆရာတပည့်နှစ်ဦး စကားပြောနေရင်း ဦးထွန်းငြိမ်း က

-

"မောင်မင်းဒင်ရေ . . . ဒီနှစ်မှာ မင်းဟာ ဘွဲ့ရမယ့်နှစ်ပဲကွ၊ ဘာပဲဖြစ်ဖြစ် မင်းဒင်ဆိုတဲ့ နာမည်နောက်မှာ ဘီအေဆိုတဲ့ စာလုံးနှစ်

လုံး တပ်ခွင့်ရပြီကွ၊ ဒီအချက်ဟာ ဝမ်းသာစရာအချက်ပဲ၊ မင်းရဲ့ ကြိုးစားမှု အသီးအပွင့်တွေပေါ့ကွာ ...၊ ဒါကိုတော့ ငါ့အနေနဲ့ အလွန့်ကို သဘောကျတယ်ကွ၊ ဘွဲ့ရပြီးရင်တော့ မင်းကြိုက်တာလုပ်ခွင့်ရှိနေပြီ၊ ဘယ်လုပ်ငန်းထဲ ဝင်ချင်သလဲဝင်ပေါ့ကွာ ...” ဟု ပြောလေ၏။

“ဒါကတော့ ဘကြီးငြိမ်းရဲ့ ကျေးဇူးတွေ အများကြီးပါပဲ၊ ကျွန်တော်တစ်ယောက်တည်းနဲ့ မပြီးပါဘူး၊ ဘကြီးငြိမ်းလို ကူညီမယ့်လူမရှိရင် ကျွန်တော့် ဘဝဟာ ပြီးသွားပါပြီ၊ ခုနစ်တန်းတောင် အောင်ဖို့ မရှိပါဘူး ...”ဟု မင်းဒင်က ပြောရာ ဦးထွန်းငြိမ်းက -

“ဒါတော့ ဒါပေါ့ကွာ ...၊ ငါကလည်း မင်းကို ကူညီရတာ အလွန့်ကို အကျိုးရှိပါတယ်၊ ငါ ကူညီတဲ့အတိုင်း မင်းက ဖြစ်မြောက် တာကိုး ...၊ တစ်ခုတော့ အကြံပေးချင်သေးတယ်ကွ၊ မင်းအနေနဲ့ ဘွဲ့ရမှာကတော့ သေချာနေပါပြီ၊ ဒါပေမဲ့ မင်းတတ်ထားတဲ့ အင်္ဂလိပ်စာ ဟာ ကျေနပ်ဖို့မရှိသေးဘူးကွ၊ နည်းနည်း ထပ်ပြီးကြိုးစားပါဦး ...”ဟု ပြောလိုက်ရာ မင်းဒင်က ရယ်လေ၏။

“သေချာတာပေါ့ ဘကြီးငြိမ်းရယ်...၊ ကျွန်တော့်ကိုယ်ကျွန်တော်လည်း မကျေနပ်သေးပါဘူး၊ ကြိုးစားမယ်လို့ ကတိပေးပါတယ်...”ဟု မင်းဒင်က အားတက်သရော ပြောလိုက်လေ၏။

“တစ်ခုအကြံပေးချင်တယ်ကွာ ...၊ ဒီနှစ်မှာ မင်းဟာ ဘွဲ့ရမှာတော့ မှန်တယ်၊ ဒါပေမဲ့ အင်္ဂလိပ်စာကတော့ ကျေနပ်လောက်အောင် မတတ်သေးဘူးလို့ မင်းကိုယ်မင်း ခံယူရင် ကျောင်းသားငယ်တစ်ယောက်လိုပဲ ကြိုးစားရမှာပဲကွ ...၊ မင်းအနေနဲ့ မလိုတော့ဘူးဆိုပြီး ပစ်လိုက်ရင်တော့ ပိုပြီးညံ့သွားလိမ့်မယ်၊ အဲဒါလေးပဲ သတိပေးချင်တာပါ...”ဟု





ဦးထွန်းငြိမ်းကပြောလျှင် မင်းဒင်က -

“စိတ်ချပါ ဘကြီးငြိမ်း ...၊ ကျွန်တော် လိုသေးတာကို လိုသေးတာလို့ နားလည်ပါတယ်၊ အဲဒါကြောင့် ကြိုးစားမှာပါ၊ ပြီးတော့ ဘကြီးငြိမ်းနားဖို့ အချိန်တော်ပြီလေ ...၊ ကျွန်တော်က တစ်လှည့်လုပ်ကျွေးရဦးမယ်မဟုတ်လား ...” ဟု ပြောလိုက်ရာ ဦးထွန်းငြိမ်းသည် ဝမ်းသာလွန်း၍ မျက်ရည်များပင် စို့၍လာလေတော့သတည်း ...။ ။

# ၊



အခန်း ၊ ၉ ၊

# ဘကြီးငြိမ်းနှင့် ဆက်လက်နေထိုင်ခြင်း

မင်းဒင်သည် ဦးထွန်းငြိမ်းနှင့်ဆက်လက်၍ နေထိုင်လေ၏။ မင်းဒင်၏မိခင်ကြီးသည်လည်း တောသို့ ပြန်သွားလေပြီဖြစ်၏။

"ဒီလိုကွ . . . မင်းဒင်ရဲ့ . . . ၊ မင်းအနေနဲ့ ဘာတွေညာတွေ အောင်တာ မအောင်တာ အရေးမကြီးဘူးကွ၊ အင်္ဂလိပ်စာကိုတော့ ကျွမ်းကျွမ်းကျင်ကျင် ဖတ်တတ် ရေးတတ်ပြောတတ်ဖို့ လေ့ကျင့်ရမယ် ဟေ့ . . . " ဟု ဦးထွန်းငြိမ်းက ပြောလေ၏။ ထိုအခါ မင်းဒင်က- 'ဘကြီးငြိမ်းပြောတာ ဟုတ်ပါတယ်၊ ကျွန်တော်လည်း ကြိုးစားပါ့မယ်၊

ဘကြီးငြိမ်း ရှေ့ကိုဘာတွေဆက်လုပ်ရမယ်ဆိုတာလည်း ကျွန်တော့်ကို ပြောပါဦး . . . ”ဟု ပြောလေ၏။

“ဒီလိုကွ . . . အင်္ဂလိပ်စာတတ်ဖို့ဆိုတာက စာလုံးရဲ့အဓိပ္ပါယ် တွေ များများသိဖို့လိုတယ် . . .၊ **Vocabulary** ‘ဗော်ကယ် ဗြူလယ်ရီ’လို့ ခေါ်တာပေါ့ ကွာ၊ သုံးနှုန်းတဲ့ စကားလုံးကို ခေါ်တာပါကွာ၊ ဥပမာကွာ. . . မင်းအနေနဲ့ မကြာခဏစားနေတဲ့ ချဉ်ပေါင်ရွက်ဆိုပါတော့ အဲဒါကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲကွာ . . . ” ဟု ဦးထွန်းငြိမ်းက မေးလိုက်ရာ မင်းဒင်က

“မသိပါဘူး ဘကြီးငြိမ်းရယ် . . . ” ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ဘကြီးငြိမ်းက -

“ **Sour Green** လို့ အလွယ်ခေါ်တယ်၊ ဆိုတာက **Sour** ချဉ်တာကို ပြောတာမဟုတ်လား၊ **Green** ဆိုတာက အစိမ်းကိုပြောတာ . . .၊ ချဉ်တဲ့ အစိမ်းလို့ အဓိပ္ပါယ်ရတာပေါ့ . . .၊ အဲဒါ ချဉ်ပေါင်ရွက်ကို အလွယ်ခေါ်တာ. . .၊ တကယ်ကတော့ . . . **Roselle** ‘ရိုဆယ်လီ’လို့ ခေါ်တယ် . . . ” ဟု ပြောလိုက်လျှင် မင်းဒင်လည်း မှတ်စုစာအုပ်တွင် ရေးထား လိုက်လေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

“ဒီလိုကွ . . . တစ်လုံးတစ်လုံးရဲ့ အဓိပ္ပါယ် သိခြင်းဟာ တစ်ကြောင်းတစ်ကြောင်းရဲ့ သိခြင်းပဲ၊ တစ်ကြောင်းတစ်ကြောင်းရဲ့သိခြင်းဟာ တစ်ပိုဒ်တစ် ပိုဒ်ရဲ့ သိခြင်းပဲ၊ တစ်ပိုဒ်တစ်ပိုဒ်ရဲ့ သိခြင်းဟာ တစ်မျက်နှာ တစ်မျက်နှာရဲ့သိခြင်းပဲ၊ တစ်မျက်နှာ တစ်မျက်နှာသိခြင်းဟာ တစ်ခန်း တစ်ခန်းသိခြင်းပဲ မဟုတ်လား . . .၊ တစ်ခန်းတစ်ခန်းသိခြင်းဟာ စာအုပ် တစ်အုပ်သိခြင်းပဲမဟုတ်လား. . .၊ တစ်အုပ်တစ်အုပ် သိခြင်းဟာ အုပ်တိုင်း





အုပ်တိုင်းကို သိခြင်းပဲမဟုတ်လား၊ အုပ်တိုင်းကိုသိပြီဆိုရင် တတ်ပြီပေါ့ ကွာ . . .၊ အဲဒီတော့ မင်းအနေနဲ့ တစ်လုံးတစ်လုံးကို သိအောင်အရင်လုပ် ရမယ်ကွ . . . ” ဟု ရှည်လျားစွာ ပြောလိုက်ရာ မင်းဒင်က

“ကျွန်တော် သဘောပေါက်ပါပြီ ဘကြီးငြိမ်း. . .၊ ကြိုးစားပါ့မယ် . . . ”ဟု ပြောလေ၏။

“ဒီလို မင်းဒင်ရေ . . .၊ ငါးဟင်းချက်ပြီး စားတယ်ဆိုပါတော့ ကွာ . . .၊ နံနံပင်လေးအုပ်ပြီး ချက်မှ ဟင်းကမွှေးတာကွ၊ အဲဒီတော့ကွာ နံနံပင်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ . . . ”ဟု မေးလေ၏။ ထိုအခါ မင်းဒင်က -

“ဘကြီးငြိမ်းရယ် . . . မသိပါဘူးခင်ဗျား” ဟု ပြောလေတော့၏။

“ **Coriander** ‘ကော်ရီအင်ဒါ’လို့ ခေါ်တယ်ကွ . . . ”ဟု ဦးထွန်းငြိမ်းက ပြောလေ၏။ မင်းဒင်လည်း မှတ်စုစာအုပ်တွင် ရေးထား လိုက်လေ၏။ ထိုအခါ မင်းဒင်က -

“အဘရယ် . . . နောက်ထပ်ပြောပါဦး” ဟု မေးလိုက်ရာ ဦးထွန်းငြိမ်းက -

“ဒီလိုမင်းဒင်ရဲ့ . . .၊ ဘူးသီးကို ဘယ်လို ခေါ်သလဲဆိုတော့ **Gourd** ဂေါ့ဒ်လို့ ခေါ်တယ်ကွ၊ အေး . . . ဘူးသီးကိုခေါ်တာ သိပြီဆို တော့ . . . ကြက်ဟင်းခါးသီးကိုတော့ **Bitter Gourd** ဘစ်တာဂေါ့ဒ်လို့ ခေါ်တယ်ကွ၊ ဘစ်တာဆိုတာက ခါးတာကို ပြောတာကွယ့်၊ အေး . . . အဲဒီ လိုပဲကွ . . .၊ ပဲလင်း မြွေသီးကိုတော့ **Snake Gourd** လို့ ခေါ်တယ်. . .၊ **Snake** ဆိုတာက မြွေကိုခေါ်တာမဟုတ်လား . . .၊ ဒီတော့ ဂေါ့ဒ် တစ်လုံးသိရင် နောက်ထပ်သုံးလုံးလောက် သိတာပေါ့ကွာ . . . ”ဟု

ရှည်လျားစွာ ပြောလေတော့၏။

"ကျွန်တော့်အတွက် အတော့်ကို အကျိုးရှိပါတယ် အဘ . . .၊ ကျွန်တော်ကလည်း ကြိုးစားမှာပါ. . ."ဟု မင်းဒင်က ပြောလေတော့၏။

"ဒါနဲ့နေပါဦး မင်းဒင်ရဲ့ ကုလားပဟင်းချက်တဲ့အခါမှာ ပါတဲ့ ဒန့်ဒလွန်သီးကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲကွာ . . ."ဟု ဦးထွန်းငြိမ်းက ပြောလေ၏။ ထိုအခါ မင်းဒင်က -

"မသိပါဘူး ဘကြီးငြိမ်း . . .၊ ပြောပြပါဦး . . ." ဟု ဆိုလေ၏။

"ဒန့်ဒလွန်သီးဟာ ဒရမ်ခေါ်တဲ့ စည်ပိုင်း(ဗုံ)ကလေးကို တီးတဲ့ တုတ်နဲ့ အလွန်တူတယ်၊ ဒါကြောင့် **Drum Stick** 'ဒရမ်စတစ်'လို့ ခေါ်တယ်၊ ဗုံတီးတဲ့တုတ်ပေါ့ကွာ . . ."ဟု ဦးထွန်းငြိမ်းက ပြောလိုက်ရာ မင်းဒင်က ရယ်လေ၏။ ထို့နောက် ဘကြီးငြိမ်းက -

"ဟင်းနုနွယ်ကို ဘယ်လိုခေါ်သလဲ သိလား. . ."ဟု မေးရာ မင်းဒင်က ခေါင်းကို တွင်တွင်ယမ်းလေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

"ဟင်းနုနွယ်ကို **Spinach** 'စပင်းနက်ချ်'လို့ ခေါ်တယ် . . ."ဟု ပြောပြလေ၏။ မင်းဒင်လည်း ရေး၍မှတ်ထားလေ၏။

"ဒါနဲ့နေပါဦး မောင်မင်းဒင်ရဲ့ . . .၊ အခွံ နွှာတာကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲ . . ."ဟု ဦးထွန်းငြိမ်းက မေးလိုက်လေ၏။

"မသိပါဘူး ဘကြီးငြိမ်းရယ် . . ."ဟု မင်းဒင်က ပြောလေ၏။

" **Peel** ပီးလ်လို့ ခေါ်တယ်ကွ၊ တစ်ခါတည်း မေးလိုက်ဦး မယ်၊ ထောင်းတာရော အင်္ဂလိပ်လို သိရဲ့လား၊ ငရုတ်သီးထောင်းတာမျိုး ကွာ . . ." ဟု မေးလိုက်ရာ မင်းဒင်က -

"မသိပါဘူး ခင်ဗျာ . . ."ဟု ပြန်၍ဖြေလျှင် ဦးထွန်းငြိမ်းက -





" **Pound** 'ပေါင်း' လို့ ခေါ်တယ်ကွ"ဟု ပြောလေ၏။ ထိုအခါ မင်းဒင်က -

"ပြောလက်စနဲ့ ပြောပြပါတော့ ခင်ဗျာ. .၊ ငရုတ်ဆုံနဲ့ ကျည်ပွေ့ ကို ဘယ်လိုခေါ်သလဲ . . ." ဟု မေးလိုက်ရာ ဦးထွန်းငြိမ်းက -

"ငရုတ်ဆုံကို **Mortor** မော်တာလို့ ခေါ် တယ်၊ ကျည်ပွေ့ကိုတော့ **Pestle** 'ပက်စတယ်လ်' လို့ ခေါ်တယ်ကွ . . ."ဟု ပြောပြလေ၏။

မင်းဒင်လည်း ဤသို့လျှင် ဦးထွန်းငြိမ်းထံမှ စာလုံးကလေးများ ကို သင်ကြားခဲ့လေ၏။

မင်းဒင်သည် ဦးထွန်းငြိမ်းနှင့် မခွဲမခွာ နေခဲ့လေ၏။ တစ်နေ့တွင် ဦးထွန်းငြိမ်းက -

"မင်းဒင်ရေ . . .၊ လူ့ဘဝကို ဖြတ်သန်းတဲ့ အခါမှာ အောင်မြင်မှုက ချက်ချင်းရတာမဟုတ်ဘူးကွ၊ အကြိမ်ကြိမ်လွဲချော်ကျဆုံးတတ် သေးတယ်၊ အဲဒီမှာ မင်းသိထားဖို့ကတော့ လက်ဝှေ့သမားဟာ တစ်ဘက် လူက သူ့ကို ထိုးလို့ သူလဲကျသွားမှာကို ဘယ်တော့မှ မကြောက်ဘူးကွ၊ သူ တကယ်ကြောက်တာ ပြန်မထနိုင်မှာကိုပဲ ကြောက် တာကွ . . ."ဟု ပြောလိုက်ရာ မင်းဒင်က -

"အတော်ကောင်းတဲ့ ဥပမာပါပဲ ဘကြီးငြိမ်းရယ် . . .၊ အဲဒါကို အင်္ဂလိပ်လို ပြောတတ်အောင် ကျွန်တော့်ကို သင်ပေးထားစမ်းပါ၊ ကျွန်တော် ကျက်ချင်လို့ပါ . . ."ဟု ဆိုသဖြင့် ဦးထွန်းငြိမ်းက အထက်က ပြောခဲ့ သည့် စကားကို ပေါ်လွင်စေသည့် အောက်ပါ အင်္ဂလိပ်စာကို ရွတ်ပြလေ တော့၏။

**The boxer is not afraid of being knocked down - he's afraid of not being able to get up again .**

မင်းဒင်သည် ဦးထွန်းငြိမ်း ရွတ်ပြသော အင်္ဂလိပ်စကားလုံးကို နှုတ်တက်အာဂုံရသည်အထိ တဖွဖွရွတ်ဆိုနေလေ၏။ ထို့နောက် ဦးထွန်းငြိမ်းက-

“ဘဝမှာ အောင်မြင်ချင်ရင် ဘာကိုပဲ လုပ်လုပ် အကောင်းဆုံး ဖြစ်အောင် လုပ်ရတယ်၊ အဲဒီလို အကောင်းဆုံးလုပ်ဖို့ အထောက်အကူ ကတော့ ဗဟုသုတတွေ လိုတာပေါ့ကွာ . . .၊ အဲဒီဗဟုသုတတွေ များများစားစားရဖို့ကတော့ စာတွေဖတ်ရမှာပေါ့. . .၊ အများကြီးဖတ် ရမယ်၊ ဒါပေမဲ့ မင်းရဲ့ကိုယ်ပိုင်ဉာဏ်နဲ့တော့ နိဂုံးချုပ်ဖို့ နှုတ်ခမ်းသပ်ဖို့ စဉ်းစားရမယ်၊ ဖတ်ထားမှတ်ထားတဲ့ ဗဟုသုတတွေကို နိဂုံးမချုပ်နိုင်ဘူး၊ နှုတ်ခမ်းမသပ်နိုင်ဘူးဆိုရင်တော့ မင်းအတွက် အကျိုးမရှိနိုင်ဘူး၊ အဲဒီ တော့ကွာ . . . ရှည်ရှည်ဝေးဝေး မပြောတော့ပါဘူး၊ ဟောဒီ အင်္ဂလိပ်စာ ပိုဒ်ကလေးနဲ့ပဲ မှတ်ထားလိုက်ရင် ကောင်းမယ်ကွာ . . .

**Read much , but draw your own conclusions .**

ဟု ပြောလိုက်လေတော့၏။

မင်းဒင်လည်း မှတ်စုစာအုပ်နှင့် ရေးမှတ်၍ နှုတ်တိုက်ရွရွ ကျက်မှတ်နေလေ၏။ ထိုအခါ၌ ဦးထွန်းငြိမ်းက -





“လူကလေးမင်းဒင်ရေ . . .၊ မင်းကို ပြောရဦးမယ်ကွ၊ လုပ်ငန်း ကြီးတစ်ခု လုပ်တဲ့နေရာမှာ ခက်တဲ့နေရာ နှစ်နေရာရှိတယ်ကွ၊ အဲဒါဘယ်နေရာလည်း ဆိုတော့ အစနဲ့အဆုံးပဲကွ . . .”ဟုဆိုကာ ထိုစကား၏ အဓိပ္ပါယ်သက်ရောက်သော အောက်ပါအင်္ဂလိပ်စကားကို လည်း ဦးထွန်းငြိမ်းက ရွတ်ပြလေတော့သတည်း . . .။ ။

**The two most difficult moments of any project are the beginning and the end .**

ပ



အခန်း ၊ ၁၀ ၊

# နှစ်ယောက်သား ဘုရားဖူးကြခြင်း

တစ်နေ့တွင် ဦးထွန်းငြိမ်းက မင်းဒင်အား "ဒီနေ့တော့ကွာ . . . ဗဟန်းကြား တောရထိပ် မြေကွက်လပ်မှာ စာအုပ်တွေခင်းပြီး ရောင်းမယ်လို့ စိတ်ကူးတာပဲ၊ အဲဒီတော့ မင်းလည်း ရွှေတိဂုံဘုရား မဖူးရတာကြာပြီမဟုတ်လား . . .၊ ငါနဲ့လိုက်ခဲ့ကွာ . . .၊ ဘုရားအတူ ဖူးကြတာပေါ့. . .၊ မနက်စာလည်း ဆိုင်မှာပဲ စားမယ်ကွာ . . .၊ စားရင်လည်း တရုတ်ဆိုင်မှာပဲ စားမယ်၊ ရေတာရှည်လမ်းက မြေပဲနဲ့ပေါင်းတဲ့ ဝက်သား ပေါင်းရတဲ့ တရုတ်ဆိုင်မှာစားမယ်၊ ဟင်းကောင်း ထမင်း

ကောင်းလေးတွေ မစားရတာကြာပြီကွ. . .၊ ကြာရင် အဆီအဆိမ့်တွေ ခန်းခြောက်ပြီး မာလကီးယား သွားလိမ့်မယ် . . . ” ဟု ပြောလိုက်လေ၏။

“စိတ်ချပါ ဘကြီးငြိမ်း . . .၊ ကျွန်တော် လိုက်ခဲ့ပါမယ် . . . ” ဟု မင်းဒင်က ပြောလေ၏။

“ထမင်းစားပြီးရင်တော့ မင်းက အိမ်ပြန်လာခဲ့ပါကွာ . . .၊ စာအုပ်အဟောင်းတွေ သယ်ဖို့ ရှိသေးတယ်မို့လား . . . ” ဟု ဦးထွန်းငြိမ်းက ပြောလေ၏။

နောက်တစ်နေ့နံနက်စောစောတွင် ဦးထွန်းငြိမ်းနှင့် မင်းဒင်တို့သည် ရွှေတိဂုံဘုရားသို့ ရောက်ခဲ့ကြပြီဖြစ်၏။ စနေထောင့်တွင် နှစ်ယောက်သားထိုင်၍ စကားစမြည် ပြောနေကြလေ၏။

“မင်းအမေကလည်း မင်းကို ငါနဲ့ အပြီးအပ်သွားပြီကွ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ငါနဲ့ဟာ သားအဖလို အတူနေကြရတော့မှာ . . .၊ တကယ်လို့ မင်းအနေနဲ့ အိမ်ထောင်ပြုရင်လည်း ငါက မင်းနဲ့မခွဲဘူးကွာ. . .၊အတူလိုက်ပြီးနေမယ် . . . ”ဟု ဦးထွန်းငြိမ်းက ပြောလိုက်ရာ မင်းဒင်က -

“ဘကြီးငြိမ်းရယ် . . .၊ ဘကြီးငြိမ်းက ကျွန်တော့်အဖေနေရာ ရောက်နေပြီပဲ၊ ကျွန်တော် အိမ်ထောင်ပြုရင်လည်း ဘကြီးငြိမ်းကို အိမ်ဦးခန်းမှာပဲ ထားရမှာပေါ့ . . .၊ ဘကြီးငြိမ်း အလုပ်လုပ်ဖို့မလိုတော့ပါဘူး၊ ကျွန်တော်ကလည်း အခြေခိုင်မှ အိမ်ထောင်ပြုမှာပါ . . . ”ဟု ပြောလိုက်လေ၏။

ဦးထွန်းငြိမ်း၏မျက်နှာသည် ပြုံး၍နေလေ၏။

“အသက်ကြီးမှ သားတစ်ယောက် ကောက်ရတာပဲကွာ . . .၊ ငါလောက် ပျော်စရာကောင်းတဲ့လူ ဘယ်ရှိပါ့မလဲ . . . ” ဟု ဦးထွန်းငြိမ်းက





ပြောလိုက်လေ၏။ မင်းဒင်ကလည်း-

“ကျွန်တော်ကလည်း အဖေ အစားရတာပါပဲ၊ ကျွန်တော့် လောက် ပျော်စရာကောင်းတဲ့လူ ဘယ်ရှိပါ့မလဲ . . . ” ဟု ပြောလေ၏။

ထို့နောက်တွင်ကား ဘကြီးငြိမ်းသည် စနေထောင့်တွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူကာ ဘုရားရှိခိုးလေ၏။ ဘုရားရှိခိုးရာ၌လည်း ကျယ်လောင်စွာရှိခိုးလေ၏။ ထိုသို့ ရှိခိုးပြီးနောက် မင်းဒင်အား မည်သည့် အချိန်အခါမျှ ခွဲ၍သွားမည်မဟုတ်ကြောင်းကို မြတ်စွာဘုရားထံတွင် သစ္စာဆိုလေ၏။ မင်းဒင်ကလည်း ကြာသပတေးထောင့်တွင် ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူကာ ဘုရားရှိခိုးလေ၏။ ထိုသို့ရှိခိုးရာတွင် မိမိသည် ဘကြီးငြိမ်းအား မည်သည့်အခါမျှ စွန့်ခွာသွားမည် မဟုတ်ကြောင်းကို သစ္စာပြုတိုင်တည်လေ၏။

ထို့နောက် ၎င်းတို့နှစ်ဦးလည်း ရွှေတိဂုံ ဘုရားပေါ်မှ ဆင်းခဲ့ကြပြီးလျှင် ရေတာရှည်လမ်းဘက်ဆီသို့ တရွေ့ရွေ့လျှောက်သွားကြလေ၏။

မင်းဒင်သည် စက္ကူဘူးဖြင့် ထည့်ထားသော စာအုပ်ဟောင်းများကို ထမ်းပိုး၍လာခဲ့လေ၏။ ရေတာရှည်လမ်းထိပ်သို့ ရောက်လျှင် ဦးထွန်းငြိမ်းက -

“ဒီနေရာ ကောင်းတယ်ကွ၊ အရိပ်လည်းရတယ်၊ လမ်းနဲ့လည်း နီးတယ်၊ လူသွားလူလာလည်း မကျဲမစိပ် ရှိတယ်ကွ . . . ” ဟု ပြောလိုက်လေ၏။ ထို့ကြောင့် မင်းဒင်လည်း ထမ်းလာသော စာအုပ်ပုံးကြီးကို အောက်သို့ချလေ၏။ ထိုအခါ ဦးထွန်းငြိမ်းက စာအုပ်ပုံးတွင် ကပ်၍ချည်ထားသော တာလပတ်ပြားကို နှိုက်ယူပြီးလျှင် ခင်းလေ၏။

ခင်းပြီးသောအခါ၌ မင်းဒင်က ပုံးအတွင်းမှ စာအုပ်များကို

ထုတ်ကာ စီစီရီရီ ခင်းလေ၏။ ထိုအခါ ဦးထွန်းငြိမ်းက -

"အဲဒီလို စီစီရီရီခင်းရင် ဝယ်တဲ့လူက ကိုင်မကြည့်ဝံ့ဘူးကွ၊ ဟောသလို ဖြစ်သလို ခင်းရတယ်၊ ဇောက်ထိုးကျကျ ပြောင်းပြန်ကျကျ ကွာ. . ."ဟု ဆိုကာ စာအုပ်များကို တာလပတ်ပြားပေါ်သို့ ပစ်၍ ပစ်၍ တင်လေ၏။ ထိုသို့တင်ရင်း -

"ဟောဒီလို ပိုသီပတ်သီထားလိုက်တော့ ဘယ်သူမဆို ဝင်ပြီး ကိုင်ဝံ့တယ်ကွ၊ လှန်ပြီး ဖတ်ဝံ့တယ်ကွ၊ အဲဒါမှ များများရောင်းရမှာ ကွ . . ."ဟု ပြောလေ၏။ ထိုအခါ မင်းဒင်က -

"ကျွန်တော်က သပ်ရပ်ရင် လူကြိုက်မယ် ထင်နေတာ . . ." ဟု ပြောလိုက်ရာ ဦးထွန်းငြိမ်းက

"ကြိုက်ဖို့ဆိုတာက ငါတို့ လမ်းဘေးဈေးသည်အဖို့ ဒုတိယ အဆင့်ကွ၊ ဝယ်တဲ့လူ ရဲအောင် လုပ်ရတာကွ . . ."ဟု ပြောလေ၏။

ထိုအချိန်၌မှာပင် စာအုပ်ကို ကောက်၍ ကြည့်ကာ ဟိုလှန် ဒီလှန် ဖတ်နေသော လူသုံးယောက်ရောက်လာ၏။ ထိုသုံးယောက်အနက် တစ်ယောက်သောသူမှာ သူအလိုရှိသောစာအုပ်ကို မျက်စိဖြင့် ရှာနေ၏။ ကျန်တစ်ယောက်မှာမူ လှန်ကြည့်သလိုနှင့် စာအုပ်ကိုမဲ၍ အပြီးဖတ်နေ၏။ တတိယတစ်ယောက်မှာမူ စာအုပ်ကို တစ်အုပ်ပြီးတစ်အုပ် လှန်ကြည့်နေ၏။

ဦးထွန်းငြိမ်းသည် မင်းဒင်၏ နားအနီးသို့ သူ၏ပါးစပ်ကို ကပ်ကာ-

"မင်းဒင်ရေ . . . ဟောဒီငတိက စာအုပ်ကို မကိုင်ဘူးကွ၊ သူ လိုချင်တဲ့စာအုပ်ပါမပါ မျက်စိနဲ့ ရှာနေတယ်ကွ၊ မပါရင်တော့ ထွက်သွား





လိမ့်မယ်၊ ဝယ်မှာမဟုတ်ဘူး၊ အဲဒီတော့ ငါဟာ ငါးများသူ၊ သူဟာ ငါးတစ်ကောင်ဆိုရင် ဒီငါးကို မိဖို့ မသေချာဘူးကွ. . .

ဟောဒီ . . . ထိုင်ပြီး စာအုပ်ကို မဲပြီးဖတ်နေတဲ့ ငတိကတော့ ဝယ်မှာမဟုတ်ဘူးကွ . . .၊ သူ ဖတ်ချင်တဲ့ စာအုပ်ကို အပြီးထိုင်ဖတ်သွားမှာ. . .၊ အားလည်း နာမယ့်လူမျိုး မဟုတ်ဘူး၊ ငါဟာ ငါးများသူ ဖြစ်ပြီး သူဟာ ငါးတစ်ကောင်ဆိုရင်တော့ ငါးများချိတ်မှာမိမယ့်ငါးမျိုး မဟုတ်ဘူးကွ၊ ငါးများ ချိတ်မှာ တပ်ထားတဲ့အစာကို ဖွဲ့ပြီးစားသွားမယ့် ငါးယုတ်မာကွ . . .၊

ဟောဒီ . . . နောက်ဆုံး တစ်ယောက်ကတော့ တစ်အုပ်ပြီး တစ်အုပ် လှန်ပြီးကြည့်နေတယ်၊ သူ့စိတ်နဲ့ မတွေ့တာတွေကိုတော့ အောက်ကိုပြန်ပြီး ပစ်ချထားတယ်၊ ဘယ်ဘက်မှာ ကိုင်ထားတဲ့ စာအုပ် သုံးအုပ်ကတော့ သူ သဘောကျတဲ့ စာအုပ်ဖြစ်လိမ့်မယ်ကွ၊ အနည်းဆုံး အဲဒီစာအုပ်သုံးအုပ် ဝယ်လိမ့်မယ်ကွ၊ နောက်တစ်ခု ဒီလူဟာ ဘာ ထူးခြားလဲ ကြည့်စမ်း . . ."ဟု ပြောလိုက်ရာ မင်းဒင်က ထိုလူကို လှမ်း၍ ကြည့်ပြီးလျှင် -

"မတွေ့ပါဘူး ဘကြီးငြိမ်းရယ် . . .၊ ဘာထူးလို့လဲ . . ."ဟု ပြန်၍မေးလိုက်လေ၏။

"သူ ဝတ်ထားတဲ့ အဝတ်အစားဟာ ဟိုနှစ်ယောက်ထက် မြင့်တယ်ကွ၊ ဒါပေမဲ့ ဟိုနှစ်ယောက်မှာ လက်ပတ်နာရီ ကိုယ်စီပါကြတယ်၊ သူ့လက်မှာ လက်ပတ်နာရီ မတွေ့ရဘူးကွ၊ ပျက်လို့ ဆိုင်ပို့ထားတယ် ဆိုရင်လည်း လက်ကိုကြည့်လိုက်တာနဲ့ လက်ပတ်နာရီနဲ့ ခေတ္တကင်းကွာ သွားတယ်ဆိုတာ သိသာနိုင်ပါတယ်ကွာ. . .၊ အခု ဒီလိုမဟုတ်ဘူး

ကိုယ့်လူရေ . . .၊ လက်ပတ်နာရီကို လုံးဝပတ်တဲ့လူစားမျိုးမဟုတ်ဘူး ဟေ့ . . .”ဟု ဦးထွန်းငြိမ်းက ပြောလိုက်ရာ မင်းဒင်က -

“ဘယ်လိုလူစားမျိုးလဲ ဘကြီးငြိမ်းရဲ့. . .”ဟု ခပ်တိုးတိုး အလန့်တကြားဖြင့် ပြန်၍မေးလိုက်လေ၏။

“ဘယ်လိုလူစားဖြစ်ရမလဲ မောင်မင်းဒင်ရယ် . . .၊ အချိန်ကို ဂရုမစိုက်တဲ့ လူစားပေါ့ . . .၊ ဒီလိုလူမျိုးဟာ လခစားအလုပ်သမား ဘယ်ဖြစ်နိုင်မလဲကွာ . . .၊ အချိန်ကို အလေးမထားရင် လခစား အလုပ်သမားလုပ်လို့မရဘူးကွ၊ မကြာခင် ပြုတ်သွားမှာ . . .၊

အဲဒီတော့ အပြင်လုပ်ငန်းသမား ဖြစ်လိမ့်မယ်ကွ၊ သူကြိုက်တဲ့ စာအုပ်တွေဘာတွေကိုလည်း သိပ်ပြီး ဆစ်လားဘာလားမလုပ်ဘဲ ဝယ်နိုင်မယ့် လက္ခဏာရှိတယ်ကွ၊ ငါက ငါးမျှားတဲ့လူဆိုရင် သူဟာ ငါ့ရဲ့ ငါးမျှားချိတ်မှာ ဒီနေ့အဖို့ မိနိုင်မယ့် ငါးထဲမှာ တစ်ပိဿာထက် မနည်းတဲ့ ငါးကြီးပဲကွ . . .၊ ဘစ်ဖစ်ရှ် (**Big Fish**) ပေါ့ကွာ . . .”ဟု ပြောစဉ်၌မှာပင် ထိုသူသည် စာအုပ်သုံးအုပ်၏ တန်ဖိုးကို မေးပြီးလျှင် ဦးထွန်းငြိမ်းအား ငွေချေလေတော့သတည်း။

ျ





အခန်း ၊ ၁၁ ၊

# မင်းဒင်၏မိခင်ထံမှ ပေးသော စာတစ်စောင်

နံနက် ၁၀ နာရီ ထိုးသောအခါ၌ ဦးထွန်းငြိမ်းသည် စာအုပ် အတော်အတန်ရောင်းရပြီဖြစ်၏။ ထို့ကြောင့် စာအုပ်ရောင်းခြင်းကို ခေတ္တရပ်၍ ရေတာရှည်လမ်းထဲတွင်ရှိသော မြေပဲဖြင့် ပေါင်းသည့် ဝက်သား ပေါင်းရသောဆိုင်တွင် နှစ်ယောက်သား နံနက်စာကို မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုသို့ စားနေစဉ်အတွင်း ဦးထွန်းငြိမ်းက

"ထမင်းစားပြီးရင် မင်း အိမ်ပြန်တော့ကွာ၊ စာအုပ်အဟောင်း တွေပြန်ပြီး 'သ'နေ၊ ငါကတော့ ညနေ ဆိုင်သိမ်းပြီးမှ ပြန်လာခဲ့မယ်၊



ထမင်းဟင်းလည်း မချက်နဲ့ကွ၊ ဆိုင်မှာပဲ စားမယ်ကွာ . . ."ဟု ပြောလေ၏။ ထိုအခါ မင်းဒင်က -

"ပြောရဦးမယ် ဘကြီးငြိမ်းရဲ့ . . .၊ ကျွန်တော့်အမေက ကျွန်တော်တို့ ရန်ကုန်ပြောင်းလာတာကို မသိရှာသေးဘူး၊ ကျွန်တော်တို့ နှစ်ယောက်ကို နယ်မှာပဲ ရှိနေတယ်ထင်ပြီး လာပြီးရှာချင်ရှာမှာ. . ."ဟု ပြောလိုက်ရာ ဦးထွန်းငြိမ်းက ရယ်လေ၏။ ကျေနပ်အောင် ရယ်ပြီး နောက် -

"တို့ ရန်ကုန်ကိုရောက်တာ ရက်(၂၀)ပဲ ရှိပါသေးတယ်ကွာ. . .၊ မပြောင်းခင်ကတည်းက မင်းအမေဆီကို ငါက စာထည့်လိုက်ပါတယ်၊ ရန်ကုန်ရောက်ပြီးတော့လည်း စာတစ်စောင် ထည့်လိုက်သေးတယ်၊ လူကြုံနဲ့လည်း စာတစ်စောင်ပေးလိုက်သေး တယ်၊ အဲဒီအတွက်တော့ မပူပါနဲ့ကွာ . . .၊ ငါတို့ နှစ်ယောက် ရန်ကုန်ရောက်နေပြီဆိုတာ သူသိပါ တယ်၊ နောက်တစ်ခု မင်းကို ငါပြောထားရဦးမယ်၊ မင်းအမေဟာ အသက် ငယ်သေးတယ်ကွ . . .၊ (၄၀)တောင် မပြည့်သေးဘူးကွ၊ (၃၈) နှစ်ပဲ ရှိသေးတယ်၊

အဲဒီတော့ အိမ်ထောင်ပြုချင် ပြုလိမ့်ဦးမယ်ကွ၊ မင်းနဲ့ လာနေ ဖို့ဆိုတာ သိပ်တော့မသေချာဘူး၊ နောက်တစ်ခုက မင်းအမေဟာ သတ္တိ ကောင်းတယ်ကွ၊ ဇွတ်တရွတ်လုပ်တတ်တဲ့ ညဉ်ရှိတယ်၊ သူ့စိတ်ထဲမှာ မှန်တယ်ထင်ရင် စွတ်ရွတ်လုပ်မှာကွ၊ အဲဒါကြောင့် မင်းအနေနဲ့ မင်းဟာ သူနဲ့အတူနေဖို့ မစဉ်းစားပါနဲ့ကွာ . . .၊ ထောက်ပံ့နိုင်ရင်တော့ ထောက်ပံ့ ပါ . . ."ဟု ပြောလေ၏။

မင်းဒင်၏ စိတ်တွင် ရန်ကုန်ရောက်လာခြင်းမှာ အိပ်မက် မက်နေ

သကဲ့သို့ရှိ၏။ ရန်ကုန်ရောက် လာတာ တကယ်ရောဟုတ်ရဲ့လား။ အိပ်မက် မက်နေတာများလားဟုပင် ထင်မှတ်မိလေတော့၏။

မင်းဒင်သည် ထမင်းစားပြီးသောအခါ၌ ဦးထွန်းငြိမ်းအား နှုတ်ဆက်၍ အိမ်သို့ ပြန်လာလေတော့၏။ ည (၇) နာရီထိုးသည်အထိ ဦးထွန်းငြိမ်း ပြန်မလာသောကြောင့် မင်းဒင်သည် အမျိုးမျိုးအဖုံဖုံ တွေးတော၍ စိတ်ပူနေလေတော့၏။ ည (၈)နာရီထိုး သောအခါ၌ ရဲတစ်ဦးသည် စက်ဘီးတစ်စီးဖြင့် ရောက်လာလေ၏။ ထိုရဲသည် ဤပတ်ဝန်းကျင်၌ စာအုပ်ဟောင်းရောင်းသော ဦးထွန်းငြိမ်းဆိုသည့်လူ ရှိ မရှိ မေးမြန်းနေလေတော့၏။ ထို့ကြောင့် အိမ်နီးချင်း အဒေါ်ကြီးက ထိုရဲနှင့် မင်းဒင်ကို တွေ့ပေးလိုက်လေ၏။ ထိုရဲက မင်းဒင်အား -

"အဲဒီ စာအုပ်အဟောင်းရောင်းတဲ့ ဦးထွန်း ငြိမ်းနဲ့ မင်းနဲ့က ဘာတော်သလဲ . . . "ဟု မေးလေ၏။ ထိုအခါ မင်းဒင်က -

"ကျွန်တော့်ဆရာပါဗျာ . . .၊ ပြီးတော့ သူနဲ့ ကျွန်တော်က အတူတူနေတာပါ၊ သားအဖလို့လည်း ပြောလို့ရပါတယ် . . . " ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ရဲက -

"စိတ်မကောင်းတော့ မဖြစ်ပါနဲ့ကွာ . . .၊ ဦးထွန်းငြိမ်းဟာ ဖယောင်းတိုင်လေးတွေ ထွန်းပြီး စာအုပ်ရောင်းနေတာ လေတိုက်လိုက်တော့ ဖယောင်းတိုင်က မီးငြိမ်းသွားပါရောကွာ . . .၊ အဲဒီမှာ ကားတစ်စီးက သူ့ကို မမြင်ဘဲ ဝင်ပြီးတိုက်တော့တာပဲ၊ ကားမောင်းတဲ့လူကိုလည်း သက်ဆိုင်ရာက ဖမ်းထား ထားပါတယ်၊ ဆေးရုံကိုရောက်မှ သူ့ရဲ့အကျႌထဲကို ရှာကြည့်တော့ ဟောဒီစာတစ်စောင်ကို တွေ့လို့ သူနေတဲ့ လိပ်စာကို ခန့်မှန်းပြီး ဆေးရုံက ငါတို့စခန်းကို ဆက်သွယ်တော့ ငါက စခန်းကနေ





လာခဲ့တာ . . . "ဟု ဆိုကာ စာတစ်စောင်ကို ထုတ်ပေးလေ၏။

မင်းဒင်လည်း ထိုစာကိုယူ၍ ဖတ်လိုက်လေ၏။ စာမှာ စာတိုက်မှ တံဆိပ်ခေါင်းတပ်၍ ပို့လိုက်သောစာဖြစ်၏။ စာအိတ်မှာ ဖောက်ထား ၏။ မင်းဒင်လည်း ထိုစာကို ဖတ်ကြည့်ရာ မင်းဒင်၏မိခင်မှ ဦးထွန်းငြိမ်း ထံသို့ ရေးပို့လိုက်သောစာဖြစ်၏။ စာမှာ အောက်ပါအတိုင်းဖြစ်၏။

***ကိုထွန်းငြိမ်း . . .***

*ရှင်နဲ့မင်းဒင်တို့ ရန်ကုန်ကို ပြောင်းသွားကြပြီဆိုတဲ့ အကြောင်း ရေးတဲ့ စာသုံးစောင်ရပါတယ်၊ လိုအပ်ရင် ရန်ကုန်တင်မဟုတ်ပါဘူး၊ ငရဲပြည်လည်း ပြောင်းချင်ပြောင်းရမှာပဲ၊ ဒါ မဆန်းပါဘူး၊ နောက် တစ်ခု ပြောချင်တာက ကျွန်မသားလေး မင်းဒင်ကို မအေနား တကပ်ကပ်လုပ်ပြီး ချွဲနေတဲ့ သားငချွဲလေး မဖြစ်စေချင်ဘူး၊ သူ့ခြေထောက်ပေါ် သူရပ်ပြီး ဒေါင်ဒေါင်မြည်တဲ့ ယောကျာ်းလေးဖြစ်စေချင်တယ်၊*

*ရှင့်ကို တစ်ခါတည်း ပြောရဦးမယ်၊ ကျွန်မက အခုမှ (၃၈)နှစ်ပဲရှိသေးတာ . . .၊ အရွယ်က ကျန်သေးတယ်၊ ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ အိမ်ထောင်ပြုချင် ပြုရဦးမယ်၊ ရှင့်ကိုတော့ ထာဝရကျေးဇူးတင်လျက်ပါပဲ. . .*

***သေးတင်***

မင်းဒင်လည်း ထိုစာကို ဖတ်ပြီးနောက် အံ့သြ၍ သွားလေ၏။ ဦးထွန်းငြိမ်းသည် ထိုစာအကြောင်းကို မပြောဘဲ ထိန်ချန်၍ထားလေ၏။ ထိုသို့ ထိန်ချန်ထားခြင်းမှာလည်း မင်းဒင် စိတ်မကောင်းဖြစ်မည်စိုး၍ ထိန်ချန်ထားခြင်းဖြစ်၏။ မင်းဒင်သည် ဆေးရုံသို့ လိုက်သွား၏။ အခြားသော လူသေအလောင်း များကြားတွင် ဦးထွန်းငြိမ်း၏အလောင်းကို တွေ့ရလေ

၏။ သက်ဆိုင်ရာ ရဲစခန်းသို့ သွားရောက်၍ စုံစမ်းသောအခါ၌ ဦးထွန်းငြိမ်းကိုတိုက်သော ကားဒရိုင်ဘာကို တွေ့ရလေ၏။ မင်းဒင်က အမှုကို ပိတ်စေလိုကြောင်း သက်ဆိုင်ရာရဲစခန်းကိုပြော၏။

ထို့ကြောင့် ထိုစခန်းမှ တာဝန်ရှိသူများက ဦးထွန်းငြိမ်း၏ စာအုပ်များထည့်ထားသော စက္ကူပုံးနှင့် တာလပတ်ပြားကို မင်းဒင်လက်သို့ပေးလိုက်လေ၏။ မင်းဒင်လည်း ဝမ်းနည်းကြေကွဲစွာဖြင့် အိမ်သို့ပြန်လာလေ၏။ ထို့နောက်တွင်ကား ရပ်ကွက်မှ နားလည်သူများနှင့် တိုင်ပင်ကာ ဦးထွန်းငြိမ်း၏ ဈာပနကို စီမံရလေတော့၏။ (၇)ရက် ပြည့်သောအခါ၌လည်း ဦးထွန်းငြိမ်းအတွက် ဆွမ်းသွပ်ပေးရလေ၏။

မင်းဒင်သည် ဝမ်းနည်းကြေကွဲလွန်း၍ မျက်လုံးအိမ်တွင် မျက်ရည်များစို့လာလေ၏။ သို့ရာတွင် 'ငါမငိုဘူး . . .'ဟု စိတ်ကိုတင်းကာ မျက်ရည်မထွက်ရန် ထိန်းချုပ်ထားလိုက်လေတော့၏။ ထို့ကြောင့် ကျမည့်မျက်ရည်များသည် တာတမံတုတ်လိုက်သည့်အလား ရပ်တန့်၍သွားလေတော့၏။

မင်းဒင်နှင့် ဦးထွန်းငြိမ်းတို့နေသော အိမ်မှာ သီးခြားအိမ်မဟုတ် ပေ။ သုံးပင်နှစ်ခန်း ဆောက်ထားသည့် ပျဉ်ထောင်အိမ်တစ်လုံး၏ ဘေးအဖီကလေးသာဖြစ်၏။ ထိုနေရာလေးသည် ငါးထပ်ကြီးဘုရားနှင့် များစွာမဝေးလှပေ။ မသိသောသူများက ထိုရပ်ကွက်ကို 'ငါးထပ်ကြီးရပ်ကွက်' ဟု အလွယ်တကူ ခေါ်ကြလေ၏။ ဦးထွန်းငြိမ်းသေပြီး ရက်လည်ဆွမ်းသွပ်ပြီးသောအခါ၌ အိမ်ရှင်ဖြစ်သူ အဒေါ်ကြီးက မင်းဒင်အားခေါ်၍ -

"မောင်မင်းဒင် . . . ဦးထွန်းငြိမ်းဆုံးပြီး မကြာခင်မှာ ဒီစကားမျိုး ပြောရတာ စိတ်မကောင်းပါဘူး၊ ဦးထွန်းငြိမ်းက လမ်းဘေးမှာ စာအုပ်





ရောင်းတယ်၊ မင်းက သူ့ကို မှီခိုနေရတာ. . .၊ ဘာဝင်ငွေမှ ရှိတာ မဟုတ်ဘူး၊ အဲဒီတော့ တို့ရဲ့အိမ်လခကိုလည်း ပေးနိုင်မှာမဟုတ်ဘူး၊ 'ချစ်တုန်း မုန်းစကားပြော . . .' ဆို သလိုပဲ၊ အခုကတည်းက ပြောလိုက်မယ်ကွယ် . . .၊ ဒီလကုန်ရင် မင်းပြောင်းပေးပါ၊ ပေးရမယ့်အိမ်လခကိုလည်း တစ်ပြားမကျန်ပေးခဲ့ပါ . . ."ဟု ပြောလေ၏။ ထိုအိမ်ရှင် အဒေါ်ကြီး၏အမည်မှာ ဒေါ်ငွေခင်ဟူ၍ဖြစ်၏။ နာမည်နှင့်လူနှင့် အလွန်လိုက်ဖက်ပေ၏။

"ဒီမှာ အဒေါ် . . .၊ ကျွန်တော့်ကို အိမ်လခမပေးနိုင်ဘူးဆိုပြီး နှင်လိုက်တာလား . . .၊ ပေးနိုင်ရင် ဆက်ထားမှာလား . . ."ဟု မင်းဒင်က မေးလိုက်ရာ ဒေါ်ငွေခင်က -

"ဟိုကရှာ . . . ဒီကရှာနဲ့ ကပ်သီးကပ်သတ် ရှာပေးတဲ့ ပိုက်ဆံ ကို ငါ မစားချင်ပါဘူး၊ ပြောင်းပါကွယ် . . .၊ စကားကြောမရှည်ပါ နဲ့ . . ."ဟု ပြောလေ၏။

"ဒီလိုအဒေါ်ရဲ့ . . .၊ ကျွန်တော် အိမ်လခ မှန်မှန်ပေးမယ်၊ ဒါကြောင့် မပြောင်းနိုင်ဘူး၊ အဲဒီလို မပြောင်းတဲ့အတွက် အဒေါ် ဘာလုပ်မလဲကြည့်ချင်တယ်၊ အဒေါ့်ကို တစ်ခုပြောလိုက်မယ်၊ မင်းဒင်ဆိုတာ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်နော်၊ စိတ်ညစ်နေတာနော် . . .၊ ညစ်လုံးလုံးပစ်လိုက်ရင် အဒေါ် လှုပြည်မှာ ကြာကြာနေရမှာမဟုတ်ဘူး၊ အခု အဒေါ့်အနေနဲ့ ဘာပူစရာလိုလို့လဲ၊ ငကြွဲဆန် ကောင်းကောင်းလေးနဲ့ ချက်တဲ့ ထမင်းရယ်၊ ဆီပြန်ဟင်းရယ်ကို စားနေရတာကို ငြီးငွေ့ပြီလား . . ."ဟု မင်းဒင်က မေးလိုက်ရာ ဒေါ်ငွေခင်က -

"အစတုန်းကတော့ သနားလို့ လကုန်ထိ ထားမလို့ပဲ့ . . .၊

အခုတော့ မထားတော့ဘူး . . .၊ ဒီနေ့ညကို မထားတော့ဘူးဟေ့ . . .၊ ရပ်ကွက်က လူကြီးနဲ့ကို တိုင်ပြီး မောင်းထုတ်မယ် . . .”ဟု ပြောလိုက်ရာ မင်းဒင်က -

တဟားဟား ရယ်လိုက်လေတော့သတည်း . . .။ ။

“ဟား . . . ဟား. . . ဟား. . . ဟား. . . ဟား . . .”

ပ





**အခန်း ၊ ၁၂ ၊**

# ငယ်ဆရာနှင့်တွေ့ခြင်း

မင်းဒင်သည် အလုပ်ရှာရန်အတွက် မြို့ထဲသို့ ထွက်လာခဲ့လေ၏။ ပန်းဆိုးတန်းသို့ ရောက်သောအခါ၌ တစ်စုံတစ်ယောက်သောသူက သူ၏ လက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်သဖြင့် ကြည့်လိုက်ရာ ကျောင်းနေစဉ် အခါက ကျောင်းတွင် ဒရေ ဆရာ သို့မဟုတ် ကာယပညာနည်းပြဆရာ ဆရာ ဦးအောင်ပိုင်ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဟာ . . . ဆရာ. . .၊တွေ့ရတာဝမ်းသာပါတယ် ဆရာရယ် . . .၊ ဆရာ့ရဲ့အခြေအနေ အားလုံးကောင်းတယ်မို့လား . . ."ဟု မင်းဒင်က



မေးလိုက်လျှင် ဆရာဦးအောင်ပိုင်က -

"အားလုံးကောင်းတယ်ကွ၊ အောင်ပိုင်လေကွာ . . .၊ အဲဒီတော့ အောင်တယ်ကွာ . . ပိုင်တယ်ကွာ . . .၊ မပိုင်ရင် ဆရာတို့က ခြင်ထောင် ထဲမှာ ပျံနေတဲ့ ခြင်ကိုတောင်ထပြီး မရိုက်ဘူးကွ၊ မင်းကို ငါသတိရပါ တယ်ကွာ . . .၊ ကျောင်းထုတ်ခံလိုက်ရတဲ့အတွက် သနားလည်းသနားမိ ပါတယ်ကွာ . . ."ဟုပြောလေ၏။ ထိုအခါ မင်းဒင်က-

"နေပါဦး ဆရာ . . .၊ ဆရာ အခုဘယ်မှာလဲ . . ."ဟု မေး လိုက်လျှင် ဆရာဦးအောင်ပိုင်က

"ဒီလို မင်းဒင်ရဲ့ . . .၊ မင်း ကျောင်းက ထွက်တဲ့နှစ်မှာပဲ ငါလည်း ကျောင်းကထွက်ပြီး အကျဉ်းထောင်မှာ ထောင်မှူးဝင်လုပ်နေ တယ်ကွ၊ အခုတော့ ရန်ကုန်ထောင်မှာ မဟုတ်ဘူးကွ၊ နက်ဖြန် နယ်ကို သွားရပြီ. . .၊ နေစမ်းပါဦး၊ မင်းရော ဘာတွေလုပ်နေလဲ . . ."ဟု မေးလိုက်ရာ မင်းဒင်က

"ဆရာရေ . . .၊ ကျွန်တော့်မှာ အလုပ်မရှိလို့ အလုပ်ထွက် ရှာတာပဲ . . .၊ အလုပ်မရှိတာက အကြောင်းမဟုတ်ဘူး၊ နေစရာကို မရှိဘူး၊ အိမ်ရှင်ကလည်း မောင်းထုတ်နေပြီ . . ."ဟုပြောလိုက်လေ၏။

"မင်းနဲ့ စကားပြောရတာလဲကွာ . . .၊ တရုတ်ဘိုင်စကုပ်ကို အားလပ်ချိန်ပေးပြီးမှ ဝင်ပြီးကြည့်ရသလိုပဲ၊ အဓိပ္ပါယ် မပေါက်ပါဘူး၊ အေးအေးဆေးဆေးပြောပြစမ်းပါကွာ၊ ငါ လက်ဖက်ရည်တိုက်ပါ့မယ်. . ." ဟု ဆိုကာ ဆရာဦးအောင်ပိုင်က အနီးရှိ လက်ဖက်ရည်ဆိုင်သို့ ခေါ်သွား ပြီးလျှင် လက်ဖက်ရည်တိုက်လေ၏။

ထိုအခါကျမှပင် မင်းဒင်က သူ၏ ဖြစ်ကြောင်းကုန်စင်ကို ပြောပြ

လေ၏။ ဆရာဦးအောင် ပိုင်လည်း လက်ဖက်ရည်ကို တစိမ့်စိမ့်သောက်ရင်း မင်းဒင်၏ဇာတ်လမ်းကို နားထောင်လေ၏။ ထို့နောက်

"မင်းဒင်ရေ . . . မင်းကို ငါ ဘာမှမကူညီနိုင်ဘူးကွာ . . .၊ တစ်ခုတော့ ရှိတယ်ကွ၊ 'သစ်မရခင် *ဝါးပေါင်းကွပ်*' ဆိုတဲ့ စကားအတိုင်း ပေါ့ကွာ . . .၊ မင်း စိတ်ကြိုက် အလုပ်မရခင် ထောင်မှာ ဝင်လုပ်ပါလား ကွာ . . .၊ လောလောဆယ်နေဖို့ နေရာရမယ်ကွာ. .၊လခရမယ်ကွာ . . ." ဟု ဆရာဦးအောင်ပိုင်က ပြောလိုက်လျှင် မင်းဒင်က-

"ဘာလုပ်ရမှာလဲ ဆရာ. . ." ဟု မေးလေ၏။

"အရင်တုန်းကတော့ 'ဝါရာ'လို့ ခေါ်တယ်ကွ၊ အခုတော့ အဲလို မခေါ်ဘူး၊ အမှုထမ်းလို့ ခေါ် တယ်၊ အကျဉ်းသားတွေကတော့ ကွယ်ရာမှာ 'အမန်းနု' လို့ နောက်ပြီးခေါ်ကြတယ်ကွ၊ ဘာပဲဖြစ်ဖြစ်ကွာ လောလောဆယ် မင်းဘဝအတွက် ရပ်တည်လို့ရတာပေါ့ . . .၊ ကျန်တာက တော့ တခြားအလုပ်ကို မင်းဟာမင်း ဆက်ရှာပေါ့ . . .၊ ဒီထက်ကောင်းတဲ့အလုပ်ရတော့လည်း ထွက်တာပေါ့ . . .၊ ဒီအလုပ်ရအောင်တော့ ငါပြောပေးနိုင်ပါတယ်၊ အင်းစိန်ထောင်မှာ လူ လိုတယ်ဆိုတာ ငါ သေချာသိတယ်ကွ၊ အဲဒီက ထောင်ပိုင်ကြီးနဲ့လည်း ငါ ရင်းနှီးပါတယ်ကွ၊ ငါပြောပေးပါ့မယ် . . ."ဟု ဆရာဦးအောင်ပိုင်က ပြောလေ၏။ မင်းဒင်သည် အင်းမလုပ် အဲမလုပ် ငြိမ်၍နားထောင် နေလေ၏။

"ဟေ့ကောင် . . .၊ ပြောဦးလေကွာ. . .၊ ငြိမ်လှချည်လား၊ လုပ်မှာလား . . . မလုပ်ဘူးလား"ဟု ဆရာဦးအောင်ပိုင်က မေးလေ၏။

"ဆရာရယ် . . . အဲဒီအလုပ်ကိုမှ ကျွန်တော် မလုပ်ဘူးဆိုရင် ဒီညမှာကို လမ်းပေါ်မှာ အိပ်ရမှာပဲ၊ ကျွန်တော် လုပ်ချင်သည်ဖြစ်စေ၊





မလုပ်ချင်သည်ဖြစ်စေ လုပ်ရမှာပဲ . . ."ဟု မင်းဒင်က ပြောလိုက်လျှင် ဆရာဦးအောင်ပိုင်က -

"ဒီလိုဆိုလည်း မင်းနေတဲ့အိမ်က အပြီးအပိုင် ဆင်းခဲ့ကွာ . . .၊ မင်းပစ္စည်းတွေယူပြီး ဒီညကို ငါနဲ့လာအိပ်ကွာ . . ."ဟုပြောကာ ဆရာဦးအောင်ပိုင်သည် မင်းဒင်နေထိုင်ရာသို့ လိုက်သွားပြီးလျှင် မင်းဒင်၏ အဝတ်အစားများကို ယူစေ၍ ၎င်းနေထိုင်ရာသို့ ခေါ်သွားလေ၏။

နောက်တစ်နေ့နံနက်တွင် ဆရာဦးအောင်ပိုင်သည် မင်းဒင်အား ခေါ်ကာ အင်းစိန်အကျဉ်းထောင်သို့သွားလေ၏။ ထို့နောက် 'မစ္စတာမက်ကနား'ဟုခေါ်သော အကျဉ်းထောင်အရာရှိကြီးနှင့် တွေ့ဆုံကာ မင်းဒင်အား 'ဝါရာ'ခေါ် အမှုထမ်းအဖြစ် အလုပ်သွင်းပေးလိုက်လေတော့၏။ ထို့ပြင် မင်းဒင်အတွက် နေရာထိုင်ခင်းမှအစ လိုလေသေးမရှိအောင် ဆောင်ရွက်ပြီးမှ ဆရာဦးအောင်ပိုင်သည် ပြန်သွားလေတော့၏။ နောက်နေ့တွင် အမှုထမ်းများအား ကြီးကြပ်သော အမှုထမ်းကြပ်တစ်ဦးက မင်းဒင်အား အင်းစိန်ထောင်တစ်ထောင်လုံးကို လိုက်လံပြသ၍ အမှုထမ်းရမည့်ပုံစံကို ရှင်းပြလေတော့၏။

"ဒီလိုကောင်လေးရဲ့ . . .၊ ဟောဒီတံခါးကြီးကို ထောင်မှာ 'ဗူး'လို့ ခေါ်တယ်ကွ၊ ဒီတံခါးကြီးဟာ မဖွင့်ဘူးကွ၊ အဝင်အထွက် လုပ်တဲ့အခါ တံခါးပေါက်ကလေးကပဲ အဝင်အထွက် လုပ်ရတယ်၊ ဟောဟို အုတ်ခေါင်းတိုင်မြင့်မြင့်ကြီးက အကျဉ်းသားတွေ စားဖို့ ထမင်းဟင်းချက်တဲ့နေရာကွ၊ အဲဒါကို 'ဖိုကြီး'လို့ ခေါ်တယ်ကွ၊ အဲဒီဖိုကြီးမရောက်ခင်မှာ လူတွေ ရှုံးစုရှုံးစုဖြစ်နေတာတွေ့လား. . .၊ အဲဒါကို မိန်းကြေးလို့ခေါ်တယ်၊ ဟိုဘေးက နှစ်ထပ် အဆောက်အဦးကြီးက ဆေးရုံကွ၊ ဟောဒီဘက်ကိုကြည့်လိုက်. . .၊

အဲဒါ အကျဉ်းသားတွေနေတဲ့ အဆောင်တွေ . . .၊ ဒီဘက်ထိပ်ဆုံးက ဟာက အကျဉ်းမကျသေးဘူး. . .၊ အချုပ်ကျတဲ့ သူတွေကိုထားတဲ့ အချုပ်ဆောင်ကွ. . .၊ ဟောဒီ အဆောင်ကစပြီး အကျဉ်းသားတွေကိုထားတယ်. . .၊ ဒါပေမဲ့ . . . ဒီအဆောင်ဟာ အကျဉ်းသားအသစ်တွေကို ထောင်ထဲမှာ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ဘယ်သူ့ကို ဘယ်လိုခေါ်ရမယ်၊ တာဝန်ရှိလို့မေးရင် ဘယ်လိုဖြေရမယ်လို့ ပုံစံနဲ့တကွပြရတဲ့ ပုံစံဆောင်ကွ. . .၊ အိမ်မှာနေရင် အိမ်စည်းကမ်း၊ လမ်းမှာနေရင် လမ်းစည်းကမ်း၊ ကျောင်းမှာနေရင် ကျောင်းစည်းကမ်း၊ ထောင်မှာနေရင်ထောင်စည်းကမ်းလိုက်နာရမှာပေါ့ကွာ . . .၊ အဲဒီလို လိုက်နာတတ်အောင် သင်ပေး တဲ့အဆောင်ကွ. . .”ဟု အမှုထမ်းကြပ်က ပြောလေ၏။ ထိုအခါ မင်းဒင်က “သင်လို့ရော လွယ်လွယ်ကူကူ ရှိရဲ့လား ဆရာ. . .”ဟု မေးရာ ၎င်းအကြပ်က -

“ဒီလိုကွ . . .၊ နေရပ်လိပ်စာ မေးတယ်ဆိုပါတော့ကွာ . . .၊ ကိုယ်ပြောချင်သလို ပြောလို့မရ ဘူး၊ ဘယ်လိုပြောရမယ်ဆိုတာ ထောင်က သင်ပေးတယ်ကွ၊ ဘယ်လိုသင်ပေးသလဲဆိုတော့ *‘လိပ်စာပြောမယ်၊ အိမ်နံပါတ်က စပြောမယ်၊ ပြီးရင် လမ်းကိုပြောမယ်၊ လမ်းပြောပြီးရင် ရပ်ကွက်ကိုပြောမယ်၊ ရပ်ကွက်ပြီးရင် မြို့နယ်ကိုပြောမယ်၊ ပြီးရင် မြို့ကို ပြောမယ် . . .’*လို့ အော်ဟစ်ပြီး သင်ရတာပေါ့ကွာ. . .၊ အဲဒီမှာ အိမ်နဲ့ မနေနိုင်လို့ ကီလီဗောတံတားအောက်မှာ ကပ်ရပ်ပြီးနေရတဲ့ အကျဉ်းသားက ဘယ်လိုဖြေသလဲဆိုတော့ *‘အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဗောတံတား’*လို့ဖြေတယ်ကွ၊ အဖေအမေ နာမည် မေးတဲ့အခါလည်း ကမောက်ကမတွေ ဖြေကြတယ်ကွ၊ အကျဉ်းသားဟာ အဖေအမေနာမည်မေးရင်





မှန်အောင်မဖြေနိုင်ဘူးကွ၊ သူ့နာမည်မှာ ‘ဦး’ ထည့်ပြောပြီး သူ့ အဖေနာမည်လည်းကျရော ‘ဦး’ထည့်မပြောတော့ဘူး ကွ၊ အဲဒီတော့ ထောင်က သင်ရပြန်ရောပေါ့ . . .၊ အဖေနာမည်မှာ ‘ဦး’ ထည့် . . .၊ ကိုယ့်နာမည်မှာ ‘ဦး’ ထည့်ပြီး မပြောရဘူး၊ အမေနာမည်မှာ ‘ဒေါ်’ ထည့်ပြောရ မယ်လို့ တအားကုန် သင်ရပြန်ရောပေါ့”ဟု ရှည်လျားစွာ ရှင်းပြ လေ၏။

ယ



### အခန်း ၊ ၁၃ ၊

## မင်းဒင် ထောင်မှူးကြီးဖြစ်သွားပြီ

မင်းဒင်သည် ထောင်အမှုထမ်းအဖြစ် အကျဉ်းထောင်တွင် ဝင်၍ အလုပ်လုပ်နေပြီဖြစ်၏။

သုံးလခန့်ကြာသောအခါ၌ ရန်ကုန်ရှိ ထောင်အတွက်ရော၊ နယ်မှာရှိသော ထောင်များအတွက်ပါ ထောင်မှူးများလိုသောကြောင့် ထောင်မှူး ရာထူးအတွက် အလုပ်ခေါ်လေတော့၏။

မင်းဒင်သည် ထောင်မှူးစာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ရသဖြင့် ဖြေဆိုခဲ့လေ၏။ သူသည် အလုပ်အတွင်းမှ ဖြေဆိုရသောကြောင့် အခွင့်

အရေးပို၍ရှိလေ၏။ ထို့ကြောင့် ထိုအလုပ်စာမေးပွဲကိုကောင်းစွာ အောင်မြင်ပြီဖြစ်ရာ အင်းစိန်အကျဉ်းထောင်ကြီး၌ ထောင်မှူးအဖြစ် ခန့်ထားခြင်းခံရလေတော့၏။

မင်းဒင်သည် အလုပ်ကို ကောင်းစွာကြိုးစား၏။ ထောင်မှူးအဖြစ် တစ်နှစ်ခန့်လုပ်ပြီးနောက် ထောင်မှူးကြီးဖြစ်၍သွားလေတော့၏။ လုပ်ဖော်ကိုင်ဖက် အမှုထမ်း၊ အရာထမ်းများသည်လည်းကောင်း၊ အကျဉ်းသူ၊ အကျဉ်းသားများသည်လည်းကောင်း မင်းဒင်ကို များစွာချစ်ခင်လေးစားကြလေ၏။

နံနက်တွင် ထောင်ဖွင့်ပြီး အကျဉ်းသားများအား အလုပ်လုပ်ရန် အလုပ်ခွဲရလေ၏။ ထိုသို့ အလုပ်ခွဲ၍ အလုပ်လုပ်ရန် ထုတ်သည်ကို ထောင်ဝေါဟာရအားဖြင့် 'ဘုတ်ထုတ်'သည်ဟုခေါ်၏။ ထိုဘုတ်ထုတ်ခြင်းမှာလည်းအမျိုးမျိုးရှိ၏။ မိန်လ္လာများ သယ်ရန်အတွက် မိန်လ္လာဘုတ်ရှိ၏။ စိုက်ခင်းများတွင် အလုပ်လုပ်ရန်အတွက် စိုက်ပျိုးရေးဘုတ်ရှိ၏။ သားရေချုပ်လုပ်ငန်းလုပ်ရန်အတွက် သားရေဘုတ်ရှိ၏။ လက်သမား အလုပ်ရုံအတွက် လက်သမားဘုတ်ရှိ၏။

ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးအိမ်ဝင်းများ သန့်ရှင်းရေးနှင့် အထွေထွေအလုပ်များအတွက် ထောင်မှူးကြီး ထောင်ပိုင်ကြီးဘုတ်များ ရှိ၏။ တစ်အိမ်လျှင် အလုပ်လုပ်ရန် အကျဉ်းသားငါးယောက်စီ ထောင်မှ ထုတ်ပေးရ၏။

တစ်နေ့တွင် ထောင်ကြပ်စောသန်းထွန်းဟုခေါ်သည့် ကရင်အမျိုးသားလူငယ်လေးတစ်ဦးသည် ထောင်မှူးကြီးအိမ်အတွက် အလုပ်ဘုတ်ထုတ်လေ၏။ ထုတ်လာသောအကျဉ်းသားမှာ ငါးဦးဖြစ်၏။





ထောင်ကြပ်ကလေး စောသန်းထွန်းသည် ထောင်မှူးကြီး မင်းဒင်၏ အိမ်ဝင်းအတွင်းသို့ အကျဉ်းသားငါးဦးကို ခေါ်လာလေ၏။

ထောင်မှူးကြီးမင်းဒင်လည်း ထောင်ကျရုံးသို့ သွားရန်အတွက် ယူနီဖောင်းဝတ်၍ အိမ်ပေါ်မှ ဆင်းလာပြီဖြစ်၏။ စောသန်းထွန်းသည် ထောင်မှူးကြီးအား အရိုအသေပေးလိုက်လေ၏။ ထို့နောက် -

"ထောင်မှူးကြီးခင်ဗျား . . . စုစုပေါင်း ငါးယောက်ရှိပါတယ် . . ." ဟု အစီရင်ခံပြီးလျှင် အကျဉ်းသားငါးဦးအား ထောင်မှူးရှေ့တွင် ပုံစံထိုင်ရန်အတွက် 'ပုံစံ . . .' ဟု အော်လိုက်လေ၏။ အကျဉ်းသားများလည်း ကပျာကယာ ဆောင့်ဆောင့်ထိုင်၍ ခေါင်းကို ငုံ့ထားကြလေ၏။ ထောင်မှူးကြီးမင်းဒင်လည်း အကျဉ်းသားများကို ငုံ့၍ကြည့်လိုက်ပြီးနောက်

"စောသန်းထွန်း . . . ဘာမှုတွေလဲကွ"ဟု မေးလိုက်လေ၏။ ထိုအခါ စောသန်းထွန်းက -

"ဒီထိပ်သုံးယောက်က အမှုကွဲ ဆရာရဲ့ . . ၊ သူတို့သုံးယောက် ကရိုက်မှုပါ . . . ၊ အားလုံးသုံးနှစ် ကျကြတယ်၊ ဒီတစ်ယောက်ကတော့ ခိုးမှုပါ၊ စတိုးဆိုင်ထဲဝင်ပြီး ဟိုဟာဝယ်မလို ဒီဟာဝယ်မလိုနဲ့ ဆိုင်ရှင် အလစ်မှာ တိုင်ကပ်နာရီကိုဖြုတ်ခိုးပြီး ပေါင်ကြားထဲမှာဖွတ်ထားတာ . . . ၊ နာရီက ပေါင်ကြားထဲမှာ ၁၂နာရီ ထိုးပါလေရော ဆရာရယ် . . . ၊ အဲဒါနဲ့ မိပြီး အချိန်ကို မလေးစားမှုနဲ့ ထောင်ထဲရောက်လာတာ ဆရာ . . . "ဟု အရွှန်းဖောက်၍ အစီရင်ခံလိုက်လေ၏။

"ဒီအစွန်က ဆံပင်တွေ ဖြူနေတဲ့ အဘိုးကြီးကရောကွ. . . "ဟု ထောင်မှူးကြီးမင်းဒင်က မေးလိုက်ရာ -

"သူက အလွဲသုံးစားမှုနဲ့ ရောက်လာတာပါ ဆရာ. . . ၊ စာသင်

ကျောင်းကြီးတစ်ကျောင်းရဲ့ ရန်ပုံငွေကို အလွဲသုံးစားလုပ်မိလို့ ဟိုကျောင်းနဲ့ မသင့်တော်လို့ ဒီကျောင်း ပို့လိုက်တာပါ ...၊ သိပ်ပြီမများပါဘူး ဆရာရယ်...၊ သုံးနှစ်ထဲပါ ...၊ အသက်ကလည်း ၅၀ လောက်ရှိပါပြီ..."ဟု စောသန်းထွန်းက ပြောလိုက်လျှင် ထောင်မှူးကြီး မင်းဒင်က အကျဉ်းသားများအား မှတ်မိစေရန်အတွက် ခေါင်းငုံ့ထားရာမှ မော့စေလိုက်၏။ တိုင်ကပ်နာရီခိုး၍ ထောင်ကျလာသော အကျဉ်းသားအား-

"အလို ... ဘယ်သူများလဲမှတ်တယ်...၊ 'ခင်မောင်'ကိုး ...၊ စောသန်းထွန်းရေ ... သူ့ကို မင်း မမှတ်မိဘူးလား ...၊ ပြီးခဲ့တဲ့ ၅ လ ကမှ တို့ဆီက ပြန်သွားတာလေကွာ ..."ဟု ထောင်မှူးကြီး မင်းဒင်က ပြောလိုက်လျှင် ထောင်ကြပ်စောသန်းထွန်းက -

"သိပါတယ် ထောင်မှူးကြီးခင်ဗျာ ...၊ ခင်မောင်ကတော့ 'ဝင်ထွက်...ဝင်ထွက်...' ပါပဲ"ဟု ပြန်၍ပြောလေ၏။

ထို့နောက် ထောင်မှူးကြီးမင်းဒင်သည် ကျောင်းရန်ပုံငွေကို အလွဲသုံးစားလုပ်ခဲ့သည်ဆိုသော အကျဉ်းသားအဘိုးကြီးအား လှမ်း၍ ကြည့်လိုက်ပြီးလျှင် မျက်လုံးပြူး၍သွားလေ၏။ ကတုန်ကယင်ဖြစ်၍ သွားလေ၏။ မျက်နှာပြင်တစ်ခုလုံး ချွေးများ စို့လာလေ၏။ လက်များ လည်း လှုပ်ယမ်းလာလေ၏။

"အော် ... ဘယ်သူများလဲမှတ်တယ်..၊ဆရာဦးလှမြင့်ကိုး..." ဟု ပြောလိုက်လျှင် အကျဉ်းသားကြီးသည် ဒူးများ တဆတ်ဆတ်တုန်၍ သွားလေတော့၏။

ထို့ပြင် ထောင်မှူးကြီးမင်းဒင်အားလည်း ကောင်းစွာမှတ်မိသွားပြီဖြစ်၏။ ထို့နောက် ထောင်မှူးကြီးမင်းဒင်သည် စောသန်းထွန်းဘက်





လှည့်ကာ -

"စောသန်းထွန်းရေ ... ဟောဒီဥစ္စာ တခြားလူမဟုတ်ဘူးကွ၊ ငါ့ရဲ့ဆရာပဲ...၊ အက္ခရာ သင်္ချာစာပြ သိပ်ပြီးကောင်းတာကွ၊ ကျောင်းတုန်းက ငါဟာ အက္ခရာသင်္ချာ ညံ့တယ်ကွ၊ ဒီဆရာရဲ့ ကျေးဇူးကြောင့် ငါဟာ အက္ခရာသင်္ချာကို ကောင်းကောင်းတတ်ခဲ့တယ်၊ ဒါကြောင့် ၁၀ တန်းကို တစ်နှစ်တည်းနဲ့ အောင်တာကွ၊ ဆရာခင်ဗျာ ... ကျွန်တော် ဘီအေ ( **B.A** )အောင်ခဲ့ပါတယ်..."ဟု ထောင်မှူးကြီးမင်းဒင်က ပြောလိုက်လျှင် အကျဉ်းသားကြီးသည် ကတုန်ကယင်ဖြင့် -

"ဟုတ် ... ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ..." ဟု ပြန်၍ပြောလိုက်လေ၏။

"စောသန်းထွန်းရေ ... ငါ့ဆရာကိုတော့ကွာ ...၊ သက်သာတဲ့ နေရာမှာထားပါ၊ ဘာမှမခိုင်းပါနဲ့၊ ခိုင်းဆို ဘာမှမခိုင်းပါနဲ့ကွာ ...၊ အသက်လည်း ကြီးပြီ ...၊ အနားပေးပါ ...၊ ဆရာခင်ဗျာ ... အလုပ်မလုပ်ရပါဘူး၊ ဟောဟိုသစ်ပင်ရိပ်မှာ နားနား နေနေ နေပါ ...၊ တစ်ခုတော့ရှိတယ် ဆရာ ...၊ ဟောဒီအကျဉ်းသားလေးယောက်ကို အက္ခရာသင်္ချာ သင်ပေးပါ ...၊ ဘယ်အဆင့်ထိ သင်ပေးရမလဲဆိုတော့ ကွင်းတွေ ရှင်းတတ်တဲ့အထိ သင်ပေးပါ ...၊ ကျွန်တော် ဗလာစာအုပ်တွေ၊ ခဲတံတွေဝယ်ပေးပါ့မယ် ဆရာ ...၊ သူတို့ကို တွက်ခိုင်းပါ ဆရာ...၊ မှားရင် ကြက်ခြေခတ်ခြစ်ပါ၊ မှန်ရင် အမှန်ခြစ်ပါ...၊ တွက်နည်းရော...၊ အဖြေရော တူနေပါလျက်နဲ့ တစ်ယောက်ကို အမှန်ခြစ်ပြီး၊ တစ်ယောက်ကို အမှားတော့ မခြစ်နဲ့ ဆရာရေ ..."ဟု ပြောလိုက်လျှင် အကျဉ်းသားကြီးသည် ချုံးပွဲချ၍ ငိုလိုက်လေတော့သတည်း ...။ ။



## အခန်း ၊ ၁၄ ၊

# ထောင်တွင်းသို့ စိန်လှိုင်ရောက်လာခြင်း

ထောင်မှူးကြီးမင်းဒင်သည် ထောင်ကြပ်စောသန်းထွန်းနှင့် အကျဉ်းသားများအား ထားခဲ့ပြီးလျှင် ၎င်းကမူ အကျဉ်းထောင်အတွင်းသို့ ဝင်သွားလေ၏။ ညနေသို့ရောက်သောအခါ၌ မိမိအိမ်သို့ ပြန်၍ရောက်လာ၏။ ထိုသို့ရောက်လာပြီးလျှင် စောသန်းထွန်းကို ခေါ်၍-

“ဘယ်လိုလဲ စောသန်းထွန်း. . .၊ ကျောင်းဆရာအဘိုးကြီး အကျဉ်းသားတွေကို အက္ခရာသင်္ချာ သင်သလား . . .”ဟု မေးလိုက်ရာ စောသန်းထွန်းက

"မသင်နိုင်ပါဘူး ဆရာရယ်. . ၊ ကျွန်တော်က ဆရာမှာထားတဲ့ အတိုင်း အက္ခရာသင်္ချာသင်ရမယ်လည်းပြောရော ကြောက်ဒူးတုန်ပြီး ချေးတွေ ထွက်ကျလာတယ်၊ အဲဒါနဲ့သူ့ကို ရေချိုးခိုင်းပြီး သန့်ရှင်းရေး လုပ်ပေးရတယ်. . . ၊ အဲဒီအဘိုးကြီးဟာ စကားကောင်းကောင်း မပြောနိုင် ဘူး၊ ယောဟိုမှာ တုံးလုံးလှဲခိုင်းထားရတယ်. . . ၊ ပါးစပ်ကလည်း တိုးတိုး တိုးတိုးနဲ့ ရွတ်နေတယ်၊ ဘာတွေရွတ်နေသလဲလို့ကပ်ပြီး နားထောင် လိုက်တော့ 'နောင်တ. . . နောင်တ နောင်တ. . . 'လို့ ရွတ်နေတာ ဆရာရဲ့. . . "ဟုပြောလျှင် မင်းဒင်သည် မျက်နှာအကြီးအကျယ်ပျက် ၍သွားလေ၏။ ထို့နောက်မှ -

"ထောင်က မလွတ်မချင်း ဒီကိုပဲ ဘုတ်ထုတ်ပါကွာ. . . ၊ ကျွေးစရာရှိတာ ကောင်းကောင်းမွန်မွန်ကျွေးပါကွာ. . . ၊ အဘိုးကြီး နောင်တရသွားပါပြီ. . " ဟု မင်းဒင်က ပြောလိုက်လေတော့၏။ ထို့နောက် တွင်ကား အကျဉ်းသားဦးလှမြင့်အား အစဉ်သဖြင့် ထောင်မှူးကြီး မင်းဒင် အိမ်တွင် အလုပ်လုပ်ရန် တာဝန်ကျလေတော့၏။ အထက်ပါအဖြစ်အပျက် များဖြစ်ပွားပြီး တစ်နှစ်ခန့်ကြာသောအခါ၌ ထောင်မှူးကြီးအိမ်တွင် အလုပ် ကျသောအကျဉ်းသား ထောင်မှလွတ်သွားလေ၏။ ထို လွတ်သွားသော အကျဉ်းသား၏ နေရာတွင် အကျဉ်းသား အသစ်တစ်ယောက် အစား ရောက်ရှိလာလေ၏။ ထို့ကြောင့် ထောင်ကြပ် စောသန်းထွန်းက ထောင်မှူး ကြီးမင်းဒင်အား -

"ဆရာ. . . ၊ ဒီမှာ နေ့တိုင်းတာဝန်ကျတဲ့ ခင်မောင်လွတ်သွား ပြီ. . . ၊ သူ့အစား အကျဉ်းသား အသစ်တစ်ယောက် ထုတ်လာခဲ့ တယ်. . . "ဟုဆိုကာ အကျဉ်းသားအသစ်အား မြေကြီးပေါ်တွင် ထိုင်ခိုင်း





၍ ထောင်မှူးကြီးမင်းဒင်အား ပြလေ၏။ ထောင်မှူးကြီးက-

"နာမည်ဘယ်သူလဲ. . . "ဟု မေးလေ၏။ အကျဉ်းသားက-

"စိန်လှိုင်ပါ. . . "ဟု ဖြေတော့၏။

"ဘာအမှုလဲ. . . "ဟု မေး၏။ အကျဉ်းသားက-

"အလွဲသုံးစားမှုပါ. . . "ဟုဖြေလေ၏။ ထိုအခါ စောသန်းထွန်းက အကျဉ်းသား၏ နားသယ်ကို ဖြန်းကနဲရိုက်၍ -

"ဟေ့ကောင်. . . လောကကြီးမှာ အလွဲသုံးစားလုပ်နေတာတွေ အများကြီးကွ. . . ၊ ဒါပေမဲ့ ထောင်မကျဘူး. . . ၊ မင်းက ဘာဖြစ်လို့ကျ သလဲဆိုတော့ ပုဒ်မ(၄၂၀) ကိုကျူးလွန်လို့ကွ. . . ၊ ငါပြောမယ်ကွာ. . . ငါ့ဦးလေးက ပြီးခဲ့တဲ့လက ငွေ (၂၀၀) ငါ့ကို အပ်ထားတယ်ကွ၊ ငါက သုံးပစ်တယ်. . . ၊ အဲဒါ အလွဲသုံးစားမဟုတ်လား၊ ဒါပေမဲ့ ငါ ထောင် မကျဘူးကွ၊ ငါ့ဦးလေးကလည်း ငါ့ကို အမှုမဖွင့်ဘူးကွာ. . . ၊ အဲဒီတော့ ပုဒ်မ(၄၂၀)ကို မကျူးလွန်ဘူးလေကွာ. . "ဟု စောသန်းထွန်းက ပြောလေ တော့၏။ ထိုနောက် ထောင်မှူးကြီးမင်းဒင်က မျက်နှာကို မော့ခိုင်းရန် စောသန်းထွန်းအား အချက်ပြလိုက်လေ၏။ စောသန်းထွန်းလည်း -

"ဟေ့. . . စိန်လှိုင်. . . ၊ ထောင်မှူးကြီးကို မော့ကြည့်လိုက် စမ်း. . . "ဟုပြောလေ၏။ စိန်လှိုင်သည် ထောင်မှူးကြီး၏မျက်နှာကို မော့ကြည့်လိုက်လျှင် သွေးဆုတ်၍သွားလေတော့၏။ သူ၏ မျက်နှာတစ်ခု လုံးသည် ဖြူဖတ်ဖြူရော်ဖြစ်၍ သွားလေတော့၏။ ထောင်မှူးကြီးသည် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာ၍ မီးခိုးများကို မှုတ်ထုတ်ရင်း -

"စောသန်းထွန်းရေ. . . ဒီအကျဉ်းသားကို ပင်ပင်ပန်းပန်း မခိုင်းပါ နဲ့ကွာ. . . ၊ ငါ့ဘောင်းဘီတွေကိုပဲ လျှော်ခိုင်းပါ. . . ၊ ပြောင်စင် နေအောင်

လျှော်ဖို့ တော့လိုတယ်၊ အဲဒါကို တန်းစီးနဲ့အပ်ထားလိုက်. . . ”ဟု မှာကြားပြီးလျှင် စိန်လှိုင်၏မျက်နှာကို စေ့စေ့ကြည့်၍ နှုတ်ခမ်းလေး တွန့်ကာ ပြုံးလိုက်လေ၏။ ထိုအပြုံးသည် စိန်လှိုင်၏နှလုံးသားကို ခြောက်ခြားစေလေတော့၏။ ထို့နောက် ထောင်မှူးကြီးသည် စောသန်းထွန်းကို အနီးသို့ခေါ်၍ တစ်စုံတစ်ခုကို တိုးတိုးပြောလေတော့၏။ မည်သည့်အကြောင်းအရာကိုပြောသည်ဟုမသိသော်လည်း ထောင်မှူးကြီး၏ ဘောင်းဘီကို လျှော်ရာ၌ တခြားအချိန်များတွင် မလျှော်ရဘဲ ထမင်းစားချိန်တွင်မှ လျှော်ရလေ၏။ စိန်လှိုင်သည် ဘောင်းဘီကိုလျှော်ရင်း ရွံ့ရှာ၍ ပျို့ကာ ပျို့ကာ အန်လေတော့၏။ ထိုအခါ၌ ၎င်းတို့၏တန်းစီးခေါ် အကျဉ်းသားလူကြီးက စိန်လှိုင်အား ဆုံးမလေတော့၏။ စိန်လှိုင်သည် မစားနိုင်မသောက်နိုင် တပျို့ပျို့တအန်အန်ဖြစ်နေရှာ၏။ ထောင်မှူးကြီးလည်း အကျဉ်းထောင်အတွင်းသို့ ဝင်ရောက်၍ အလုပ်တာဝန်ထမ်းဆောင်ရင်း ညနေကျမှ ပြန်ရောက်လာလေ၏။

ထိုအခါ၌ ထောင်မှူးကြီးက စောသန်းထွန်းအား အခြေအနေကို မေးမြန်းရာ -

“စိန်လှိုင်ဆိုတဲ့အကျဉ်းသားဟာ ငိုနေတော့တာပဲ. . .၊ ပြီးတော့လည်း တိုးတိုးတိုးတိုးနဲ့ ဘာတွေလည်းမသိဘူး ရွတ်နေတော့တာပဲ. . .၊ အဲဒါနဲ့ ကျွန်တော်လည်း သူမသိအောင် အနားကပ်ပြီး နားထောင်ကြည့်တော့ သူရွတ်နေတာ ‘နောင်တ. . . နောင်တ နောင်တ. . .’လို့ ရွတ်နေတာ ဆရာရဲ့. . . ”ဟု ပြောလေတော့၏။ ထိုအခါ ထောင်မှူးကြီးက စိန်လှိုင်အား-

“ဟေ့. . . စိန်လှိုင်၊ ထောင်ကို ရောက်တာ တစ်ပတ်လောက်ပဲရှိသေးတယ်၊ အတော်ရနေပြီဆိုပဲ”ဟု မေးလိုက်ရာ စိန်လှိုင်က-

“ဟုတ်ပါတယ်ခင်ဗျာ. . . အတော်ရနေပါပြီ နောင်တတွေ. . . ” ဟု ပြန်၍ဖြေလိုက်ရာ ကျန်သောသူများက ဝါးကနဲ ဝိုင်း၍ ရယ်မောလိုက်ကြလေတော့၏။ ထို့နောက် ထောင်မှူးကြီးက -

“ဘယ်လိုလဲ စိန်လှိုင်ရဲ့. . .၊ ထောင် ရောက်တာ ရက်ပိုင်းပဲရှိသေးတာ အတော်ဖြစ်နေပြီဆို. . . ” ဟု မေးလိုက်ရာ စိန်လှိုင်က -

“ဟုတ်ကဲ့. . . အတော်ဖြစ်နေပါပြီ ပျို့အန် တဲ့ရောဂါတွေ. . . ” ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ကျန်လူများက ဝိုင်း၍ ဝါးကနဲ ရယ်မောကြပြန်၏။ ထို့နောက် ထောင်မှူးကြီးက အကျဉ်းသားကြီး ဦးလှမြင့်ဘက်လှည့်ကာ -

“ဆရာဦးလှမြင့်ခင်ဗျား. . .၊ ဟောဒီ စိန်လှိုင်ဆိုတဲ့ကောင်အကျွရာသချ်ာမတတ်ဘူးဆရာရဲ့၊ အဲဒါ ဆရာသင်ပေးမှ ဖြစ်မယ်. . . ”ဟု ကျီစားလိုက်ရာ ဦးလှမြင့်သည် -

“မလုပ်ပါနဲ့ ထောင်မှူးကြီးရယ်. . . ”ဟုဆိုကာ ကြုံကြုံပါအောင် ငိုကြွေးလေတော့၏။ စိန်လှိုင်သည် ဦးလှမြင့်ကိုကြည့်၍ -

“ဆရာရယ်. . . မငိုပါနဲ့၊ ထောင်မှူးကြီးဟာ ဆရာ့တပည့်ပဲ၊ ကျွန်တော်နဲ့လည်း သူငယ်ချင်းမဟုတ်လား. . .၊ ကျွန်တော်တို့အပေါ် မှာကောင်းမှာပါ”ဟု နှစ်သိမ့်စကားပြောလိုက်လျှင် အကျဉ်းသား ဦးလှမြင့်က -

“စိန်လှိုင်ရေ. . . မင်းနဲ့ငါနဲ့ဟာ အဖြစ်ဆိုးသကွာ. . . ”ဟု ပြောပြီးလျှင် ဇာတ်မင်းသား ငိုချင်းချသောလေသံဖြင့် -

“ဘိုးစိန်ကို ကြိုးကြိမ်တွေတုတ်ပါလို့ လည်ဂုတ်မှာ ဓားတွေက




မြုံးပန်းတစ်ရာစာစဥ

ဝဲ × × × ဟဲဟဲ" ဟု အော်ဟစ်ဆိုကာ က,လေတော့၏။ ထိုအခါကျမှပင် အကျဉ်းသား ဦးလှမြင့်ကြီးတစ်ယောက် စိတ်ဖောက်သွားပြီဖြစ်ကြောင်း သိရလေတော့၏။ ထိုအခါ ထောင်မှူးကြီးသည် အကျဉ်းသားဦးလှမြင့် အား သက်ဆိုင်ရာသို့ တင်ပြ၍ စိတ်ရောဂါကုသောဌာနသို့ ပို့လိုက်လေ တော့သတည်း။

u





**အခန်း ၊ ၁၅ ၊**

# အကျဉ်းသားဟောင်းနှင့် တွေ့ဆုံခြင်း

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ခြောက်လခန့်ကြာသောအခါ၌ စိန်လှိုင်လည်း စိတ်ဖောက်ပြန်သောရောဂါဖြင့် စိတ်ရောဂါကုဆေးရုံသို့ ပို့လိုက်ရလေတော့၏။ တစ်နေ့တွင် ထောင်မှူးကြီးမင်းဒင်သည် ၎င်းအား အလုပ်သွင်းပေးသော ထောင်ပိုင် ဦးအောင်ပိုင်နှင့် ရွှေတိဂုံဘုရားတွင် ဆုံမိကြလေ၏။ ၎င်းဦးအောင်ပိုင်မှာ တစ်ခါက မင်းဒင်တို့၏ ကျောင်းတွင် ကာယပညာသင်ပြရသော ဆရာဖြစ်၏။ မင်းဒင်နှင့်လည်း လွန်စွာ ရင်းနှီး၏။ ဦးအောင်ပိုင်သည် ထောင်မှူးကြီးမင်းဒင်ကို တွေ့လျှင်



တွေ့ချင်း -

"ဟ. . . မင်းဒင်ရေ. . .၊ မင်းတို့ထောင်ကို ဆရာဦးလှမြင့် တစ်ယောက်ရောက်လာတယ်ဆို. ."ဟု မေးလိုက်ရာ ထောင်မှူးကြီး မင်းဒင်က -

"ရောက်လာပါတယ် ဆရာ၊ သိပ်ပြီးမကြာပါဘူး စိတ်ဖောက် လာလို့ သက်ဆိုင်ရာကို ပို့လိုက်ရတယ်၊ သူတင်မဟုတ်ပါဘူး၊ ဆရာ. . . ကျွန်တော်တို့ အတန်းက စိန်လှိုင်ကို ဆရာမှတ်မိမှာပေါ့. . .၊ ဒီကောင်လည်း ထောင်ထဲကိုရောက်တယ်၊ သူလည်း ခြောက်လလောက်ကြာတော့ စိတ်ဖောက်လို့ စိတ်ရောဂါကုဆေးရုံကို ပို့လိုက်ရတယ်"ဟု ပြောလိုက်လျှင် ဦးအောင်ပိုင်က -

"မင်းရဲ့ပရောဂတော့ ကင်းပါတယ်နော်"ဟု ပြောလိုက်ရာ ထောင်မှူးကြီးမင်းဒင်က -

"ဟောဒီ စေတီတော်မြတ်ကြီးရှေ့မှာ သစ္စာပြုပြီး ပြောဝံ့ပါတယ် ဆရာ. . .၊ သူတို့နှစ်ယောက်စလုံးဟာ ကျွန်တော့်အပေါ်ကို ရက်စက်ခဲ့ကြတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့် ဂွင်ထဲရောက်လာတယ်ဆိုပြီး နည်းနည်းမှ အနိုင်မယူပါဘူး ဆရာ၊ ပျော်စေပျက်စေသဘောနဲ့ ဒါမှမဟုတ် သူတို့ကျူးလွန်ထားတဲ့ မကောင်းမှုလေးတွေပြန်ပြီး သတိရစေချင်တဲ့ သဘောနဲ့ ကျီစားတာတော့ရှိပါတယ် ဆရာ၊ သူတို့ကို ကျွန်တော် မနှိပ်စက်ပါဘူး ဆရာ၊ သူတို့ရဲ့နောင်တတွေက သူတို့ကို နှိပ်စက်လိုက်တာပါ"ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးအောင်ပိုင်က

"ငါလည်း မန္တလေးထောင်ကနေ အင်းစိန်ထောင်ကို ပြန်ပြီး ပြောင်းလာရပြီကွ. . .၊ လကုန်ရင် ဂျူတီစဝင်ပြီ၊ အခု ရန်ကုန်လာတာက

အလုပ်ကိစ္စမဟုတ်ဘူး၊ ငါ့ကလေးနှစ်ယောက်အတွက် ကျောင်းလာအပ်တာကွ. . .၊ ရောက်တုန်းရောက်ခိုက် ဘုရားဖူးမယ်ဆိုပြီး တက်လာတာ. . .၊ အဲဒါ မင်းနဲ့တွေ့တာပဲ၊ ဝမ်းသာသကွာ. . .၊ ဟိုနှစ်ယောက်အတွက်တော့ စိတ်မကောင်းပါဘူး. . .”ဟု ပြောလေတော့၏။ ထို့နောက် ဆရာတပည့်နှစ်ဦး အတူတကွ ဘုရားဖူးပြီးလျှင် လမ်းခွဲလိုက်ကြလေတော့၏။ မင်းဒင်သည် အကျဉ်းထောင်တွင် ထောင်မှူးကြီးလုပ်ရသည့် အလုပ်ကို မပျော်ပိုက်ဘဲ ရှိလေတော့၏။ ထို့နောက် တောင်ပေါ်ဒေသတစ်ခုတွင် အကျဉ်းသားများနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ခဲ့ရာ ထူးဆန်းသော ငှက်ဖျားရောဂါတစ်ခု စွဲကပ်လာလေတော့၏။ ထို့ကြောင့် ထောင်ဆရာဝန်ကြီး၏ထောက် ခံချက်ဆေးစာဖြင့် အလုပ်မှ အပြီးအပိုင် ထွက်လိုက်ရာတွင် ဆရာဝန်ကြီး၏ညွှန်ကြားချက်ဖြင့် ငှက်ဖျားနှင့်ပတ်သက်သော ဆေးဝါးများကို စား၍ စိတ်ရှည်ရှည်ဖြင့် ကုသခံခဲ့ရာ တစ်နှစ်ခန့်ကြာသောအခါ၌ ထိုရောဂါသည် လုံးဝကင်းစင်ပျောက်ကင်းသွားလေတော့၏။ မင်းဒင်သည် အနာဂတ်အတွက် မည်သည့်အလုပ်အကိုင်ကိုလုပ်မည်၊ ဘဝကို မည်သို့လျှောက် လှမ်းရမည်ကို အလေးအနက်စဉ်းစားရလေတော့၏။ ထိုသို့ စဉ်းစားရာတွင် ထောင်မှူးအဖြစ်လည်းကောင်း၊ ထောင်မှူးကြီးအဖြစ်လည်းကောင်း အကျဉ်းထောင်၌ တာဝန်ထမ်းဆောင်ခဲ့စဉ် အကျဉ်းသားများနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ခဲ့ရသည့်အဖြစ်ကို မကြာခဏ စဉ်းစားမိလေ၏။

တစ်နေ့တွင် မင်းဒင်သည် တာမွေဘက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဝင်၍ လက်ဖက်ရည်သောက်နေစဉ် လူတစ်ယောက်သည် ၎င်း၏ စားပွဲသို့ ဝင်ထိုင်ပြီးလျှင် ချထားသော မုန့်ပန်းကန်ကို မင်းဒင်





ဘက်သို့ ထိုးပေးရင်း -

“မုန့်လည်း စားပါဦးဆရာ” ဟု ပြောလေ၏။ မင်းဒင်သည် ထိုသူ၏မျက်နှာကို မော့ကြည့်ပြီးနောက်-

“နေပါစေခင်ဗျာ. . .၊ ကျွန်တော်က မုန့်မစားတတ်လို့ပါ၊ ပြီး တော့ နောင်ကြီးက ဘယ်သူပါလိမ့်. . .”ဟု မေးလိုက်ရာ ထိုသူက -

“ထောင်မှူးကြီးကတော့လုပ်ပြီ၊ ကျွန်တော့်ကို မေ့သွားပြီ လား. . .၊ ကျွန်တော် ‘ကိုစံဖေ’လေ၊ လှည်းကူးဘက်က ဓားပြမှုမှာ တကယ်ဓားပြတိုက်တာက ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ ‘စံရွှေ’ ခင်ဗျ၊ အဲဒါကို အတိုက်ခံရတဲ့ အိမ်ရှင်မိန်းမကြီးက ရဲစခန်းမှာ ထွက်တဲ့အခါမှာ ဓားပြအချင်းချင်းခေါ်တဲ့ နာမည်ကို ‘ကိုစံဖေ’လို့ ခေါ်သံကြား တယ်လို့ ထွက်ပါလေရောဗျာ. . .၊ အဲဒီမှာတင် ကျွန်တော် ထောင်ထဲရောက်တာပါပဲ. . .၊ ဒါပေမဲ့ အမှုမှန်လည်း ပေါ်ပါတယ်၊ ‘စံရွှေ’ကို လည်း ဖမ်းမိတယ်၊ ကျွန်တော့် အယူခံကလည်း နိုင်တယ်လေ. . .၊ အဲဒီတော့ ကျွန်တော်လည်း လွတ်တာပေါ့၊ ကံကြီးပေလို့ ထောင်မှူးကြီးရေ. . .၊ ထောင်ထဲမှာ နေရတုန်းက ထောင်မှူးကြီးအိမ်ကို ဘုတ်ထုတ်တဲ့အခါ ကျွန်တော်ပါတယ်လေ ထောင်မှူးကြီးရဲ့. . .၊ ထောင်မှူးကြီးက အတော့်ကို စိတ်ကောင်းရှိတဲ့လူပါ. . .”ဟု ကိုစံဖေက ပြောလေ၏။ ထိုအခါ မင်းဒင်က-

“ကိုစံဖေရေ. . . ကျုပ်မမှတ်မိတာကိုတော့ ခွင့်လွှတ်ပါဗျာ. . .” ဟု ပြောလိုက်လျှင် ကိုစံဖေက

“ခွင့်လွှတ်ပါတယ် ထောင်မှူးကြီးရယ်. . .၊ ထောင်မှူးကြီးတို့ က အကျဉ်းသားတွေကို တစ်ယောက်ပြီးတစ်ယောက် ဆက်ဆံနေရတော့

ဘယ်မှတ်မိမလဲ. . .၊ ကျွန်တော်တို့ကတော့ ကိုယ့်ကျေးဇူးရှင်ဆိုတော့ ဘယ်မေ့မှာလဲဗျာ. . .”ဟု ပြောလေ၏။ ထိုအခါ မင်းဒင်က -

“ကဲ. . .ကိုစံဖေ၊ ခင်ဗျား ဘာအလုပ်လုပ်သလဲဗျာ. .” ဟု မေးလိုက်လေ၏။ ထိုအခါ ကိုစံဖေက -

“ကျွန်တော်က သစ်သမားပါ၊ သစ်ပေမဲ့ ကျွန်တော်က ‘အိပ်စပို့’ တွေလုပ်တာပါ၊ တစ်ခုတော့ရှိတယ်၊ အခြားသစ်တော့ မလုပ်ဘူး၊ ကျွန်းတစ်မျိုးပဲ လုပ်တာပါ၊ တစ်ခါတလေ သင်းဝင်လေး ဘာလေးတော့ ညှပ်ပြီး လုပ်ပါတယ်. . .” ဟု ဖြေလေ၏။

“နေပါဦး ကိုစံဖေရယ်. . .၊ ခင်ဗျားပြောတဲ့ သင်းဝင်ဆိုတာ နိုင်ငံခြားက ကြိုက်သလား”ဟု မင်းဒင်က မေးလိုက်လေ၏။

“ဒီလို ထောင်မှူးကြီးရဲ့. . .၊ သင်းဝင်ကို တရုတ်က အလွန် ကြိုက်တာပေါ့. . .၊ သူတို့ဘုရား စင်တွေ၊ လူကြီးသူမတွေကို ကန်တော့ တဲ့ စားပွဲတွေကို သင်းဝင်နဲ့ လုပ်လေ့ရှိတယ်. . .၊ သင်းဝင်ကို သူတို့က ဇာမဏီငှက်ရဲ့အတောင်လို့တောင် တင်စားခေါ်ဝေါ်တယ်၊ သင်းဝင်ဆိုတဲ့ သစ်သားကလည်း အလွန်ကောင်းတယ်၊ လေသလပ်တာနဲ့ တဖြည်းဖြည်း နက်သွားတယ်. . .”ဟု ကိုစံဖေက ရှည်လျားစွာ ပြောလေ၏။ မင်းဒင်သည် လက်ဖက်ရည်ကို မော့၍သောက်လိုက်၏။ ထို့နောက် ရေနွေးကြမ်းကို ငှဲ့၍သောက်ပြန်၏။ ထိုအချိန်၌ ကိုစံဖေက -

“ထောင်မှူးကြီးအလုပ်က ထွက်သွားပြီဆိုတာတော့ ကြားလိုက်တယ်၊ အခု ဘာအလုပ်တွေများ လုပ်နေပါသလဲခင်ဗျာ”ဟု မေးလေ၏။

“ဒီလို ကိုစံဖေရေ. . .၊ ကျန်းမာရေး မကောင်းလို့ ဆေးကုသခံ နေရသေးတယ်၊ အခုတော့ ကောင်းသွားပါပြီ၊ ဒါပေမဲ့ ဘာအလုပ်လုပ်





ရမှန်း မသိသေးပါဘူးခင်ဗျာ၊ တစ်ခုတော့ရှိတယ်၊ လခစားအလုပ်တော့ မလုပ်ချင်ပါဘူးခင်ဗျာ. . .”ဟု မင်းဒင်က ပြောလိုက်လျှင် ကိုစံဖေက -

“ဘာများလုပ်မယ်လို့ စိတ်ကူးထားသလဲ၊ ကူညီစရာရှိရင်လည်း ကူညီချင်လို့ပါ. . .”ဟု ပြောရာ မင်းဒင်က -

“ကျောင်းပညာအရည်အချင်းကတော့ ကျွန်တော် ဘီအေ အောင်ပါတယ်၊ အဲဒီတော့ ကျူရှင် ပြရရင် ကောင်းမလားလို့ စဉ်းစား သေးတယ်၊ ဒါပေမဲ့ ကျွန်တော်က အဲဒီအလုပ်ကို ဝါသနာမပါလှဘူး. . .၊ အမှန်အတိုင်းပြောရရင် ထောင်ထဲမှာနေတုန်းကလည်း အများဆုံးလုပ် ရတာ အကျဉ်းသားတွေနဲ့ စိုက်ပျိုးရေးလုပ်ခဲ့ရတာ. . .၊ အဲဒီတော့ မြေ နေရာလေး ကျယ်ကျယ်ဝန်းဝန်းရရင်တော့ လူငှားကောင်းကောင်းနဲ့ စိုက်ပျိုးရေးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်လေး လုပ်ချင်တယ်. . .”ဟု ပြောလိုက်လျှင် ကိုစံဖေက

“ထောင်မှူးကြီးရေ. . .အဲဒီအလုပ်ဆိုရင်တော့ ဘာမှမပူနဲ့ ဗျာ. . .၊ ကျွန်တော် ကူညီမယ်၊ မြေနေရာလည်း ရစေရမယ်”ဟု အားရ ဝမ်းသာ ပြောလိုက်လေတော့သတည်း။

ပ



**အခန်း ၊ ၁၆ ၊**

# ကိုစံဖေက သံလျင်သို့ ခေါ်သွားခြင်း

အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး မျှားမကြာမီ၌ မင်းဒင်ထံသို့ ကိုစံဖေ ရောက်လာလေ၏။ ကိုစံဖေနှင့် မင်းဒင်တို့သည် အချိန်ကြာမြင့်စွာ စကားပြောဖြစ်ကြလေ၏။

"ဒီလို ...ကိုစံဖေရဲ့ ...၊ ကျုပ်ဟာ အကျဉ်းထောင်မှာ ထောင်မှူးကြီးဖြစ်ပြီး မကြာမီမှာပဲ ကျန်းမာရေးက အတော့်ကိုညံ့လို့ အလုပ်ကို မလုပ်နိုင်ဘဲ ထွက်ခွင့်တောင်းပြီး ထွက်လာခဲ့ရတာ ...၊ လုပ်သက်ကလည်း နည်းလေတော့ ကျုပ်ရတဲ့ ဆေးပင်စင် လခကလည်း

အတော့်ကို နည်းပါတယ်ဗျာ . . .၊ အလုပ်ကထွက်ပြီး အလုပ်လုပ်နိုင်သေးတာမဟုတ်ဘူး၊ ဆေးကုနေရသေးတာလေဗျာ . . .၊ အမှန်အတိုင်းပြောရရင် ကျုပ်ဆီမှာ တစ်ပြားမှရှိတာမဟုတ်ဘူးဗျ . . .၊ စားဖို့သောက်ဖို့တောင် အနိုင်နိုင်ပါဗျာ”ဟု မင်းဒင်က ပြောလေ၏။ ထိုအခါ၌ ကိုစံဖေက-

“ဒီလို ထောင်မှူးကြီးရဲ့ . . . ပထမတော့ ခင်ဗျားကို မော်ဘီဘက်က ကျွန်တော်ဝယ်ထားတဲ့ မြေလွတ်တွေဆီကို ခေါ်သွားမလို့ပဲ၊ ဒါပေမဲ့ ခင်ဗျား အလုပ်လုပ်နိုင်သေးမှာမဟုတ်ဘူး၊ အဲဒါကြောင့် ကျွန်တော့် အဒေါ်ဆီကိုပဲ ခေါ်သွားမယ်၊ ကျွန်တော့်အဒေါ်က စိုက်ပျိုးရေး ဝါသနာပါတယ်၊ အလုပ်တွေလည်း အတော်များများ လုပ်တယ်၊ အဲဒီတော့ သူ့ဆီမှာ ခင်ဗျား အလုပ်ဝင်လုပ်ဗျာ . . .၊ တော်တော်လေး အခြေခိုင်တော့မှ သူ့ဆီက အလုပ်ထွက်ပြီး ခင်ဗျား လုပ်ချင်တာ လုပ်ပေတော့ . . .”ဟု ပြောလေ၏။

မင်းဒင်ကလည်း ထိုအကြံပေးချက်ကို သဘောတူလိုက်လေ၏။ များမကြာမီ၌ ကိုစံဖေသည် မင်းဒင်ကိုခေါ်၍ သံလျင်မြို့သို့ ခေါ်သွားပြီးလျှင် ၎င်း၏ အဒေါ်နှင့် တွေ့ဆုံပေးလေ၏။

သံလျင်သင်္ဘောဆိပ်သို့ရောက်ပြီး မြင်းလှည်းစီးကာ သွားရသော ခရီးတစ်ခုဖြစ်၏။ ကိုစံဖေသည် မြင်းလှည်းစီးရင်း မင်းဒင်အား ၎င်း၏ အဒေါ်နှင့်ပတ်သက်သော အကြောင်းအရာများကို ပြောပြလေ၏။

“ကျွန်တော့်အဒေါ်က မုဆိုးမကြီးဗျ . . .၊ သူ့ယောကျ်ားက ဘီအိုစီက အရာရှိတစ်ယောက်ပဲ၊ မြင်းစီးရလွန်းလို့ အူကျပြီး သေဆုံးသွားတယ်. . .၊ ကျွန်တော့်အဒေါ်ယောကျ်ားဟာ အလုပ်ကလည်း ဝင်ငွေကောင်းတဲ့အလုပ်၊ နဂိုကလည်း သူဌေးသားဗျ၊ အမွေတွေ အများကြီးကျန်ခဲ့တာဗျ . . .၊ ယောကျ်ားသေပြီး သိပ်မကြာခင်မှာပဲ ကျွန်တော့်အဒေါ်ကို လာပြီးကမ်းလှမ်းကြတာ အများကြီးပဲဗျ . . .၊ မိန်းမက မိန်းမချောကိုးဗျ . . .၊ ပစ္စည်းကလည်း ရှိလေတော့ တကယ်မေတ္တာရှိတဲ့ လူကလည်း ရှိမှာပေါ့ဗျာ . . .၊ ဒါပေမဲ့ သိုက်တူးမယ့်လူက များပါတယ် . . .”ဟု ကိုစံဖေက ပြောလေ၏။

“နေစမ်းပါဦး ကိုစံဖေရယ်. . .၊ ခင်ဗျားက အဒေါ် . . . အဒေါ်လို့သာ ပြောနေတာ . . .၊ သူ့နာမည်က ဘယ်သူတဲ့တုံး . . .”ဟု မင်းဒင်က မေးလေ၏။ ထိုအခါ၌ ကိုစံဖေက -

“ဒီလို ထောင်မှူးကြီးရေ . . .၊ အဒေါ်က မသူဇာတဲ့ . . .၊ ကျုပ်အမေရဲ့ညီမတစ်ဝမ်းကွဲဗျ၊ အခု သူက သူ့အစ်မကြီး မနီလာရယ်၊ သူ့အစ်မလတ် မသဥ္ဇာရယ်နဲ့ အတူနေတာဗျ . . .၊ သူ့အစ်မ နှစ်ယောက်က အိမ်ထောင်မရှိဘူး၊ အပျိုကြီးတွေ . . .၊ သူက အငယ်ဆုံး မုဆိုးမဗျ. . .”ဟု ပြောလေ၏။

“နေစမ်းပါဦး . . .၊ ခင်ဗျားအဒေါ် မသူဇာက ဘာအလုပ်တွေလုပ်နေတာလဲ . . .”ဟု မင်းဒင်က မေးလိုက်လေ၏။

“ဒီလိုဗျ . . .၊ အရာရှိ အရာခံတွေနေတဲ့ ရပ်ကွက်မှာ ဆန်တို့ ဆီတို့ ထောပတ်တို့ နို့ဆီတို့ ရောင်းတဲ့ဆိုင်ကြီးတစ်ဆိုင် လုပ်ထားတယ်၊ အဲဒီဆိုင်ကြီးဟာ အတော့်ကို ရောင်းရတယ်ဗျာ . . .၊ ဒါပေမဲ့ နာမည်ပေးမထားပါဘူး၊ လူတွေကပဲ မသူဇာစတိုးလို့ ဝိုင်းပြီး ခေါ်ကြတာဗျာ. . .၊ ဒါနဲ့ပဲ အဲဒီနာမည်တွင်ရတာ . . .၊ ပြီးတော့ မြေတွေဝယ်ပြီးတော့ မုန်ညင်းတို့ မုန်လာဥတို့ ဂေါ်ဖီထုပ်တို့စိုက်ပြီး ရန်ကုန် ကုန်စိမ်းဒိုင်အထိ ပို့တယ်ဗျ၊ သီဟိုဠ်ခြံတွေလည်း လုပ်ထားတယ်၊ သံလျင်ကျောက်တန်း သုံးခွအထိ

ပြေးတဲ့ကားတွေလည်း ထောင်ထားတယ်၊ နောက်ထပ် ကျွန်တော် မသိသေးတာတွေလည်း အများကြီးရှိသေးတယ်ဗျ”ဟု ကိုစံဖေက ပြောလေ၏။

“စပ်စုတယ်တော့ မထင်ပါနဲ့ဗျာ . . .၊ ကိုယ် အလုပ်လုပ်ရမယ့် အလုပ်ရှင်ဆိုတော့လည်း သိသင့်သိထိုက်တာတွေ မေးရတာပေါ့ဗျာ. . .၊ မသူဇာရဲ့ အစ်မနှစ်ယောက်က အဲဒီအိမ်မှာ ဘာလုပ်နေကြတာလဲဗျ . . .” ဟု မင်းဒင်က မေးလိုက်လေ၏။ ထိုအခါ ကိုစံဖေက -

“သူတို့ညီအစ်မသုံးယောက်မှာ အဲဒီအကြီး နှစ်ယောက်ဟာ ဒေါ်လေးမသူဇာကို အနိုင်ဆုံးပဲဗျ၊ ပြောရဦးမယ်ဗျာ . . .၊ ဒေါ်လေး မသူဇာဟာ အဒေါ်ဆိုပေမဲ့ အသက်က ကြီးသေးတာမဟုတ်ဘူးဗျ၊ သူက အတော့်ကိုအေးတယ်၊ သူ့အစ်မတွေက အနိုင်ကျင့်လည်း သူက ခေါင်းငုံ့ခံနေတာဗျ၊ ဟိုနှစ်ယောက်ကတော့ သက်သက်ဗိုလ်ကျတာပါဗျာ. . .၊ ဒေါ်လေး မသူဇာရဲ့ယောကျ်ားဆုံးလို့ မုဆိုးမဖြစ်တဲ့နေ့ကစပြီး အိမ်ပေါ်ကို အဲဒီနှစ်ယောက် ရောက်လာတော့တာပဲ၊ အမှန်အတိုင်းပြောရရင် အဲဒီနှစ်ယောက်ဟာလည်း ကျွန်တော့်အဒေါ်တွေပါပဲ၊ ဒါပေမဲ့ လောကမှာ လူယုတ်မာသုံးယောက်လိုချင်တယ်ဆိုရင်တော့ တစ်ယောက်ပဲ ရှာပေတော့ ထောင်မျှုးကြီးရေ. . .၊ ကျန်တဲ့နှစ်ယောက်ကတော့ သူတို့နဲ့တင် လုံလောက်တယ်”ဟု ပြောလေ၏။

ထို့နောက် ၎င်းတို့သည် အုန်းပင်များ၊ ပိန္နဲပင်များ၊ သီဟိုဠ်ပင် များဖြင့် အရိပ်အာဝါသရရှိနေသော ခြံဝင်းကျယ်ကြီး တစ်ခြံအတွင်းသို့ ရောက်ရှိသွားကြလေ၏။ ထိုခြံဝင်းကျယ်ကြီးအတွင်း၌မူ ရေနံ့ဝနေသော နှစ်ထပ်ကျွန်းအိမ်မည်းမည်းကြီးကို တွေ့ရလေ၏။ ထိုကျွန်းအိမ်





မည်းမည်းကြီး၏ ဆင်ဝင်အောက်သို့ရောက်လျှင် မျက်နှာပေါက်ဆိုးဆိုး မိန်းမတစ်ဦးက

“ဟဲ့ . . . . မောင်စံဖေပါလား . . .၊ ငါ မှာထားတဲ့ မျက်စဉ်း များပါခဲ့ရဲ့လား . . .”ဟု မေးလေ၏။ ထိုအခါ ကိုစံဖေက -

“အဲဒီမျက်စဉ်းကို ဦးဇင်းသိန်းမောင်နဲ့ လူ ကြုံပေးလိုက်တယ်လေ. . .”ဟု ပြန်၍ပြောလိုက်လျှင် ထိုမိန်းမက -

“ဦးဇင်းသိန်းမောင်ကလည်း မျက်စဉ်းလိုနေလို့ အဲဒါကို ငါ့ဆီက အလှူခံသွားတယ်၊ အဲဒါကြောင့် ထပ်ပြီးဝယ်ပေးပါဦးလို့ စိန်ကုလား ရန်ကုန်သွားတုန်းက မင်းဆီကိုဝင်ပြီး ပြောခိုင်းလိုက်တာပဲ . . .” ဟု ပြောလေ၏။

“ကျွန်တော့်ဆီကို စိန်ကုလားလည်း မလာဘူး၊ ပတ္တမြားကုလား လည်း မလာဘူး၊ လာပြီးပြောရင်တော့ အဲဒီဆေးဆိုင်က ကျွန်တော့် အိမ်နားမှာပဲ၊ ဝယ်ခဲ့တာပေါ့ . . .၊ အခုတော့ မပါဘူး . . .”ဟု ကိုစံဖေက ပြောလေတော့၏။

ထို့နောက် ကိုစံဖေသည် မြင်းလှည်းပေါ်မှ ဆင်းပြီးနောက် ဒေါ်လေးဖြစ်သူ မသူဇာနှင့်တွေ့ဆုံလေ၏။

“ဒေါ်လေး . . . ဟောဒါ ကျွန်တော့်မိတ်ဆွေ ကိုမင်းဒင်တဲ့ . . .၊ အရင်က အကျဉ်းထောင်မှာ အမှုထမ်းဖူးတယ်၊ အခုတော့ အလုပ်က ထွက်ထားတာ တစ်နှစ်လောက်ရှိပါပြီ၊ ဒေါ်လေးက စိုက်ပျိုးရေး အလုပ် အတွက် ကြီးကြပ်ဖို့လူတစ်ယောက်လိုတယ်ဆိုလို့ ကျွန်တော်က ခေါ်လာတာ . . .”ဟု ကိုစံဖေက ပြောလိုက်လျှင် ဒေါ်သူဇာသည် မင်းဒင်အား တစ်ချက်မျှကြည့်ပြီးနောက် -

"ဒီလိုပါရှင် . . .၊ ကျွန်မအလုပ်တွေက အများကြီးပါပဲ၊ အဲဒါတွေကို ကြီးကြပ်ဖို့ ကျွန်မအနေနဲ့ လူကောင်းတစ်ယောက်လိုပါတယ်၊ ဒါပေမဲ့ တစ်နေ့ကမှ ကျွန်မရဲ့ ကားလုပ်ငန်းရော၊ မြေလုပ်ငန်းရော၊ ကျန်တဲ့လုပ်ငန်းတွေရော ကျွန်မအစ်မတွေကို အပြီးအပိုင် ခွဲပေးလိုက်ပါပြီ . . .၊ ကျွန်မမှာက စတိုးဆိုင် လုပ်ငန်းလေးပဲရှိပါတော့တယ်၊ အဲဒါလည်း ကျွန်မတစ်ယောက် တည်းနိုင်ပါတယ်၊ ဒါကြောင့် လူမလိုတော့ပါဘူး . . ."ဟု ချိုသာသော အသံဖြင့် ပြောလေ၏။ ထိုအခါ ကိုစံဖေက -

"မသိဘူးလေ ဒေါ်လေးရယ် . . .၊ ပြီးခဲ့တဲ့ အပတ်က ဒေါ်လေး လူလိုတယ်ပြောတာကိုး. . .၊ ကျွန်တော်က ရှာခဲ့တာပေါ့. . ."ဟု ပြောလိုက်လျှင်

"ဟုတ်ပါတယ် မောင်စံဖေရယ် . . .၊ အစ်မနှစ်ယောက်ကို လုပ်ငန်းတွေ ခွဲမပေးလို့ မရတော့ဘူး၊ သူတို့နှစ်ယောက်စလုံး အိမ်ထောင်ပြုကြတော့မှာ . . .၊ သူတို့နှစ်ယောက်အတွက် အဲဒီလို စီစဉ်ပေးလိုက်တာ အကောင်းဆုံးပဲမဟုတ်လား . . ."ဟု ကိုစံဖေ၏ ဒေါ်လေးဖြစ်သူ မသူဇာဆိုသူက ပြောလေ၏။ ထိုအခါ ကိုစံဖေက -

"နေစမ်းပါဦး ဒေါ်လေးရယ် . . . အဲဒီနှစ် ယောက်က ဆိုင်းမဆင့် ဗုံမဆင့် ယောကျ်ားယူကြတော့မယ်ဆိုတော့ ဘယ်ကယောကျ်ားတွေလဲ" ဟု မေးလိုက်ရာ ၎င်း၏ဒေါ်လေး မသူဇာက-

"မောင်စံဖေရယ် . . . ဒေါ်လေးအနေနဲ့ မပြောပါရစေနဲ့ကွယ်. . .၊ မင်းသိချင်ရင် မင်းဟာ မင်းသာ စုံစမ်းကြည့်ပါတော့ကွယ်. . ."ဟု ပြောကာ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်လေတော့သတည်း။





**အခန်း ၊ ၁၇ ၊**

# မိုးသည်းသည်းမည်းမည်း ရွာလိုက်ခြင်း

မင်းဒင်သည် သံလျင်မှ ပြန်လာပြီး ရက်များစွာ မကြာမီ အတွင်း၌ပင် ကိုစံဖေနှင့်ထပ်မံတွေ့ဆုံလေ၏။

"လောလောဆယ် ခင်ဗျားအနေနဲ့ နေဖို့ဆိုရင်တော့ သယ်န်းကျွန်းဘက်မှာ စီစဉ်လို့ရပါတယ်၊ သားအမိနှစ်ယောက်နေတဲ့ ပျဉ်ထောင်အိမ်ဘေးမှာ မြေကွက်လပ်ရှိတယ် . . .၊ အဲဒီမြေကွက်လပ်မှာ ထိုက်သင့်သလို နေရာထိုင်ခင်းလေး စီစဉ်လို့ရပါတယ်၊ အလုပ်လုပ်ဖို့ကိုတော့တစ်မျိုး စီစဉ်ရမှာပေါ့ဗျာ . . ."ဟု ကိုစံဖေက ပြောလေ၏။



"ကျုပ်အတွက်တော့ လိုအပ်တာ အမှန်ပါပဲ ကိုစံဖေရယ် . . .၊ ဒါပေမဲ့ အဲဒီမြေကွက်ရယ်၊ သားအမိနှစ်ယောက်ဆိုတာရယ်က ဘယ်သူတွေတုံး . . .၊ ကိုစံဖေနဲ့ ဘယ်လို ပတ်သက်တာတွေတုံး . . ."ဟု မင်းဒင်က မေးလေ၏။

"ဒါက ဒီလိုထောင်မှူးရဲ့ . . ."ဟု ကိုစံဖေက နှုတ်ကျိုးနေသည့်အတိုင်း မင်းဒင်ကို 'ထောင်မှူး'ဟု ခေါ်လေ၏။

"အဲဒီလို မခေါ်စမ်းပါနဲ့ဗျာ . . .၊ ကျုပ်ဟာ ထောင်မှူးလည်း မဟုတ်တော့ပါဘူး . . ."ဟု မင်းဒင်က ပြောလိုက်လျှင် -

"နှုတ်ကျိုးနေလို့ပါဗျာ . . .၊ ကိုမင်းဒင်လို့ပဲ ခေါ်ပါ့မယ်. . ." ဟု ကိုစံဖေက ပြန်၍ပြောလေ၏။

"အေးဗျာ. . . အဲဒါပဲ ကောင်းပါတယ်"ဟု မင်းဒင်က ပြောလိုက်လေ၏။ ထို့နောက် ကိုစံဖေက -

"အဲဒီမှာ ကျွန်တော်က တံခါးမင်းတုံး အလုပ်ရုံကလေးလုပ်ဖို့ မြေတွေဝယ်တာဗျ . . .၊ အဲဒီ သားအမိက ကျုပ်ဝယ်တဲ့ မြေကွက်ထဲက အိမ်မှာ ငှားနေတာ . . .၊ အိမ်ရှာပြီး သူတို့က ပြောင်းပေးရမှာ၊ အိမ်ရှာ မရလို့ မပြောင်းဘဲ နေနေရတာ . . ."ဟု ပြောလေ၏။

"ကောင်းပါပြီ ကိုစံဖေရယ် . . .၊ အဲဒီကို ကျုပ်က ဘယ်တော့ သွားရမှာလဲ၊ ကျုပ်နေဖို့ ဘယ်လိုဆောက်ရမှာလဲ . . ." ဟု မင်းဒင်က မေးလိုက်လေ၏။

"မနက်ဖြန်ကို သွားပါ . . .၊ ကျွန်တော် စာရေးပေးလိုက်မယ်. . .၊ သယ်န်းကျွန်း ကဘူးကွေ့ဆိုတာကို လွန်သွားတာနဲ့ 'စပ်ဖြဲ' တံခါးမင်းတုံးအလုပ်ရုံဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိမ့်မယ် . . .၊ အဲဒီမှာ

ကျုပ်ရဲ့ မန်နေဂျာ ကိုခင်လှိုင်ဆိုတာရှိတယ်၊ မြင်တာနဲ့ သိသာနိုင်ပါတယ်ဗျာ . . .၊ အလွန်အသားမည်းတဲ့လူ . .၊ အဲဒီလူကို စာပေးလိုက် . . .၊ ချက်ချင်း စီမံလိမ့်မယ်၊ ဟိုသားအမိနဲ့လည်း မိတ်ဆက်ပေးပါလိမ့်မယ် . . ."ဟု ကိုစံဖေက ပြောလေ၏။

ထို့နောက် ကိုစံဖေသည် စာရွက်တစ်ရွက်ကိုထုတ်ကာ ကိုခင်လှိုင်ကို ပေးရန်အတွက် စာရှည်ရှည်တစ်စောင်ကို ရေးနေလေတော့၏။

ပြီးလျှင် ထိုစာကို စာအိတ်တွင်ထည့်၍ မင်းဒင် အားပေးကာ ကိုစံဖေလည်း ပြန်သွားလေတော့၏။ မင်းဒင်လည်း ထိုစာရသည်နှင့် တစ်ပြိုင်နက် သယ်န်းကျွန်းဘက်သို့ ထွက်လာခဲ့လေတော့၏။

သယ်န်းကျွန်းသို့ရောက်လျှင် 'စပ်ဖြိုတံခါး မင်းတုံးအလုပ်ရုံ'ကို ရှာဖွေရာများစွာမရှာရဘဲ တွေ့ရလေတော့၏။ ထိုအလုပ်ရုံသို့ ရောက် လျှင် ကိုခင်လှိုင်အား ကိုစံဖေ ရေးပေးလိုက်သောစာကို ပေးလိုက် လေ၏။ ကိုခင်လှိုင်လည်း စာကိုဖောက်၍ ဖတ်ပြီးနောက် . . .

"ဟိုဘက်ခြံပဲခင်ဗျ . . .၊ လက်သမားတွေလည်း အဆင်သင့်ရှိပါတယ် . . .၊ သစ်ဆိုင်ကလည်း ဒီနားတင်ပဲ၊ ကိုမင်းဒင် ဆောက်ချင်တဲ့ ပုံစံကိုပြောလေ . . .၊ အမြန်ဆုံး လုပ်လိုက်တာပေါ့ . . ."ဟု ပြောလေ၏။

"ကိုခင်လှိုင် သင့်တော်သလို ဆောက်ပါဗျာ . . .၊ ကျွန်တော်က တော့ နေလို့ရရင် တော်ပါပြီ"ဟု မင်းဒင်က ပြောလိုက်လေ၏။

မင်းဒင် ထိုအလုပ်ရုံသို့ မရောက်မီ၌မှာပင် မိုးမှာ သည်းသည်း မည်းမည်း ရွာနေပြီဖြစ်၏။ ကိုခင်လှိုင်နှင့် မင်းဒင် စကားပြောနေစဉ်





အတွင်း၌ မိုးမှောင်ကြီး ကျလာပြီးလျှင် သည်းသည်းမည်းမည်းကြီး ရွာလေတော့၏။

ကိုခင်လှိုင်သည် မင်းဒင်အား အိမ်ဆောက်ပေးမည့် ခြံအတွင်း သို့ ခေါ်သွားပြီးလျှင် ထိုခြံဝင်းအတွင်း၌ရှိသော ပျဉ်ထောင်အိမ်ဆီသို့ ခေါ်သွားလေ၏။ ထိုအိမ်ပေါ်မှ မိန်းမကြီးတစ်ဦးက -

"တက်ပါ တက်ပါ . . .၊ ထိုင်ကြပါ . . .၊မောင်ခင်လှိုင်ရေ . . . ဘာကိစ္စများ အကြောင်းထူး ပြန်ပြီလဲ . . ."ဟု မေးလိုက်လေ၏။

"သူ့နာမည်က ကိုမင်းဒင်တဲ့ . . .၊ ကျုပ်တို့ ကိုစံဖေရဲ့မိတ်ဆွေ ပဲ၊ သူက ဒီမြေကွက်မှာနေမှာ၊ ဘေးက မြေအပိုမှာ သူ့အတွက် ပျဉ်ထောင် အိမ်တစ်လုံးဆောက်ပေးရမယ် . . ."ဟု ခင်လှိုင်က ပြောလိုက်လျှင် ထိုမိန်းမကြီးက -

"အလွန်ကောင်းတာပေါ့ . . .၊ အဒေါ်တို့ကလည်း မပြောင်းနိုင်သေးဘူး၊ ညဆိုရင် မောင်ခင်လှိုင်တို့ မင်းတုံးအလုပ်ရုံ ပိတ်သွား တာနဲ့ ဒီနေရာမှာ လူက ပြတ်သွားတော့တာ . . .၊ သားအမိနှစ်ယောက် တည်း ကြောက်လို့ အလွန်ကောင်းတာလားကွယ်၊ အခုတော့ မောင်မင်းဒင် က ဒီနားလာမယ်ဆိုတော့ အဒေါ်တို့သားအမိအတွက် အဖော်ရတာ ပေါ့ . . ."ဟု ပြောလိုက်စဉ်၌ပင် အခန်းတွင်းမှ အသက် ၃၀ အရွယ်ခန့် ရှိ မိန်းမချောကလေးတစ်ဦးသည် ရေနွေးဇန်းကလေးကိုင်၍ ထွက်လာ ပြီးလျှင် မင်းဒင်တို့၏ ရှေ့တွင်ချပေးလေ၏။

"ကိုခင်လှိုင် . . . မိုးက အရမ်းရွာတာပဲနော် . . .၊ အေးလည်း သိပ်အေးတာပဲ . . .၊ ရေနွေးကြမ်းသောက်ပါဦး . . .၊ ဧည့်သည်ကိုလည်း ရေနွေးကြမ်း ထည့်ပေးပါ . . ."ဟု ထိုမိန်းကလေးက ပြောလေ၏။

“ကိုမင်းဒင်ရေ . . . ဟောဒီ အဒေါ်နာမည်က ဒေါ်ညွန့်တဲ့ . . .၊ ဟောဒီက ဒေါ်ညွန့်ရဲ့ တစ်ဦးတည်းသောသမီး မမြစိမ်းတဲ့ . . .၊ စက်ချုပ်တယ်၊ သူ့ကို သယ်န်းကျွန်းဈေးက ချုပ်ထည်တွေ အပ်ကြပါတယ်၊ ဒီနားက အိမ်တွေမြေတွေကို ကိုစံဖေက ဝယ်လိုက်တော့ ဒီအိမ်ပါ ပါသွားတာ . . .၊ သူတို့သားအမိက အိမ်ငှားဆိုတော့ ရောင်းလိုက်ပြီဆိုရင် ဖယ်ပေးရမှာပေါ့လေ . . .၊ ဒါပေမဲ့ အိမ်ရှာလို့မရသေးလို့ ဒီမှာပဲ ဆက်ပြီးနေနေကြရတာ . . .”ဟု ကိုခင်လှိုင်က ရှင်းပြလိုက်လေ၏။

မင်းဒင်လည်း ရေနွေးတစ်ခွက်ကို မော့၍ သောက်လိုက်ပြီး နောက်

-

“ဒီနားမှာတော့ အေးချမ်းတယ် မဟုတ်လား” ဟု မေးလိုက် လေ၏။ ထိုအခါ ကိုခင်လှိုင်က

“ဒီနေရာကို လူတွေက ကဘူးကွေ့လို့ အလွယ်ခေါ်နေကြ တယ်ဗျ၊ အမှန်က ကဘူးကွေ့ဆိုတာ လမ်းမဘက်ကို ခေါ်တာ . . .၊ ဒါက ကဘူးကွေ့ အတွင်းဘက်ကို အများကြီးဝင်လာရတယ်လေ ဗျာ. . .၊ ဟိုဘက်နား နည်းနည်းသွားလိုက်ရင် ငမိုးရိပ်ချောင်းဘက်ကို ရောက်သွားပြီပဲ၊ အတော့်ကို ခေါင်တဲ့နေရာဗျ . . .၊ ပြီးတော့လည်း ဗျာ. . . ဒီလို နေရာမျိုးမှာ ဆိုးတတ်မိုက်တတ်တဲ့လူတော့ ရှိစမြဲပေါ့ဗျာ. . .၊ ဒီတစ်ဝိုက်မှာက မူဆာဆိုတဲ့ ကုလားလူမိုက်တစ်ယောက်ရှိတယ်ဗျ. . .၊ သူကလည်း ပေါင်းသင့်တဲ့ လူတွေနဲ့ ပေါင်းထားပြီး ဆိုးချင်သလောက် ဆိုးနေတော့တာပေါ့ဗျာ . . .၊

လူတစ်ယောက်ကို သူ့မျက်စိထဲမှာ ကြည့်မရဘူးဆိုရင် သူ့လူတွေခေါ်ပြီး ပါးတွေနားတွေ ရိုက်လားနှက်လား လုပ်လေ့ရှိတယ်ဗျ . . .၊





မူဆာဆိုရင် လူတကာသိဆိုပဲဗျ . . .၊ ကျုပ်တို့ အလုပ်ရုံက အလုပ်သမားလေးတွေကိုလည်း သူ့တပည့်တွေက နှိပ်ကွပ်ထားပြီးသားဗျ . . .၊ တစ်ခုတော့ရှိတယ် . . .၊ ကျုပ်တို့ ကိုစံဖေကြီးကိုတော့ သူက လေးစားပါတယ်ဗျာ . . .၊ လေးစားတယ်ဆိုတာ ကိုစံဖေက ငွေရှိတယ်လေ . . .၊ သူတို့လိုတာကိုလည်း ပေးနိုင်တယ် . . .၊

ကိုစံဖေ့မိတ်ဆွေတွေ အပေါင်းအသင်းတွေထဲမှာလည်း မူဆာလိုကောင်ကို မိနစ်ပိုင်းအတွင်း အချုပ်ထဲ ထည့်နိုင်တဲ့လူတွေ ရှိတယ်လေ ဗျာ . . .၊ အဲဒီတော့လည်း ရှိသေခန့်ငြားတာပေါ့ဗျာ . . .၊ တကယ်လို့ မူဆာနဲ့ ထိပ်တိုက်တွေ့ရင်တော့ ကိုစံဖေ့ မိတ်ဆွေလို့ ပြောပြလိုက် ပါ. . .”ဟု ပြောလေ၏။ ထိုအခါ မင်းဒင်က-

“ရပါတယ် ကိုခင်လှိုင်ရယ် . . .၊ ကျွန်တော်က လူဆိုးလူမိုက် တွေ အများကြီးကို တွေ့ဖူးပါတယ်. . .၊ မစိုးရိမ်ပါနဲ့ . . .”ဟု ခပ်ပြုံးပြုံး ကလေး ပြောလိုက်လေတော့သတည်း . . .။ ။

ပ



**အခန်း ၊ ၁၈ ၊**

# မင်းဒင် သက်န်းကျွန်းသို့ ရောက်ခြင်း

လက်သမားများသည် မင်းဒင်နေမည့်အိမ်ကို မိုးရေထဲ၌ပင် ဆောက်လုပ်နေကြလေ၏။

တွင်းတူးသူက တူးနေ၏။ ထိုအချိန်၌မှာပင် ကိုစံဖေ ရောက်လာလေ၏။ ကိုစံဖေသည် မင်းဒင်ကို မြင်လျှင်-

"ကျွန်တော်က ကိုမင်းဒင်ကို မနက်ဖြန်မှ သွားမယ် အောက်မေ့လို့ . . .၊ ခင်ဗျားက ဒီနေ့ကို ထွက်လာခဲ့တာကိုး . . ."ဟု ပြောလေ၏။ ထိုအခါ မင်းဒင်က-

“ထွက်ရတာပေါ့ . . . ကိုစံဖေရယ် . . . ၊ အိမ်ရှင် အဒေါ်ကြီးက ကျုပ်ကို ဖယ်ခိုင်းနေတာ ကြာပြီဗျ . . . ”ဟု ပြန်၍ဖြေလေ၏။ ထို့နောက် ကိုစံဖေသည် မမြစိမ်းတို့သားအမိနှင့် မင်းဒင်ကို ထပ်မံ၍ မိတ်ဆက် ပေး၏။ ပြီးလျှင် ၎င်းလည်း ပြန်သွားလေတော့၏။

ကိုစံဖေ ပြန်သွားသောအချိန်၌ ညနေ ၆ နာရီပင် ထိုးနေပြီ ဖြစ်၏။ မင်းတုံးအလုပ်ရုံမှ မန်နေဂျာ ကိုခင်လှိုင်လည်း ပြန်သွားပြီဖြစ်၏။ အလုပ်သမားများမှာမူ အချိန်ပို အလုပ်ဆင်းနေကြလေ၏။

ထိုအချိန်၌မှာပင် အသားမည်းမည်း၊ နှာခေါင်း ကောက်ကောက် လူတစ်ယောက် မမြစိမ်းတို့ အိမ်ရှေ့သို့ ဒယိမ်းဒယိုင်နှင့် ရောက်လာ လေ၏။ ထို့နောက် အိမ်ဘက်သို့လှည့်ပြီးလျှင် -

“ဒေါ်ညွန့် . . . ဒေါ်ညွန့် . . . ”ဟု ကုန်း၍ ခေါ်လေ၏။ ဒေါ်ညွန့် လည်း မမြစိမ်းအား အခန်းတွင်းသို့ ဝင်ခိုင်း၍ ဝှက်ထားပြီးနောက် အိမ်ရှေ့သို့ ထွက်လာခဲ့လေ၏။ အိမ်ရှေ့သို့ရောက်လျှင် -

“ဘယ်လိုလဲ ဒေါ်ညွန့်ရဲ့ . . . ၊ အိမ်မှာ လူတိုးရင် ကျုပ်ကို ပြောရမယ်လို့ မှာထားတယ်မဟုတ်လား၊ အခု ကြည့်စမ်း . . . ၊ ဘယ်က လူဆိုးမှန်း မသိ၊ သူခိုးမှန်း မသိ၊ ခင်ဗျားအိမ်ပေါ် ရောက်နေပြီ၊ ကျုပ်ကို အကြောင်းမကြားသေးဘူး . . . ”ဟု အရက်မူးသံကြီးဖြင့် ပြောလေ၏။

“ဒီလိုပါ ကိုမူဆာရယ် . . . အဒေါ်ထားတာ မဟုတ်ပါဘူး၊ အလုပ်ရုံပိုင်ရှင် မောင်စံဖေ ထားတာပါ . . . ” ဟု ဒေါ်ညွန့်က ပြန်၍ ပြောလိုက်လျှင် အရက်မူးသမားက -

“အဲဒီကိုစံဖေကိုလည်း ဆုံးမရဦးမယ် . . . ၊ သူ့ဆီက စားဖို့၊ သောက်ဖို့လေး ရနေလို့ သူ့ကို ချမ်းသာပေးထားတာ၊ သူက ရောင့်တက်





လာတယ်၊ လူစည်ကားတဲ့နေရာမှာ ပါးတွေ၊ နားတွေ ရိုက်ပစ်လိုက် ဦးမယ် . . . ”ဟု ပြောလေ၏။

ဤသို့ အရက်မူးသမား၏ ဆူဆူညံညံအသံကြောင့် ကိုခင်လှိုင် အုပ်ချုပ်သော တံခါးမင်းတုံး အလုပ်ရုံမှ လူများလည်း ထွက်ပြူလာ ကာ ဝိုင်းဝန်းကြည့်ရှုကြလေတော့၏။ ထို့နောက် -

“လူမိုက်မူဆာပဲ . . . ”ဟု ပြောဆိုကာ ထင်မြင်ချက်အမျိုးမျိုး ပေးကြလေတော့၏။ ဒေါ်ညွန့်သည် မင်းဒင်အနီးသို့ ကပ်ကာ -

“မောင်မင်းဒင်ရေ . . . လူမိုက်မူဆာဆိုတာ သူပဲ၊ ဒီရပ်ကွက် မှာ သူ့ကို ကြောက်ရတယ် . . . ၊ အလွန်ရန်ရှာနိုင်တယ်၊ သူ မကျေနပ်ရင် ဒီရပ်ကွက်မှာ မနေနိုင်အောင် သူက လုပ်နိုင်တယ်” ဟု ခပ်တိုးတိုး ပြောလိုက်လေ၏။ ထိုအချိန်၌ အမူးသမားက -

“ဒေါ်ညွန့် . . . စံဖေထားတဲ့ကောင်က ဘယ်မှာလဲ၊ ကျုပ်နဲ့ လာတွေ့ဖို့ပြောစမ်း . . . ”ဟု ပြောလေ၏။ ထို့နောက် မူဆာသည် မင်းဒင်ကိုမြင်၍ သွားသဖြင့် -

“ဟေ့ကောင် . . . ဒီအိမ်နေမယ့်လူသစ်ဆိုတာ မင်းလား . . . ၊ အောက်ကို ဆင်းခဲ့စမ်း . . . ၊ ငါ ကြည့်မယ် . . . ”ဟု ပြောလေ၏။

မင်းဒင်လည်း ရေနွေးကြမ်းတစ်ခွက်ကို ငုံ့၍ သောက်ပြီးနောက် ၎င်းမူဆာအား -

“မူဆာ မင်း ငါ့ကို သိပါတယ်၊ ရှေ့သွားတစ်ချောင်း ကျိုးနေတာ ကို မေ့သွားပြီလား၊ အချုပ်ဆောင် ရောက်တုန်းက ကွဲကြီးတို့ လူစု ဝိုင်းပြီးထုထားတာလေ . . . ၊ ငါရောက်လာပြီး ကယ်လိုက်လို့ပေါ့ကွာ၊ အဲဒီလို မကယ်ရင် မူဆာဆိုတဲ့ တောမရောက်၊ တောင်မရောက်

လူမိုက်ဟာ မျိုးကန်းသွားတာ ကြာပြီပေါ့ . . . ” ဟု ပြောလိုက်ရာ မူဆာလည်း မျက်လုံးပြူးသွား၏။ မူဆာ၏နောက်မှ ကပ်၍လိုက်လာသော ကုလားလူမိုက်နှစ်ဦးလည်း အံ့ဩသော မျက်နှာဖြင့် မင်းဒင်ကို လှမ်း၍ ကြည့်နေကြလေ၏။ မင်းတုံးအလုပ်ရုံမှ အလုပ်သမားများလည်း မင်းဒင်ကို တစ်လှည့်၊ မူဆာကို တစ်လှည့်ကြည့်နေကြလေ၏။ ဤနေရာ တစ်ဝိုက်တွင် မူဆာအား ဤသို့ မည်သူမျှ မဆက်ဆံဝံ့ကြသည်ကို ၎င်းတို့ အနေနှင့် သိနှင့်ကြပြီးဖြစ်၏။ မူဆာသည် မင်းဒင်၏မျက်နှာကို စူးစိုက်စွာ ကြည့်ပြီးနောက် ကောင်းစွာမှတ်မိသွားလေ၏။ ထို့ကြောင့် -

“ကျွန်တော် မှတ်မိပါပြီ ထောင်မှူး . . .၊ ဆရာမှန်းမသိလို့ ခုလိုဆက်ဆံမိတာကို ခွင့်လွှတ်ပါ ဆရာ. . . ”ဟု မူဆာက ပြောလိုက်လေ၏။

“အေး . . . ဟုတ်ပြီ၊ ထိုင်ပြော . . .၊ ထိုင်ရင်လည်း ပုံစံထိုင်ထိုင်. . . ”ဟု တည်ကြည်လေးနက်သော အသံဖြင့် မင်းဒင်က ပြောလိုက်လေ၏။ မူဆာလည်း မြေကြီးပေါ်တွင် ထိုင်ချလိုက်ပြီးလျှင် ဒူးနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်တင်ကာ ခေါင်းကို ငုံ့ထားလိုက်လေ၏။ ထိုအခါ မင်းဒင်က-

“ငါ ဒီမှာနေမှာ. . .၊ အခု ဒီလူတွေ ဆောက်နေတာဟာ ငါနေဖို့ အိမ်ကလေးပဲ . . .၊ အမြန်ဆုံးပြီးအောင် မင်းတို့ ဝိုင်းလုပ်ကြ . . . ”ဟု ပြောလိုက်လျှင် မူဆာသည် ထိုရပ်ကွက်အတွင်း၌ ရှိသော သူ၏လူများကို ဆင့်ခေါ်၍ မင်းဒင်နေမည့်အိမ်ကို ဝိုင်းဝန်းဆောက်လုပ်ကြလေတော့၏။

မိုးချုပ်သွားသောအခါ၌ အိမ်ဆောက်လုပ်ခြင်းကို ရပ်နား၍ လက်သမားများရော၊ မူဆာတို့ပါ ပြန်သွား၏။





ဒေါ်ညွန့်သည် ထမင်းပွဲ ပြင်ခိုင်းပြီးလျှင် မင်းဒင်အား ထမင်းကျွေးလေ၏။ မင်းဒင်လည်း ဒေါ်ညွန့်တို့အိမ်၌ပင် ထမင်းစားရလေ၏။ မင်းဒင်ထမင်းစားနေစဉ်အတွင်းမှ မမြစိမ်းက -

“အဲဒီ မူဆာဆိုတဲ့လူမိုက်ဟာ သိပ်ပြီးဆိုးတာ . . .၊ လူတိုင်းကို အနိုင်ကျင့်တာ . . .၊ ကိုမင်းဒင်နဲ့တွေ့တော့ မီးကို ရေနဲ့သတ်လိုက်တဲ့ အတိုင်းပဲ၊ ငြိမ်ကျသွားလိုက်တာ. . .၊ ဘယ်လိုအကြောင်းများလဲဆိုတာ မြစိမ်းတော့ စဉ်းစားလို့တောင်မရဘူး”ဟု ပြောလေ၏။

“ဒီလို မြစိမ်းရဲ့ . . .၊ အစ်ကိုမင်းဒင်က ထောင်မှာ ထောင်မှူး လုပ်ဖူးတယ်၊ အဲဒီကနေ ကျန်းမာရေး မကောင်းလို့ ထွက်လာတာ . . .၊ ထောင်မှူး လုပ်ခဲ့တာဆိုတော့ ဒီလိုလူဆိုးလူမိုက်တွေနဲ့ ထောင်မှာ ဆုံခဲ့ကြတာပေါ့ . . .၊ တစ်ယောက်အကြောင်း တစ်ယောက် သိကြတော့တာလည်း ပြီးသွားတာပေါ့လေ . . .၊ ဒီမူဆာဆိုတဲ့ကောင်က ဒီမှာသာ လူမိုက်ကြီး လုပ်နေတာ . . .၊ ထောင်က လူမိုက်တွေနဲ့ တွေ့လိုက်ရင် ကြွက်စုတ်လောက်ပဲရှိတာ. . . ”ဟု မင်းဒင်က ပြောလိုက်လေ၏။

နောက်တစ်နေ့တွင် မူဆာတို့လူစုလည်း မင်းဒင်၏အိမ်ကလေး ဆောက်လုပ်ရာတွင် ပါဝင်၍ ကူညီကြလေ၏။ ထို့ကြောင့် ထိုအိမ်ကလေးသည် ရက်ပိုင်းအတွင်း၌ပင် ပြီးစီးသွားလေ၏။ ထိုအခါ၌ မန်နေဂျာကိုခင်လှိုင်လည်း လျှပ်စစ်သမားကို ခေါ်လာပြီး မီးသွယ်ပေးလေ၏။

“ဒီလို ကိုခင်လှိုင်ရဲ့. . . ဟောဟိုက လှေကားနဲ့ တက်ရတဲ့ အဆင့်ပေါ်မှာ ကျပ်က အိပ်မှာ၊ ဟော့ဒီ အောက်ထပ်တစ်ခုလုံးကိုတော့ ဟောခန်းလို ထားမှာ . . .၊ ပြီးတော့ဗျာ . . . ဟိုသားအမိအတွက် ထားတဲ့ အိမ်သာမှာ ကျပ် မတက်ချင်ဘူး . . .၊ အိမ်သာ သီးသန့်တစ်လုံးတော့

ဆောက်ရမယ် . . .”ဟု မင်းဒင်က ပြောလိုက်လေ၏။

ကိုခင်လှိုင်လည်း ခြံနောက်ဘက်တွင် အိမ်သာတွင်း တူးကာ သီးသန့်အိမ်သာတစ်လုံး ဆောက်လုပ်ပေးလေ၏။ မင်းဒင်၏ အိမ်ဆောက်လုပ်ပြီးသော အခါ၌ ကိုစံဖေရောက်လာ၏။ ကိုစံဖေသည် ဆောက်လုပ်ပြီးစီးသွားသောအိမ်ကို ကြည့်ကာ -

“အိမ်ပုံစံလေးက မဆိုးဘူးဗျ၊ ဒါနဲ့ နေစမ်းပါဦး၊ စားရေးသောက်ရေးက ဘယ်လိုလုပ်မလဲ”ဟု ကိုစံဖေက မေးလိုက်လေ၏။

“အဲဒီကိစ္စနဲ့ပတ်သက်ပြီး မနက်ကဘဲ ပြောပြီးပြီဗျ . . .၊ ဒေါ်ညွန့်တို့သားအမိဆီမှာ ထမင်းလခ ပေးစားမယ်ဗျာ . . .၊ သူတို့သားအမိက မဆိုးဘူးဗျ၊ အချက်အပြုတ်လည်း ကောင်းတယ်၊ လုပ်တာကိုင်တာလည်း သန့်ပြန့်တယ်ဗျာ . . .”ဟု မင်းဒင်က ပြောလိုက်လေ၏။

“ကောင်းပါတယ် ကိုမင်းဒင်ရယ် . . .၊ ခင်ဗျားနဲ့ အဆင်ပြေသွားပြီဆိုရင် ဒေါ်ညွန့်တို့သား အမိကို ကျွန်တော့်အနေနဲ့ ဒီနေရာက မဖယ်ခိုင်းတော့ပါဘူး၊ ဒီမြေကွက်ကို လက်ဖွဲ့လိုက်ပါမယ်ဗျာ. . .”ဟု ကိုစံဖေက ကျီစားလိုက်လေ၏။ ထိုအခါ မင်းဒင်က -

“မလုပ်ပါနဲ့ ကိုစံဖေရယ် . . .၊ ခင်ဗျားရဲ့ မင်းတုံးအလုပ်ရုံက အလုပ်သမားတွေအားလုံးက အဲဒီလို ဖြစ်သွားလိမ့်မယ်လို့ ထင်နေကြတာဗျ . . .”ဟု ပြောဆိုကာ တဟားဟားနှင့် ရယ်မောလိုက်လေတော့သတည်း . . .။ ။





**အခန်း ၊ ၁၉ ၊**

# လူကြီးနော် ရှင်ရှေ့တိုးမလာနဲ့၊ ကျွန်မတိုးလာမယ် -

မင်းဒင်နေမည့် အိမ်ကလေးသည် လုံးဝဥသုံပြီးသွားပြီဖြစ်၏။ ထိုခြံ၏နံဘေးတွင် ခြံအသီးသီး၌ ခြံစောင့်တဲကလေးများရှိ၏။ ထို ခြံစောင့်တဲကလေးများတွင် နေထိုင်သော ခြံစောင့်များ၏ သားသမီးများသည် လည်း ကျောင်းသား ကျောင်းသူများသာ ဖြစ်ကြလေ၏။

ထို ကျောင်းသား ကျောင်းသူကလေးများသည် နေ့အခါတွင် ကျောင်းသို့သွားသော်လည်း ညအခါ၌ စာကျက်သောအခါများတွင်



မသိမတတ်၍ မေးရမည့်သူ တစ်ယောက်တလေမျှပင် မရှိပေ။ ထိုအခက်အခဲကို သိသော မင်းဒင်သည် သင်ပုန်းတစ်ချပ်ကို သူ၏ အိမ်အောက်တွင် တပ်ဆင်ကာ ထိုကလေးများကိုခေါ်၍ စာသင်ပြပေးလေ၏။ ကလေးများမှာ တစ်ဦးနှင့်တစ်ဦး အတန်းမတူကြသောကြောင့် ကျောင်းကဲ့သို့ သင်ရန် မဖြစ်နိုင်ဘဲ ကလေးများကို ၎င်းတို့စာကို ၎င်းတို့ဘာသာ ကျက်ခိုင်း၏။ ရမရကို မင်းဒင်က စစ်ဆေး၏။ မရသောနေရာများတွင် မင်းဒင်က သင်ပြပေး၏။ ကျက်ရမည့်စာများကို ကျက်ခိုင်း၏။

ဤသို့ပြုလုပ်လိုက်ရာ အချိန်အနည်းငယ် အတွင်း၌ပင် ထို ကလေးများသည် ၎င်းတို့၏ သက်ဆိုင်ရာအတန်းတွင် စာတော်သော ကျောင်းသား ကျောင်းသူကလေးများ ဖြစ်လာကြကုန်၏။ ဆုရသော ကလေးများ ရကြကုန်၏။ ကျသူမရှိဘဲ အားလုံး အောင်ကြကုန်၏။

သီတင်းဝါလကျွတ်သောအခါ၌ ကလေးမိဘများသည် စုပေါင်း၍ သူတို့၏ကလေးများကို မင်းဒင်အား ကန်တော့ရန် စီမံပြီး အာစရိယ ပူဇော်ပွဲကလေးတစ်ခု ကျင်းပလေတော့၏။ ထိုပူဇော်ပွဲကလေးတွင် အမှတ်တရအဖြစ် စုပေါင်း၍ မုန့်ဟင်းခါးကျွေးလေ၏။

ထိုသို့ ကျွေးသော မုန့်ဟင်းခါးကို မြစိမ်း၏ မိခင် ဒေါ်ညွန့်က ချက်လေ၏။ ကျောင်းသူကျောင်းသားကလေးများ၏ လက်ဖြစ် မီးပုံးရောင်စုံများကိုလည်း မင်းဒင်၏ခြံတွင် ပတ်ပတ်လည် ထွန်းညှိထားလေ၏။

ညိုမောင်ဆိုသော ကျောင်းသားကလေးသည် အများတကာ ကဲ့သို့ မီးလုံးမလုပ်ဘဲ မီးလည် ကလေးတစ်ခုလုပ်၍ ထွန်းညှိလေ၏။ ထိုမီးလည်သည် မှောက်ထားသော မြေပန်းကန်လုံးကလေးပေါ်တွင် အပ်ဖြင့်ထောက်၍ လှည့်ရသော မီးလည်ကလေးတစ်ခုဖြစ်၏။ ထိုမီးလည်

ကလေးတွင် စာတန်းကလေးသည် မီးလင်းလျက်ရှိ၏။ ထိုလင်းလျက်ရှိသော စာတန်းကလေးမှာ -

**"ငါတို့တွေကို စာတွေသင်**

**တို့ဆရာက ကိုမင်းဒင် . . ."** ဟူ၍ ဖြစ်၏။

မြစိမ်းသည် မီးပုံးကလေးများကို လှည့်လည်ကြည့်ရှုရင်း သဘောကျနေ၏။ ထို့နောက် မီးလည် ကလေးကိုကြည့်ကာ -

"လှလိုက်တာ မပြောပါနဲ့တော့ . . .၊ ဟောဒီမှာ စာရေးထား တယ်၊ 'ညိုမောင်'တဲ့ . . .၊ ဆဋ္ဌမတန်းကျောင်းသားတဲ့ . . .၊ အမေ ရယ် . . . အဲဒါ ဟိုးထောင့်ခြံက ဟိုခြံစောင့်ကြီးရဲ့သားလေးပေါ့. . ."ဟု ပြောလိုက်လျှင် မိခင်ဖြစ်သူ ဒေါ်ညွန့်က -

"အေး . . .သိပြီ သိပြီ၊ ဟိုတစ်ခါ သူ့အဖေကြီး မြွေကိုက်ခံရတာလေ. . .၊ မြွေကိုသတ်ပြီး သူ့အဖေကို ဆေးရုံကို ပို့တာ . . .မြွေအသေပါ ယူသွားတာလေ . . .၊ အဲဒီကောင်လေးပေါ့ . . ." ဟု ပြောလိုက်ရာ မြစိမ်းက -

"အမေက မှတ်မိသားပဲ . . ."ဟု ပြောလျှင် -

"မှတ်မိတာပေါ့ သမီးရယ် . . .၊ ဘုန်းကြီးကို အုန်းထမင်းကပ်ဖို့ အုန်းခြစ်မရှိလို့ ဒီကောင်လေးကို ရှာခိုင်းလိုက်တာလေ . . .၊ ဒီကောင်လေးက အုန်းခြစ်မရှာပါနဲ့ အဒေါ်ရယ် . . .၊ ကျွန်တော် ခြစ်ပေးပါမယ်ဆိုပြီး သူ့အဖေလက်သမားလုပ်တဲ့ လွှကြီးယူလာပြီး အဲဒီလွှနဲ့ အုန်းသီးတွေ ခြစ်ပေးခဲ့တာလေ၊ အဲဒါ ညိုမောင်ပေါ့ဟဲ့ . . ."ဟု ဒေါ်ညွန့်က ပြောလေ၏။

မှောင်မိုက်သောလမ်းထဲတွင် ထိုညက ထိန်ထိန်လင်းနေ၏။





မြစိမ်းသည် သနပ်ခါးရောင် လက်ကြပ်အကျႌကလေးကို ဝတ်ထား၏။ လုံချည်မှာမူ ရွှေနားကွပ်ပါသော သနပ်ခါးရောင် စူရတီလုံချည်ကလေးဖြစ်၏။ မျက်နှာတွင်မူ သနပ်ခါးရည်ကျဲကျဲကလေး လူး၍ စွပ်ကျယ်စကိုလျှော်ဖွပ်ကာ ချေ၍ သနပ်ခါးမှုန့် တို့ထားသော တို့ပတ်ပုဝါကလေးဖြင့် တို့ ထားခြင်းဖြစ်၏။

အစိမ်းပေါ်တွင် အဝါရောင် အဖူးကလေးများပါသော သနပ်ခါးပန်းကလေးများကို ခေါင်း၌ ပန်ထား၏။ မင်းဒင်ကို သူ၏တပည့်ကလေးများက ဝိုင်းအုံ၍ ကန်တော့သောအခါ၌ မြစိမ်းသည် တံခါးရိပ်ကို ခို၍ ချောင်းကြည့်ပြီးလျှင် ပီတိဖြစ်ကာ မျက်လုံးအိမ်၌ မျက်ရည်များဖြင့် ရွှန်းလဲ့နေလေ၏။

ညဥ့်နက်သောအခါ၌ ကလေးမိဘများနှင့် ကလေးများပြန်သွားကြ၏။ မြစိမ်းသည် ပန်းကန်များကို သိမ်းဆည်းနေ၏။ စားပွဲခုံများကို ရေပတ်တိုက်၍ ထောင်၏။ ဒေါ်ညွန့်မှာမူ သူတို့၏အိမ်ဘက်တွင် ရှုပ်ပွ၍ ကျန်ခဲ့သော မုန့်ဟင်းခါးအိုးကြီးနှင့် မုန့်ဖတ်များကို သိမ်းဆည်းနေလေ ၏။ မင်းဒင်သည် သနပ်ပင် ဘက်မှလာသော 'နွားအပြာတံဆိပ်' ဆေးပေါ့လိပ်ကို ခဲရင်း မြစိမ်း အလုပ်လုပ်နေသည်ကို ကြည့်နေ၏။

ထိုအခါ မြစိမ်းသည် ရှက်ကိုးရှက်ကန်း ဖြစ်၍လာကာ -

"အစ်ကိုမင်းဒင် . . . ဘာကြည့်တာလဲ"ဟု မေးလိုက်လေ၏။ ထိုအခါ မင်းဒင်က-

"မတော်တရော်စိတ်ကူးနဲ့ ကြည့်တာမဟုတ်ပါဘူး မြစိမ်း ရယ်. . .၊ ကြားဖူးတဲ့ သီချင်းကလေးကို ပြန်ပြီးစဉ်းစားနေတာပါ. . ."ဟု ပြန်၍ဖြေလျှင် မြစိမ်းက -

"ဘာသီချင်းလဲ အစ်ကို . . ."ဟု မေးလေ၏။

"စူရတီရွှေနားနဲ့ ××× သူ့နားက နှံ့သာခြယ် လှပါပေ့ ကွယ် ××× "ဟု မင်းဒင်က ပြောလိုက်လျှင်

"အစ်ကိုမင်းဒင်က သိပ်ပြီးကဗျာဆန်တာပဲ၊ ကဗျာဆရာများ လား အစ်ကိုရယ်. . ."ဟု မြစိမ်းက မေးလိုက်လေ၏။

"ဒီလို မြစိမ်းရဲ့ . . . ကမ္ဘာကျော် စစ်ဘုရင် နပိုလီယန်ဟာ စကားပြောတဲ့အခါ၊ စာရေးတဲ့အခါ သိပ်ပြီးကဗျာဆန်တာပဲ၊ ကဗျာတွေလည်း ရေးတတ်တယ်ဆိုပဲ . . .၊ အဲဒီတော့ လူတွေက သူ့ကို မေးကြတယ်၊ အဲဒီလို ကဗျာတွေ ရေးတတ်အောင် ဘယ်မှာ သင်တာလဲလို့ မေးကြတယ်. . .၊ အဲဒီမှာ နပိုလီယန်ဟာ ဘာပြောသလဲဆိုတော့ 'ကဗျာဆရာဖြစ်အောင် အရမ်းကြီးကြိုးစားဖို့ မလိုပါဘူးဗျာ . . .၊ ဘယ်သူ့ကိုမဆို အချစ်နဲ့တို့လိုက်ရင် ကဗျာဆရာဖြစ်သွားတာပဲ'လို့ ပြောတယ် မြစိမ်းရဲ့ . . .၊ အဲဒီတော့ မြစိမ်းရယ် အစ်ကိုမင်းဒင်ဟာ ကဗျာဆရာဖြစ်သွားပြီဆိုရင်တော့ ဘယ်သူကများ မမေးမစမ်း အချစ်နဲ့တို့သွားပြီလဲ မပြောနိုင်ပါဘူး . . ."ဟု မင်းဒင်က ပြောလိုက်လျှင် မြစိမ်းက

"အစ်ကို . . . သိပ်ပြီးစကားပြောကောင်းတာပဲ၊ မုန့်ဟင်းခါး စားဦးမလား . . ."ဟု ပြောလိုက်လေ၏။

"စကားပြောကောင်းရင် ပြောခိုင်းရမှာပေါ့၊ ဘာလို့မပြော နိုင်အောင် မုန့်ဟင်းခါးတွေ ကျွေးနေရတာလဲ. . ."ဟု မင်းဒင်က ပြောလိုက်လျှင် မြစိမ်းက -

"အစ်ကိုက ဘာတွေပြောမှာလဲ . . ." ဟု ပြန်၍မေးလေ၏။





"ဘာတွေပြောရမလဲ ကလေးမရယ်. . .၊ မြစိမ်းဆိုတဲ့ မိန်းကလေးတစ်ယောက် အလွန်လှတဲ့အကြောင်း ပြောရမှာပေါ့. . ."ဟု မင်းဒင်က ပြောလိုက်လျှင် မြစိမ်းက -

"မိန်းကလေးတစ်ယောက် လှဖို့ဆိုတာ တအားမကြိုးစားရပါ ဘူး အစ်ကိုရယ် . . .၊ သူ့ကို မေတ္တာရှိအောင် နေလိုက်ရုံနဲ့ မျက်လုံး တွေထဲမှာ လှသွားတာပါပဲ၊ ထားပါတော့ အစ်ကိုပြောမယ်ဆိုတာ ပြော လေ. . .၊ အမေ့ကိုပါခေါ်ပြီး နားထောင်ခိုင်းမယ်၊ ဒါမှ သူမွေးထားတဲ့ သမီး ဘယ်လောက်လှတယ်ဆိုတာ သူသိမှာပေါ့ . . ."ဟု ပြောလိုက်ရာ မင်းဒင်သည် ကုန်လုနီးနီးဖြစ်နေသော နွားပြာတံဆိပ် ဆေးလိပ်တိုကို ဆေးလိပ်ခွက်အတွင်းသို့ ထိုး၍ချေပြီးလျှင် -

"မြစိမ်း . . . နင့်ကို ဘာမသိညာမသိ မနူးမနပ်လို့လည်း ပြောလို့မရဘူး၊ နပ်တဲ့အပြင် ဟို ဘက်တောင် ကျော်နေသေးတယ်၊ နင် နောက်တီး နောက်တောက် လုပ်မနေနဲ့၊ နင့်ကို ငါ ရည်းစားစကား ပြောနေတာ . . ." ဟု မင်းဒင်က ပြောလိုက်ရာ မြစိမ်းက ပြုံးလျက် -

"နေပါဦး အစ်ကိုမင်းဒင်ရယ် . . .၊ အစ်ကို မင်းဒင်ပြောတဲ့ ရည်းစားဆိုတာ . . . တချို့က ရကောက်ကို ညသတ်ပြီး ရည်းတယ်. . .၊ တချို့က ရကောက်ကို လုံးဆံခတ်ပြီး ရီးတယ်၊ ဘယ်ဟာက မှန်သလဲ. . ." ဟု မေးလိုက်လျှင် မင်းဒင်သည် တစ်စုံတရာ ပြန်၍မပြောနိုင်တော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။ ထိုသို့ ရယ်မောပြီး နောက်

"နင့်ဟာနင် ညသတ်နဲ့ပဲ ရည်းရည်း . . .၊ လုံးဆံခတ်နဲ့ပဲ ရီးရီး. . .၊ နင့်ဟာနင် ရည်းချင်တာနဲ့ ရည်းပေတော့ . . .၊ ငါကတော့ နင့်ကိုချစ်တယ်

မြစိမ်းရေ . . .”ဟု ပြောလိုက်လေတော့၏။ ထိုအခါ မြစိမ်းက -

“ကြည့်စမ်း ကြည့်စမ်း . . .၊ လူကြီးက ရိုးပုံ ရိုးပန်းနဲ့ ဒီက လူရိုးကြီးအောက်မေ့လို့ ဆက်ဆံနေတာ၊ အခုတော့ ဆိုင်းမဆင့် ဗုံမဆင့်နဲ့ သူများကို လူပျိုစကားပြောပြီ . . .၊ ရှင် ရှေ့တိုးမလာနဲ့နော် . . .၊ ကျွန်မ တိုးလာမယ် . . .၊ ရှင်တိုးရင် ကြာနေဦးမယ်”ဟု နောက်တီး နောက် တောက်ပြောလိုက်ရာ မင်းဒင်လည်း မည်သို့ပြန်ပြောရမည်မသိဘဲ ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားရလေတော့သတည်း။

ပ





### အခန်း ၊ ၂၀ ၊

## အနေအထိုင်တတ်စေဖို့

မင်းဒင်၏ စာသင်ကျောင်းလေးမှာ ကျောင်းသားများဖြင့် ပြည့်နှက်နေပြီဖြစ်၏။ မင်းဒင်နှင့် မြစိမ်းတို့မှာလည်း နောက်ရင်း ပြောင်ရင်းနှင့်ပင် ချစ်သူများအဖြစ်သို့ ရောက်ရှိသွားကြပြီဖြစ်၏။ မြစိမ်း၏မိခင် ဒေါ်ညွန့်ကြီးသည် မြစိမ်းကို မင်းဒင်နှင့် သဘောတူ၏။ ထို့ကြောင့် ၎င်း၏သမီးဖြစ်သူ မြစိမ်းအား -

"သမီးရယ် . . . မောင်မင်းဒင်ဟာ လုပ်ရည်ကိုင်ရည်လည်း ရှိတယ်၊ ပညာလည်း တတ်တယ်၊ ရုပ်ရည်ကလည်း မဆိုးဘူးကွဲ့. . .၊



အပြောအဆိုကလည်း ရည်ရည်မွန်မွန်လေး . . .၊ သမီးနဲ့ယူမယ်ဆိုရင် အမေ့ဘက်က ကန့်ကွက်ဖို့ မရှိပါဘူး၊ သဘောတူပါတယ်၊ ဒါပေမဲ့ နေတာထိုင်တာတော့ မယူသေးခင်မှာ လူတွေ မျက်စိနောက်အောင် မနေရဘူးကွဲ့ . . ."ဟု ဆုံးမလျှင် မြစိမ်းက -

"ဘယ်လိုနေတာမျိုးကို အမေက ပြောတာလဲ၊ သမီး နားမလည်ဘူး . . ."ဟု ပြောလိုက်ရာ မိခင်ဖြစ်သူ ဒေါ်ညွန့်မှာ စိတ်ဆိုး၍သွားလေ၏။

"ဘယ်လိုနေတာလဲဆိုတာ ပြောပြမယ်၊ မင်းဒင်ထိုင်ရင် လည်ပင်းကို သွားပြီးဖက်တာ . . .၊ လူရှေ့သူရှေ့မှာ မင်းဒင်ရဲ့ အင်္ကျီကြယ်သီးကိုဖြုတ်ပြီး ရင်ဘတ်က အမွေးကိုနှုတ်ပြီး ကစားတာ . . .၊ မင်းဒင်ကို ကလိထိုးတာ . . .၊ မင်းဒင်ရဲ့ ပေါင်ကြားထဲကို လက်ထည့်ပြီး ပေါင်တွင်းကြောကို ဆွဲလိမ်တာ . . .၊ မင်းဒင်ရဲ့မေးစေ့က ငုံးစိစိ မုတ်ဆိတ်မွေးလေးတွေကို လက်နဲ့ဆော့တာ . . .၊ မင်းဒင်ရဲ့ပါးကို ခဏခဏ လက်နဲ့ဆွဲလိမ်တာ . . .၊ လက်နဲ့ရိုက်သလိုလုပ်တာ၊ နှာခေါင်းနဲ့ ရိုက်သလိုလုပ်တာ . . .၊ အဲဒီအပြုအမူ တွေအားလုံးဟာ ပတ်ဝန်းကျင်က လူတွေရဲ့မျက်စိကို နောက်စေတယ် သမီးရဲ့ . . ."ဟု ပြောလိုက်လျှင် မမြစိမ်းက -

"အမေကလည်း မျက်စိမှန်တယ်မှန်တယ်နဲ့ အားလုံးကို လျှောက်မြင်နေတော့တာကိုး၊ အစ်ကို မင်းဒင်နဲ့ သမီးနဲ့က သမီးရည်းစားတွေလေ. . .၊ သမီးရည်းစားဆိုတာ အဲဒါမျိုး မလုပ်ရဘူးလား. . ."ဟု ပြန်၍မေးလေ၏။ ထိုအခါ ၎င်း၏မိခင်က -

"ငါပြောတဲ့စကားထဲမှာ အဲဒါမျိုး မလုပ်ရဘူးလို့ မပါဘူး၊

လူရှေ့သူရှေ့မှာ မလုပ်ရဘူးလို့ပြောတာ . . .၊ ကွယ်ရာမှာကျရင်တော့ ညည်းသဘောပဲ၊ အခုဟာက ပြောင်းပြန်ဖြစ်နေတယ်၊ ဟိုက ငြိမ်နေတာ ညည်းကပဲ လှုပ်ရှားနေတယ်၊ 'မြင်းက မလှုပ်၊ ခုံကလှုပ်' ဆိုတာ ဒါမျိုး ပေါ့. . .”ဟု ပြောလေ၏။

“အို . . . အမေကလည်း. . .၊ မြင်းက မလှုပ်တော့ ခုံက လှုပ်ရတာပေါ့ . . .၊ မြင်းက လှုပ်ရင် ခုံက ငြိမ်နေလိုက်ရုံပဲ. . .”ဟု မြစိမ်းက ပြောလိုက်လျှင် မိခင်ဖြစ်သူ ဒေါ်ညွန့်က -

“ရည်းစားထားတာ အကြောင်းမဟုတ်ဘူးတော်ရေ့ . . .၊ ရီးတီးရားတား လုပ်ရင်တော့ ဒုက္ခတွေ့လိမ့်မယ် . . .”ဟု ပြောလိုက် လျှင် မြစိမ်းက -

“ရီးတီးရားတားလုပ်တာလည်း အကြောင်းမဟုတ်ပါဘူး အမေရယ် . . .၊ ဆီးသီးနွှားစားတာကမှ အကြောင်းပါ၊ ဟိုမှာ အမေ လှမ်းထားတဲ့ ဆီးသီးတွေကို နွားတွေစားနေပြီ . . .”ဟု ပြောလိုက်လျှင် ဒေါ်ညွန့်လည်း အိမ်ပေါ်မှ ကပျာကယာ ဆင်းပြေးကာ နွားများကို မောင်းရ လေတော့၏။ ထို့နောက် ဒေါ်ညွန့်ကြီးသည် ဆီးသီးများကို သိမ်း၍ အိမ်ပေါ် သို့ တက်လာလေ၏။ ထိုအခါ၌ မင်းဒင် အိမ်ပေါ်သို့ တက်လာသည်နှင့် တိုးလေတော့၏။ ထို့နောက် မြစိမ်းက -

“ထိုင်ပါဦး မိတ်ဆွေကြီးရဲ့ . . .”ဟု နောက်တီးနောက် တောက် ခေါ်လိုက်သဖြင့် မင်းဒင်လည်း မြစိမ်း၏ အနီးသို့ ဝင်၍ထိုင် လိုက်လေ၏။ ထိုအခါ မြစိမ်းက -

“မိတ်ဆွေကြီးကို ပြောရဦးမယ်၊ လူတွေ မျက်စိရှုပ်အောင် မနေရဘူး၊ အဲဒါကြောင့် မြစိမ်းက မိတ်ဆွေကြီးရဲ့လည်ပင်းကို ဖက်ခွင့်မရှိ





တော့ဘူး. . .၊ မိတ်ဆွေကြီးရဲ့ အင်္ကျီကြယ်သီးကို ဖြုတ်ပြီး ရင်ဘတ်က အမွေးတွေကို နှုတ်ခွင့်မရှိတော့ဘူး၊ မိတ်ဆွေကြီးရဲ့ ပေါင်တွင်းကြောကို လိမ်ခွင့်မရှိတော့ဘူး၊ မိတ်ဆွေကြီးရဲ့ပါးကို နှာခေါင်းနဲ့ ရိုက်သလိုလို လုပ်ခွင့်မရှိတော့ဘူး၊ အဲဒါ မိခင်မာသာရဲ့ 'မာသာလော'ပဲ၊ အဲဒါကို မလိုက်နာရင် မြစိမ်းရဲ့အမေက မြစိမ်းကို သမီးအဖြစ်က စွန့်လွှတ်လိမ့် မယ်. . .”ဟုပြောလေ၏။ ထိုအခါ မင်းဒင်က -

“စွန်လွှတ်မဟုတ်ပါဘူး၊ စွန့်လွှတ်ပါ”ဟု ပြောလိုက်လျှင် မြစိမ်းက -

“အောက်ကမြစ်ကျသွားလို့ပါ ကျောင်းဆရာရယ် . . .” ဟု ပြောလေတော့၏။

“စကားအကောင်းပြောစမ်းပါ မြစိမ်းရယ် . . .” ဟု မင်းဒင်က ပြောလိုက်ရာ မြစိမ်းက

“အကောင်းပြောလိုက်ရင် အစ်ကို နေရ ထိုင်ရခက်နေမှာ စိုးလို့ မြစိမ်းက ရွှတ်နောက်နောက် ပြောနေတာပါ၊ ဒါပေမဲ့ မာသာကြီးရဲ့ ဥပဒေမှာ ခြွင်းချက်တော့ ရှိတယ်၊ လူရှေ့မှာသာ မလုပ်ရတာပါ. . .၊ လူ မမြင်ကွယ်ရာဆိုရင် ညည်းသဘောပဲတဲ့ . . .၊ အဲဒီတော့ အခုနေရာဟာ မမြင်ကွယ်ရာဖြစ်နေပြီ”ဟုဆိုကာ မင်းဒင်၏လည်ပင်းကို မြစိမ်းက သိုင်းဖက်၏။ ရင်ဘတ်က အမွေးကို ဆောင့်ဆွဲ၏။ မင်းဒင်၏ ပါးကို လက်ဝါးဖြင့် မနာမကျင်လေး ရိုက်၏။ နှာခေါင်းဖြင့် ရိုက်၏။ ထိုအခါ မင်းဒင်က -

“ဟိုမှာ . . . အဘွားကြီး. . .”ဟု ပြောလိုက်လေ၏။

“အမေ့ကိုပြောတာလား. . .၊ အမေက မျက်စိမှုန်နေပြီ၊

ပါဝါမျက်မှန်တောင် ဝယ်ခိုင်းနေပြီ”ဟု မြစိမ်းက ကျယ်လောင်စွာ ပြောလိုက်လေ၏။ ထိုအခါ အဘွားကြီးက -

“မြင်တယ်ပေါ့ . . . မြင်တယ်၊ မမြင်ရင်လည်း နားက ကြားတယ်ပေါ့. . .”ဟု အော်၍ပြော လိုက်ရာ မင်းဒင်ရော မြစိမ်းပါ တဟားဟား ရယ်မောလိုက်ကြလေတော့၏။

ထို့နောက် ဒေါ်ညွန့်သည် မင်းဒင်တို့ အနီးသို့ လျှောက်လာ ပြီးလျှင် -

“လူသိရှင်ကြား မယူရသေးခင်မှာ ဘာဘာညာညာ မဖြစ်အောင်တော့ နေရမယ်နော်. . .၊ အဲဒီလိုမနေဘူးဆိုရင်တော့ . . . လူကဲ့ရဲ့စရာ ဖြစ်လိမ့်မယ် . . .”ဟု ပြောလိုက်ရာ မြစိမ်းက -

“ချီးမွမ်းဆယ့်ခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပါ အမေရယ် . . .” ဟု ပြန်၍ပြောလိုက်လျှင် မင်းဒင်က -

“ချီးမွမ်း ခုနစ်ရက်ပါ မြစိမ်းကလည်း၊ ဆယ့်ခုနစ်ရက်လို့ မကြားဖူးပါဘူး၊ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပါ၊ ချီးမွမ်းဆယ့်ခုနစ်ရက်ရယ်လို့ မရှိပါဘူး . . .” ဟု ပြောလေ၏။ ထိုအခါ မြစိမ်းက -

“ချီးမွမ်းတဲ့ဘက်ကို နည်းနည်းလေး ပိုပြောထားတာ. . .၊ ဒါမှ အဘွားကြီး သဘောပေါက်မှာ . . .”ဟု ပြောလိုက်လျှင် ဒေါ်ညွန့်က

“တို့က သဘောပေါက်တယ်၊ ညည်းပဲ သဘောမပေါက်တာ . . .”ဟု ပြောလေ၏။ ထိုအခါ မြစိမ်းက -

“အဲဒီလိုသဘောပေါက်ရင် အပျိုလိုနေပါလား . . .၊ ဘာဖြစ်လို့ ယောကျ်ားယူပြီး သမီးတစ်ကောင်နဲ့ မုဆိုးမဖြစ်ရတာတုံး . . .”ဟု မိခင်အား ကျီစားလိုက်လျှင် မိခင်ကြီးဒေါ်ညွန့်သည် လွန်စွာစိတ်ဆိုး၍





သွားလေ၏။

“မိဘပေးစားလို့ လင်ယူရတာပေါ့. . .၊ နင့်လို နန့်လို့ကဲလို့ လင်ရတာမဟုတ်ဘူး ကောင်မရဲ့”ဟု မိခင်က ပြောလျှင် မြစိမ်းသည် လွန်စွာသဘော ကျ၍ ရယ်လေတော့၏။ ကျေနပ်အောင် ရယ်ပြီးနောက်-

“နန့်တာကဲတာ မဟုတ်ဘူး အမေရေ၊ မိုးတွေရွာတဲ့နေ့မှာ မိုးနဲ့အတူ ရောက်လာတဲ့ မိုးနတ် သားကလေးကို ချစ်လို့ပါ အမေရယ် . . .၊ ချစ်တာကို နန့်တယ်လို့ ဆိုချင်ဆို. . .”ဟု မြစိမ်းက သီချင်း အော်၍ ဆိုပြလိုက်လေ၏။ မိခင်ဒေါ်ညွန့်လည်း ဆက်၍မပြောနိုင်ဘဲ ချစ်လှစွာ သော တစ်ဦးတည်းသော သမီးကလေး၏ နောက်တီး နောက်တောက် နေပုံကို ကြည့်ကာ-

“မောင်မင်းဒင်ရေ . . . မြင်တဲ့အတိုင်းပဲ၊ သူ့အဖေကလည်း သူငယ်ငယ်ကတည်းက ဆုံးသွား တာဆိုတော့ အဒေါ်ကလည်း သနားလို့ အလိုလိုက်ထားတာ . . .၊ နဖူးမှာ ချိုပေါက်တော့တာပဲ”ဟု ပြောလိုက်လျှင် မြစိမ်းက -

“နဖူးမှာ ချိုပေါက်တာ ယူနီကောင်းဆိုတဲ့ မြင်းသတ္တဝါတစ်မျိုးပဲရှိတယ် အမေရဲ့ . . .၊ အမေ နားလည်အောင်ပြောရရင် အဲဒီမြင်းက နတ်မြင်း အမေရဲ့ . . .၊ အမေက သမီးကို နတ်မြင်းမလေးလို့ တင်စားတာလား၊ ဒါဆို သမီးက နတ်မြင်းမို့ မြူးကြွားကြွားပေါ့ အမေရယ်. . .” ဟု ပြောကာ တဟား ဟား ရယ်လေတော့၏။ ထိုအခါ ဒေါ်ညွန့်က -

“မောင်မင်းဒင်ရေ . . .၊ အဲဒါသာ ကြည့်ပေတော့၊ မင်းလက်ထဲရောက်ရင်လည်း ဒီအတိုင်း ခွင့်လွှတ်နိုင်ရမယ်နော် . . .” ဟု ပြောလိုက်လျှင် မြစိမ်းက -

"အမေကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သမီးက အစ်ကိုမင်းဒင်ကို ယူမယ်လို့ ပြောသေးလို့လား၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်တဲ့ . . .၊ ရည်းစားထားတာနဲ့ ယူရရောလား၊ အမေတို့ကလည်း အ,စရာမရှိ ကြံဖန်ပြီး အ,နေပြန်ပြီ၊ သမီးက အစ်ကို မင်းဒင်ကို ယူမှာမဟုတ်ဘူး၊ ကြောရရုံလေး ကြံတာ အမေရဲ့. . ." ဟု ပြောလိုက်လျှင် မင်းဒင်လည်း တဟားဟား ရယ်လေတော့၏။

"သူများသားသမီးကို ဒီလိုတော့ မလုပ်သင့်ပါဘူး မြစိမ်း ရယ်. . .၊ တစ်ခြုံကွယ် တစ်မောင်မေ့ . . .၊ အိုင်တွေ့တိုင်း ခြေဆေး မလုပ်သင့်ပါဘူး"ဟု မင်းဒင်က ပြောလိုက်လျှင် -

"အစ်ကိုမင်းဒင် အတော်တိုးတက်လာပြီ၊ ကြိုးစားဦး. . . ကြိုးစားဦး. . ."ဟု မြစိမ်းက ပြောလိုက်လေ၏။ ထိုအချိန်၌မှာပင် ဆွမ်းခံဘုန်းကြီး ကြွ၍လာသည်ဖြစ်ရာ ထိုဆွမ်းခံဘုန်းကြီးက နားစွန် နားဖျား ကြားသွားသဖြင့် -

"ဒကာမလေးက ဘာတွေများ ကြိုးစားခိုင်းနေတာလဲ" ဟု မေးရာ -

"တခြားမဟုတ်ပါဘူး ဘုရား . . .၊ ဟောဒီ အစ်ကိုမင်းဒင်ကို အမ်အေအောင်အောင် ကြိုးစားခိုင်းနေတာပါ . . ."ဟု မြစိမ်းက ပြောလိုက်လျှင် ဆွမ်းခံဘုန်းကြီးက -

"အဲဒါ အဆွေခင်ပွန်းကောင်းပဲ၊ တိုးတက်ရာ တိုးတက် ကြောင်းကို ညွှန်ပြနေတာမဟုတ်လား"ဟု ပြောကာ 'သာဓု . . . သာဓု. . . သာဓု. . .'ဟု ခေါ်လိုက်လေ၏။ ထို့ကြောင့် မင်းဒင်၏ မျက်နှာ သည် ပြုံးမဲ့မဲ့ကြီး ဖြစ်၍သွားပါလေတော့သတည်း။

**ပြုံးမန်းတစ်ရာစာအမ**



အခန်း ၊ ၂၀ ၊

## ညိုမောင်ကြီး၏ ထူးဆန်းသောအိပ်မက်

မင်းဒင်၏ ကျောင်းကလေးမှာ အတန်းတင်စာမေးပွဲတွင် အောင်ချက်ကောင်းသောကြောင့် အချိန်တိုကလေးအတွင်း၌ပင် နာမည်ရ၍သွားလေ၏။ ထို့ကြောင့် ကျောင်းသားများသည် ယခင်ကထက် နှစ်ဆသုံးဆတိုးတက်များပြား လာလေတော့၏။ ကိုစံဖေရောက်လာသောအခါ၌ မင်းဒင်၏ စာသင်ကျောင်းကလေး အောင်မြင်နေသည်ကို တွေ့ရလျှင်-

"ထောင်မှူး. . . အဲယောင်လို့. . ကိုမင်းဒင်၊ ခင်ဗျားရဲ့ ကျောင်းကလေးက အတော်နာမည်ရနေပြီပဲ. . .၊ အဲဒီအတွက် ခုံတွေ၊ စားပွဲတွေ



ကျုပ်က လှူပါ့မယ်ဗျာ"ဟု ကိုစံဖေက ပြောလေတော့၏။ ထိုအခါ မင်းဒင်က -

"သူတို့ကို စပြီး သင်ပေးတုန်းကတော့ တစ်ပြားတစ်ချပ်မှကို မယူပါဘူးဗျာ၊ စေတနာနဲ့ သင်ပေးတာပါပဲ၊ အခုတော့လည်းဗျာ. . . ကျွန်တော့်ရဲ့ ကျောင်းကလေးက တာကယ့်ကို စာသင်ကျောင်းကြီး ဖြစ်သွားပြီ၊ အဲဒီတော့လည်း ကျောင်းသားကျောင်းသူကလေးတွေက ကျောင်းလခအဖြစ်နဲ့ လစဉ်ပေးကြတယ်၊ အဲဒီဝင်ငွေကလည်း မနည်းပါဘူးဗျာ. . ."ဟု ပြောလေ၏။ ထိုအခါ ကိုစံဖေက -

"ဒီလို ကိုမင်းဒင်ရဲ့. . .၊ လိုအပ်ရင် အဆောက်အဦးကို ကျွန်တော်ချဲ့ပေးပါ့မယ်. . .၊ ကျောင်းသားကျောင်းသူကလေးတွေ များလာပြီဆိုတော့ အိမ်သာတွေဘာတွေလည်း ထပ်ပြီးဆောက် ပေးရမှာ ပေါ့၊ မီးတွေဘာတွေလည်း ထပ်ပြီးဆင်ပေးရမယ်၊ ခင်ဗျားဘက်က တစ်ခုပဲ လုပ်ပေးရမယ်၊ ဒီမြို့မှာရှိတဲ့ ပညာရေးဘက်က ပုဂ္ဂိုလ်တွေနဲ့သွားပြီးတွေ့လိုက်ပါ၊ ကျောင်းဖွင့်ထားတဲ့အကြောင်း အသိပေးပါ၊ သူတို့က ဆောင်ရွက်ခိုင်းတာကို အတိအကျ ဆောင်ရွက်ပေးပါ၊ ခင်ဗျားကျောင်းကို လိုအပ် လို့လာပြီးစစ်မယ်ဆေးမယ်ဆိုလည်း အစစ်ခံပါ၊ အဲဒီလိုလုပ်မှလည်း ခင်ဗျားအနေနဲ့ ကျောင်းဖွင့်ခွင့်ရမှာ. . .၊ ပြီးတော့ အဲဒီလူတွေနဲ့ ကျွန်တော်နဲ့လည်း ရင်းနှီးပါတယ်၊ ကျွန်တော်လည်း ပြောထားနှင့်ပါ့မယ်. . ."ဟု ပြောလေ၏။ မင်းဒင်လည်းကို စံဖေပြောသည့်အတိုင်း သက်ဆိုင်ရာရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စေတနာကျောင်းကလေးဖွင့်ထားရာမှအစ ယခုအခါတွင် ကျောင်းသားများ တိုးတက်များပြားလာသောကြောင့် ကျောင်းကြီးတစ်ကျောင်း ဖြစ်နေသည့်အကြောင်းကို တင်ပြလေ၏။ ထိုအခါ

သက်ဆိုင်ရာရုံးမှ လိုအပ်သည်များကို မေးမြန်း၍ ကျောင်းကို လာရောက်ကြည့်ရှုစစ်ဆေးပြီးလျှင် မင်းဒင်၏ ကျောင်းကို ဆက်လက်၍ ဖွင့်ခွင့်ပေးထားလိုက်လေတော့၏။ မင်းဒင်၏ကျောင်းကလေးသည် နောက်တစ်နှစ် အောင်စာရင်း ထွက်သောအခါ၌ ကျောင်းသားဦးရေနှင့် အဆောက်အဦမှာ မဆန့်အောင်ဖြစ်သွားတော့၏။ မင်းဒင်ကိုယ်တိုင်ကလည်း ကျောင်းဆရာဘဝကို ပို၍မြတ်နိုး၏။ ကျောင်းဆရာဘဝကို ပို၍တွယ်တာ၏။ တစ်နေ့တွင် ရှစ်တန်းမှ ကျောင်းသားကလေးများအား ဗဟုသုတနှင့် ပတ်သက်သော မေးခွန်းကို မေးစမ်းရာ တစ်စုံတစ်ယောက်မျှ ဖြေနိုင်သည်ကို မတွေ့ရဘဲ ရှိလေ၏။ ထိုအခါ မင်းဒင်က

"တပည့်တို့. . . မင်းတို့ဟာ ဗဟုသုတ အတော်နည်းနေတယ်၊ ကျောင်းမှာ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေဟာ ဗဟုသုတအတွက် မလုံလောက်ဘူးကွ. . .၊ အဲဒါကြောင့် စာများများဖတ်ဖို့ လိုတယ်၊ အပြင်စာလည်း ဖတ်ဖို့လိုတယ်"ဟု ပြောလိုက်ရာ မြင့်စိုးဟုခေါ်သည့် ကျောင်းသားကလေးက ထ၍-

"ဘယ်လိုစာအုပ်မျိုးတွေ ဖတ်ရမလဲ ဆရာ"ဟု မေးလေ၏။ ထို့နောက် ထွန်းဖေဆိုသော ကလေးတစ်ဦးက ထပြန်၍ -

"ဆရာ. . . ဘယ်စာအုပ်တွေကို ဖတ်ဖို့ ကောင်းတယ်လို့ ပြော ဦး၊ အဲဒီစာအုပ်တွေကို ဘယ်မှာ ရှာရမှန်းလည်း မသိဘူး"ဟု ပြော လေ၏။ ထိုအခါ မင်းဒင်က -

"ဒီလိုကွာ. . . တို့ကျောင်းမှာကိုက ကျောင်းပိုင် စာကြည့်တိုက်တစ်ခုတော့ ရှိဖို့လိုပြီကွ. . .၊ အဲဒီလို ကျောင်းပိုင်စာကြည့်တိုက်ရှိဖို့ ဆိုတာကလည်း ငွေလိုပြန်ပြီကွ. . ."ဟု ပြောလိုက်လျှင် ညိုမောင်ဆိုသော





ကျောင်းသားက -

"အဲဒီ လိုတဲ့ငွေကို ကျွန်တော်တို့ စုပေါင်းပြီး ရှာရမှာပဲ"ဟု ပြောလိုက်ရာ မင်းဒင်က အံ့ဩသော မျက်လုံးဖြင့် ညိုမောင်အား လှမ်းကြည့်ပြီးလျှင် -

"ဟုတ်ပါပြီ ညိုမောင်ရယ်. . .၊ မင်းပြောတဲ့စကားက သိပ်ပြီး ကောင်းတယ်၊ ဘယ်လိုရှာမလဲဆိုတာ ငါ့ကိုလည်း ပြောပါဦးကွာ. . ."ဟု မေးရလေ၏။ ထိုအခါ ညိုမောင်က -

"ဆရာရယ်. . . အရှေ့က ရေအိုင်ကြီးထဲမှာ ကန်စွန်းပင်တွေ ပေါက်နေတယ်မဟုတ်လား. . .၊ အဲဒါတွေ ကျွန်တော်တို့ကျောင်းသားတွေစုပြီး ခူးကြမယ်၊ ပြီးရင် ဈေးမှာ သွားပြီးသွင်းမယ်၊ ပြီးတော့ ဆရာရယ်၊ ကျွန်တော်တို့ဟာ စာမေးပွဲနီးလာရင် ညမှာ မအိပ်ဘဲ စာကျက်ကြတယ်မဟုတ်လား. . .၊ အဲဒီလို မအိပ်ရမယ့်အတူတူ မီးကင်းစောင့်မယ်ဆရာရယ်. . .၊ တစ်ညကို နှစ်ကျပ်တော့ ရတယ်၊ ကျွန်တော်တို့ ငါးယောက်ဆိုတော့ တစ်ဆယ်တော့ရမယ်၊ အဲဒါကို စာကြည့်တိုက်ထဲထည့်မယ်. . ." ဟု ပြောလိုက်ရာ မင်းဒင်သည် သဘောကျ၍ တဟဲဟဲ ရယ်လေတော့၏။

ထို့နောက်တွင်လည်း ညိုမောင်တို့ လူစုသည် 'စာကြည့်တိုက်ရန်ပုံငွေရှာဖွေရေးအဖွဲ့'ဟု ဖွဲ့ပြီး ငွေရှာကြ၏။ သုံးလခန့်လှုပ်ရှားလိုက်သောအခါ၌ အရင်းအနှီး အတော်အတန်ရနေပြီဖြစ်၏။ ၎င်းတို့သည် မင်းဒင်နေသော ခြံဝင်းအတွင်း၌ပင် အဆောက်အဦးကလေးတစ်ခု ထပ်၍ဆောက်၏။ ထိုအဆောက်အဦးထဲတွင် စာအုပ်ထည့်ရန် ဗီရိုများ၊ စင်များ ပြုလုပ်ကြ၏။ ပြုလုပ်သင့်သည်ကိုပြုလုပ်၏။ ဝယ်သင့်သည်ကို ဝယ်၏။ စာကြည့်တိုက်မှူးတာဝန်ကို ရှစ်တန်းကျောင်းသူ မကြည်ကြည်မြင့်က တာဝန်

ယူ၏။ လက်ထောက်စာကြည့်တိုက်မှူးတာဝန်ကို ခုနစ်တန်းကျောင်းသူ မဇာလီထက်က တာဝန်ယူ၏။ စာကြည့်တိုက်၏ ငွေစာရင်း တာဝန်ကို ဆယ်တန်း ကျောင်းသား ညိုမောင်က တာဝန်ယူ၏။ ထိုစာကြည့်တိုက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင် စသည်တို့ ရွေးချယ်ပြီးနောက် ထိုစာကြည့်တိုက်အဖွဲ့၏ အောက်တွင် ဗလငါးတန်အဖွဲ့ သီးခြားဖွဲ့ထား၏။ ထိုဗလငါးတန်အဖွဲ့တွင် ကာယဗလနှင့် ဘောဂဗလအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ညိုမောင်က လုပ်ရ၏။ ဉာဏဗလအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် မကြည်ကြည်မြင့်က လုပ်ရ၏။ စာရိတ္တဗလအဖွဲ့၏ ခေါင်းဆောင်မှာ ခုနစ်တန်း ကျောင်းသား လူမော်ဆိုသူဖြစ်၏။ ဉာဏဗလအဖွဲ့၏ ခေါင်းဆောင် မကြည်ကြည်မြင့် သည် ဆရာမင်းဒင်နှင့်တိုင်ပင်ကာ တစ်ကျောင်းလုံးစာစီစာကုံးပြိုင်ပွဲ၊ အတန်းလိုက်စာစီစာကုံးပြိုင်ပွဲများ၊ ဆုပေးပွဲများကို ဖြစ်မြောက်အောင် ပြုလုပ်၏။ ကာယဗလအဖွဲ့၏ ဥက္ကဋ္ဌ ညိုမောင်ကြီးသည် အလေးမသော သံပြားဝိုင်းများ၊ ရေ့တန်ခေါ် သံပြားဝိုင်းများရှာဖွေကာ အလေးမ နည်းပြ သော ဆရာတစ်ယောက်ကို ပြခိုင်း၍ အလေးမ, ကြလေ၏။ ထို့နောက် ၎င်းသည်ပင် ခေါင်းဆောင်၍ ရန်ပုံငွေရှာဖွေရေးများ ဆက်၍လုပ်လေ၏။ ရုပ်ရှင်ကားထုပ်အဟောင်းများ ငှားရမ်းကာ ရန်ပုံငွေအဖြစ် ရုပ်ရှင်ရုံတွင် တင်ပြ၏။ လက်မှတ်ကိုမူ ရပ်ရွာထဲတွင် လှည့်လည်၍ ရောင်းချကြလေ၏။ ထို့ပြင် ညိုမောင်နှင့်အဖွဲ့သည် ဘောက်ထော်စိုက်ခင်းများမှ ထွက်သော ဂေါ်ဖီထုပ်၊ မုန်လာဥ စသည်များကို ချုပ်၍ဝယ်ယူပြီးလျှင် ဈေးများရှိ ကုန်စိမ်းဒိုင်များသို့ သွင်းလေတော့၏။ညိုမောင်ကြီးသည် စာကြည့်တိုက် ရန်ပုံငွေအတွက် သည်းသည်းမဲမဲ ရှာဖွေလေ၏။

တစ်နေ့တွင် ညိုမောင်ကြီးသည် ကြည်ကြည်မြင့်အား အောက်ပါ





အတိုင်း ပြောလေ၏။

"ကြည်ကြည်မြင့်ရယ်. . . မိုးလင်းခါနီးမှာ ငါအိပ်မက်တစ်ခု မက်တယ်၊ ငါ ပြောတာ ယုံပါဟယ်. . .၊ နင့်ကို ငါမလိမ်ပါဘူး၊ ကျိုက္ကဆံ ဘုရားနားက ညောင်ပင်ကြီးနားကို ငါရောက်သွားသတဲ့ဟယ်. . .၊ အဲဒီ ညောင်ပင်ကြီးအောက်မှာ လူကြီးတစ် ယောက်နဲ့ ငါ သွားတွေ့တယ်၊ အဲဒီလူကြီးက ငါ့ကို 'မင်း ပိုက်ဆံသိပ်လိုချင်နေတယ် ဟုတ်လား၊ မင်း သိပ်လိုချင်နေရင် ထီထိုး'လို့ ငါ့ကို ပြောတယ်၊ ထိုးရမယ့်နံပါတ်ကလည်း ကကြီး၊ သုံးခြောက်နဲ့ပဲ စရမယ်၊ နောက်က ဘာပဲလာလာ. . ."ဟု ပြော လေ၏။ ထိုအခါ ကြည်ကြည်မြင့်က -

"ညိုမောင်ရယ်. . . အဲဒီလူကြီးနာမည် နင်သိသလား"ဟု မေးလေ၏။ ညိုမောင်က -

"အေးဟဲ့. . . ငါ နာမည်မေးမိတယ်၊ သူ့နာမည်က ဦးရုပ်ဆိုးတဲ့" ဟု ပြောလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် ဆရာဖြစ်သူ မင်းဒင်အား ပြောပြကြလေ၏။ ထိုအခါ မင်းဒင်က -

"အဲဒီလူကြီးရဲ့နာမည်က ရုပ်ဆိုးဆိုတာ မဖြစ်နိုင်ဘူးကွ. . .၊ ရုက္ခစိုးလို့ ပြောတာ. . .၊ မင်းက နားကြားလွဲတာ ဖြစ်နိုင်တယ်. . ." ဟု ပြောလေ၏။ ထိုအခါ ညိုမောင်ကြီးက -

"ကကြီး၊ သုံးခြောက်အစ ထီလက်မှတ်ကို ရှာပြီး ထိုးချင်တယ် ဆရာ၊ ထိုးဆိုရင်လည်း စာကြည့်တိုက်ရန်ပုံငွေက ပိုက်ဆံနဲ့ ထိုးရမှာပဲ၊ ကျွန်တော့်မှာ ပိုက်ဆံမရှိဘူး"ဟုပြောလိုက်လျှင် မင်းဒင်က -

"ညိုမောင်ရေ. . . အဲဒီငွေဟာ ဆရာ့ငွေမဟုတ်ဘူးကွ. . .၊ မင်းတို့ အဖွဲ့ပိုင်ငွေဖြစ်တယ်၊ ဆရာက သုံးပါလို့ ခွင့်ပေးခွင့်မရှိဘူး၊ တကယ်

လုပ်ရမှာက မင်းတို့အဖွဲ့ကို အစည်းအဝေးခေါ်လိုက်၊ ထီထိုးဖို့ကိစ္စကို တင်ပြလိုက်. . .၊ အများက သဘောတူရင် ထီထိုးလိုက်၊ အများက ကန့်ကွက်ရင်တော့ မထိုးနဲ့ပေါ့ကွာ. . .”ဟု ပြောလိုက်လျှင် ညိုမောင်က-

“အစည်းအဝေးခေါ်ပြီး ဒီအကြောင်းပြော လိုက်ရင်တော့ ပျက်မှာပါဆရာ၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်ကောင်တွေက ကျွန်တော့်ကို မယုံဘူး. . .”ဟု ပြောလိုက်လေ၏။ မင်းဒင်လည်း ရယ်လေ၏။ ထိုအခါ အိမ်ပေါ်ထပ်မှနေ၍ ပြောဆိုနေသံကို ကြားရသော မြစိမ်းက -

“ညိုမောင်ကြီးရေ . . . အစည်းအဝေးလည်း ခေါ်မနေပါနဲ့ကွယ်. . .၊ အစ်မ ပေးပါ့မယ်၊ ထိုးလိုက်ပါ၊ ဘယ်လောက်ဖိုး ထိုးမှာလဲ. . .”ဟု မေးလိုက်လေ၏။ ထိုအခါ ညိုမောင်က -

“ကကြီး၊ သုံးခြောက်နဲ့စတဲ့နံပါတ်တွေ ရသလောက် ရှာရမှာ ပေါ့ အစ်မရယ် . . .”ဟု ပြောလေတော့၏။ ထိုအခါ မြစိမ်းက -

“ညိုမောင်ရယ်. . .၊ အစ်မက ငွေနှစ်ထောင်ပေးမယ်ဟယ်. . .၊ အဲဒီနှစ်ထောင်ကို ကုန်အောင်သာ ထိုးလိုက်. . .၊ ပေါက်လို့ရတဲ့ငွေ တစ်ဝက်ကို မင်းတို့ စာကြည့်တိုက်ကို လှူမယ်၊ ကျန်တဲ့ တစ်ဝက်ကို တော့ အစ်မယူမယ်၊ အဲလိုယူပြီးတော့လည်း အစ်မက တခြားနေရာမှာ မသုံးပါဘူး၊ မင်းတို့ဆရာ အစ်ကိုမင်းဒင်နဲ့ အစ်မနဲ့ ယူတဲ့အခါ မင်္ဂလာ ဆွမ်းကျွေးမယ်၊ ခန်းဝင်ပစ္စည်း ဝယ်မယ်၊ ဟီ. . . ဟိ. . .”ဟု ပြောလိုက်ရာ ကြည်ကြည်မြင့်မှာ ကြားထဲက မျက်နှာမထားတတ်အောင် ဖြစ်သွားသဖြင့် မျက်နှာကြီးကို အောက်သို့ ငုံ့ထားလိုက်လေတော့သတည်း။

ပ





## အခန်း ၊ ၂၂ ၊

# လူမိုက်မှူဆာ သေရှာပြီ

ထီဖွင့်ချိန်သို့ ရောက်သောအခါ၌ မြစိမ်းနှင့် ညိုမောင်ကြီးသည် ထီပေါက်စဉ်ကို စိတ်စောလျက် ရှိကြလေ၏။ ထီပေါက်စဉ် ထွက်လျှင် နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ထီလက်မှတ်များကို တိုက်ကြလေ၏။ ၎င်းတို့ထိုးထားသော ထီလက်မှတ်များသည် တစ်သိန်းဆု၊ ငါးသောင်းဆု၊ နှစ်သောင်းဆု၊ တစ်သောင်းဆုများ ဝင်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့၏။

ထိုအခါ မြစိမ်းသည် ကျောင်းသားကျောင်းသူများ၏ စာကြည့်



တိုက်သို့ ငွေတစ်သိန်းနှစ်သောင်း လှူလိုက်လေ၏။ ၎င်းကမူ တစ်သိန်းနှစ်သောင်း ယူလိုက်လေတော့၏။

ညိုမောင်ကြီးသည် စာကြည့်တိုက်အသင်းကို သင်းလုံးကျွတ်ခေါ်ပြီးလျှင် ထီပေါက်သည့်အကြောင်းကို ပြောပြလိုက်လေတော့၏။ ထို့နောက် ၎င်းတို့၏ ကျောင်းကလေးနှင့် ကပ်လျက်ရှိသောခြံကို ဝယ်ယူ၍ စာကြည့်တိုက် အဆောက်အဦးဆောက်လုပ်ရန် ဆွေးနွေးတိုင်ပင်လေတော့၏။ ငွေများ အမှန်တကယ် လက်တွင်းသို့ရောက်လာသောအခါ၌ ၎င်းတို့ ရည်ရွယ်ထားသော မြေကွက်ကို ဝယ်ဖြစ်ကြလေ၏။

ထိုသို့ ဝယ်ပြီးသောအခါ၌ စာကြည့်တိုက် အဆောက်အဦးကို ဆောက်ကြလေ၏။ ထိုစာကြည့် တိုက်အဆောက်အဦး၏ ရှေ့တွင် အခြားသောလုပ်ငန်းများ လုပ်ရန်အတွက် သံတိုင်၊ သွပ်မိုးဖြင့် ခန်းမကြီးကဲ့သို့ အဆောက်အဦးကြီးတစ်ခုကိုလည်း တွဲ၍ဆောက်ပြန်လေ၏။

ထိုအဆောက်အဦးကြီးများ ပြီးစီးသွားသောအခါ၌ မြစိမ်းနှင့် မင်းဒင်တို့လည်း ရုံးတွင် လက်မှတ်ထိုးကြလေ၏။ ပြီးလျှင် စာကြည့်တိုက်နှင့် တွဲထားသော သွပ်မိုးအဆောက်အဦးကြီးတွင် မင်္ဂလာဆွမ်းကျွေးလေတော့၏။ ဘုန်းကြီးခုနစ်ပါးကို ဆွမ်းကျွေးသည့်အပြင် သင်္ကန်းပရိက္ခရာများပါ ကပ်ကြ၏။ လူများကိုမူ အုန်းနို့ခေါက်ဆွဲ ကျွေးလေ၏။

ထိုရပ်ကွက်မှ လူမိုက်မှူဆာလည်း မင်္ဂလာဆွမ်းကျွေးသို့ လာရောက်၍ အုန်းနို့ခေါက်ဆွဲ စားလေ၏။ အုန်းနို့ခေါက်ဆွဲမှာ လွန်စွာကောင်း၏။ မြစိမ်း၏ မိခင်ဒေါ်ညွန့်ကြီးကိုယ်တိုင် ချက်သည်ဆို၏။ အုန်းနို့များ နိုင်နိုင်ထည့်ထားသည်ဟု ဆို၏။ စားမိသူ အပေါင်းက ထိုအုန်းနို့ခေါက်ဆွဲကို ချီးကျူးကြကုန်၏။

မူဆာသည် 'ကောင်းလိုက်တာ . . ကောင်းလိုက်တာ' ဟု ဆိုကာ အုန်းနို့ခေါက်ဆွဲ သုံးပန်းကန်စားလေ၏။ ထိုသို့စားပြီးနောက် အုန်းနို့ကျောက်ကျောနှင့် ကော်ဖီကို သောက်လေ၏။ ပြီးလျှင်ပြီးချင်း 'မူးတယ် . . . မူးတယ် . . . 'ဟု အော်ကာ လဲကျသွားလေတော့၏။ ထိုအခါ၌ ဆေးရုံသို့ပို့ရန် ပြင်ဆင်ကြရလေတော့၏။ အထူးသဖြင့် ဆေးရုံပို့ရန် ကားကို မရမက ရှာကြရ၏။ ထိုသို့ရှာဖွေရာတွင် 'အလီ'ဆိုသည့် သူပိုင်သည့် အုတ်တင်ကားကိုရလေ၏။ ထိုကားပေါ်သို့ မူဆာအား ပွေ့၍တင်ကြရလေ၏။ ကားပေါ်သို့ ရောက်သောအခါ၌ ကားပိုင်ရှင် အလီသည် မူဆာ၏ မျက်နှာကို သေချာကြည့်ပြီးနောက် -

"ဟေ့ကောင်တွေ . . . မင်းတို့လည်း ဘာမှ နားမလည်ပါလားကွာ. . .၊ ဒီဗလာနံက အသက်မရှိတော့ဘူးကွ၊ ဒီလောက်ဆိုးလှ၊ မိုက်လှတဲ့ကောင် လူပြန်ဖြစ်ပြီး အရင်းလောက်ရရင်တော်ပါပြီကွာ၊ ဟေ. . . ဟေ့. . . မပြောကောင်း မဆိုကောင်း၊ မြစိမ်း ဗိုက်ထဲမှာ ဝင်စားရင် ပိုပြီး ကောင်းမယ်ကွ . . . "ဟု ပြောဆိုကာ တဟားဟား ရယ်လေ၏။

ထိုအခါ၌ ညိုမောင်ကြီးက -

"ဦးအလီ ဒါကြီးက သေပြီဆိုတော့ ရပ် ကွက်ထဲကို သယ်လို့မရဘူးဗျာ . . .၊ ရပ်ကွက်နဲ့ စကားများလိမ့်မယ်၊ ဘယ်လိုလုပ်ကြမလဲ . . . " ဟု မေးလေ၏။ ထိုအခါ အလီက -

"ဆေးရုံကို ပို့မယ်ကွာ . . .၊ ဆေးရုံကမှ သင်္ချိုင်းကို ပို့မယ်၊ ဆေးရုံကို ပို့တဲ့အထိတော့ ငါ တာဝန်ယူပါတယ်၊ ကျန်တာတွေက သူ့အိမ် က လုပ်လိမ့်မယ်၊ ငါလည်း မတတ်နိုင်ဘူး . . . "ဟု ပြောလေ၏။ ထိုအခါ ညိုမောင်ကြီးက-





"ဦးအလီ . . . ခင်ဗျားလည်း ကုလားပဲမဟုတ်လား . . .၊ ခင်ဗျား နာမည်က ကုလားနာမည်ပဲ . . . "ဟု ပြောလိုက်လျှင် အလီက -

"ငါ့နာမည် အလီဆိုတာ ကုလားလိုမှည့်တာ မဟုတ်ဘူးဟေ့ . . .၊ ငယ်ငယ်တုန်းက ကျောင်းမှာ အလီမရလို့ အလီစာရွက်ကို အိတ်ထဲခိုးထည့်ပြီး ဖြေတာကို မိသွားလို့ ငါ့ကို အလီလို့ ခေါ်ကြတာ . . .၊ အဲဒီ နာမည်က တွင်သွားတာဟေ့ . . .၊ ငါ့ကို ကုလားလို့ မထင်ကြနဲ့၊ ငါဟာ မြန်မာအစစ်ကွ . . . " ဟု ပြောလိုက်လေ၏။ ကြားရသူအပေါင်းလည်း ဝါးခနဲ ဝိုင်း၍ ရယ်မောကြလေ၏။

မင်းဒင်နှင့် မြစိမ်းလည်း ၎င်းတို့အနီးသို့ ရောက်လာလေ၏။ ထိုအခါ အလီက -

"မြစိမ်းရေ . . . ဟောဒီမူဆာဟာ နင့်အမေကြီးချက်တဲ့ အုန်းနို့ခေါက်ဆွဲစားပြီး မာလကီးယားသွားတာနော်၊ နင့်ဆီမှာ ပြန်ဝင်စားချင် ဝင်စားလိမ့်မယ်"ဟု ပြောလိုက်လျှင် မြစိမ်းက -

"မလုပ်ပါနဲ့ ကိုအလီရယ် . . .၊ ဒီလောက် ဆိုးတဲ့၊ မိုက်တဲ့ မူဆာကြီးကိုတော့ ပြန်ပြီးဝင်စားမခံ နိုင်ပါဘူး . . . "ဟု ရယ်ရယ်မောမော နှင့်ပင် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ အလီက -

"အံမယ် . . . မူဆာက လူဆိုးလူမိုက်ဆိုပေမဲ့ ခင်ဖို့သိပ်ပြီးကောင်းတာဟဲ့ . . .၊ သူများ ပိုက်ဆံ ချေးပြီးရင် ပြန်မပေးဘူး၊ ဈေးသည်ဆီမှာ အကြွေးစားတယ်၊ အကြွေးတောင်းပြန်တော့ ရိုက်မောင်းပုတ်မောင်းလုပ်တယ်၊ ဒီကောင်က မိုက်ရုံမိုက်တာမဟုတ်ဘူး၊ သတ္တိကလည်း ကောင်းတယ်နော်၊ ညဘက် အိမ်သာတက်ရင် သရဲကြောက်လို့ သူ့မိန်းမက လိုက်ပို့ရတယ်၊ အမှုကို မီးထွန်းပြီးရှာတယ်၊ အမှုဖြစ်လို့ ရဲက အချုပ်ထဲ

လည်း သွင်းမယ်ဆိုရော ရဲခြေထောက်ကို ဖက်ပြီးငိုတော့တာပဲ၊ ရပ်ရွာကိုလည်း စောင့်ရှောက်တယ်၊ လမ်းထိပ်က ကိုလှမောင်ကြီးအိမ် ဓားပြတိုက်တာ သူလက်ထောက်ချတာပေါ့၊ လမ်းထဲက လူငယ်လေးတွေကိုလည်း ဘေးမသီရန်မခအောင် သူပဲ စောင့်ရှောက်ထားတာ . . .၊ အဲဒီကောင်လေးတွေ အကုန်လုံး အရက်သောက်တတ်အောင် သူသင်တာပေါ့ . . . ” ဟု ပြောလေ၏။ ထို့နောက် ကားကိုမောင်း၍ ထွက်သွားလေတော့၏။ လူအပေါင်းလည်း မူဆာ ရုတ်တရက် သေဆုံးသည့်အတွက် ဝမ်းနည်းရမည့်အစား ရယ်မောရ၍ ကျန်ရစ်ခဲ့ကြလေတော့၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး သုံးလခန့်ကြာသော အခါ၌ မြစိမ်းသည် အိပ်မက်တစ်ခု မြင်မက်လေ၏။ ထိုအိပ်မက်ထဲတွင် မူဆာသည် လူတစ်ယောက်နှင့်အတူ မြစိမ်းတို့အိမ်သို့ ရောက်ရှိလာလေ ၏။ မြစိမ်းသည် မူဆာကို မြင်လျှင်မြင်ချင်း

“ကိုမူဆာကြီး . . . ရှင်မလာနဲ့၊ ရှင်မလာနဲ့၊ ရှင့်ကို လက်မခံဘူး. . . ”ဟု အော်ဟစ်ငြင်းဆန်လေ၏။ ထိုအခါ မူဆာက ပြုံးလေ၏။ ထိုသို့ပြုံးရင်း -

“မြစိမ်းရယ် . . . နင်ကလည်းဟာ အလီဆို တဲ့ အုတ်တိုက်တဲ့ ကောင်ပြောတဲ့ စကားကို တကယ်ယုံတာကိုး၊ ငါမလာပါဘူးဟဲ့ . . .၊ ငါက ဒီလူ့ကို လိုက်ပို့တာပါ၊ ဒီလူကတော့ နင်တို့နဲ့ နေလိမ့်မယ်၊ သူနဲ့ငါနဲ့က ထောင်ထဲမှာ သိခဲ့ကြတာ . . .၊ သူက လူသတ်မှုနဲ့ တစ်သက်တစ်ကျွန်းကျတာ. . .၊ နှစ်စေ့လို့ ထောင်ကလွတ်ခါနီးမှာ ဘဝပြောင်းသွားရရှာတယ်၊ သူ့အလုပ်တွေဟာ မပြီးသေးဘူး၊ အဲဒါတွေ ဆက်လုပ်ဖို့ နင်တို့အိမ်မှာ နေရလိမ့်မယ် . . .၊ နင့်ယောကျ်ား ထောင်မှူးကိုမင်းဒင်လည်း သူ့ကို





သိပါတယ်၊ သူဟာ ဆေးဆရာ၊ နက္ခတ်ဗေဒင်ဆရာတစ်ယောက်ပါပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ အသက်ကို ကာကွယ်ရင်း လက်လွန်သွားရှာတာ . .၊ သေသွားတဲ့ကောင်က ‘ခင်စော’တဲ့၊ အများရဲ့အမြင်မှာတော့ လူကောင်းပါပဲ၊ တကယ်တော့ ဒီကောင်က လူဆိုး၊ လူယုတ်မာ၊ ‘မြမေ’ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်ဖို့ ကြိုးစားနေတုန်း ဒီဆရာနဲ့ တွေ့သွားတာ၊ ဒီဆရာက မြမေကို ကာကွယ်ပေးလိုက်တာ လက်လွန်ပြီး ခင်စော သေသွားတာ . . .၊ အဲဒါ ကို ခင်စောဘက်က လူတွေက ငွေနဲ့ အတင်းဖိလိုက်လို့ ဒီဆရာ တစ်သက်တစ်ကျွန်း ကျသွားတာ. . .၊ အခု ထောင်က လွတ်လို့ နင်တို့ဆီ နေဖို့လာတာ. . .၊ လူတော်လူကောင်းတစ်ယောက်ပါဟယ် . . .၊ ငါ့လို လူမိုက်လည်း မဟုတ်ပါဘူး၊ လက်ခံလိုက်ပါ မြစိမ်းရယ် . . . ” ဟု ပြောလေ၏။ ထိုအခါ မြစိမ်းက-

“လူကောင်းဆိုရင်တော့ လက်ခံရမှာပေါ့ ရှင် . . . ”ဟု ပြောလိုက်သည့်အချိန်၌မှာပင် မူဆာ နှင့် ထိုသူသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။ ထို့နောက် မူဆာနှင့်ပါလာသောလူက -

“ကျုပ်ကို အများကတော့ ဆရာထွန်းလို့ ခေါ်ကြပါတယ်” ဟု ဆိုကာ နှစ်လိုဖွယ်ရာ ပြုံးပြလေ၏။

“ဒီလိုရှိပါတယ် ဆရာထွန်းရယ်၊ မြစိမ်းတို့ အိမ်မှာနေတာတော့ နေတာပေါ့၊ ဒါပေမဲ့ ဆရာထွန်း ရဲ့ ဆံပင်က အရှည်ကြီး၊ မုတ်ဆိတ်မွေးနဲ့ နှုတ်ခမ်းမွေးတွေကလည်း အရှည်ကြီး . . .၊ အဲဒီပုံစံကြီးနဲ့တော့ မကောင်းဘူးထင်တယ် . . . ” ဟု မြစိမ်းက ပြောလိုက်လျှင် အိပ်မက်အတွင်းမှ ဆရာထွန်းက -

“ဒါတွေက အလကားသက်သက်ထားတာ မဟုတ်ပါဘူး၊

အမိဋ္ဌာန်နဲ့ထားတာပါ၊ အမိဋ္ဌာန်ပြည့် သွားရင်တော့ ဒါတွေကို ပယ်ရမှာပေါ့ မမြစိမ်းရယ်၊ ဆရာကိုမင်းဒင် ကျွန်တော့်ကို တွေ့ဖူးပါတယ်၊ ကျွန်တော် သူနဲ့အတူနေချင်လို့ လိုက်ပြီးစုံစမ်းနေတုန်း မူဆာနဲ့တွေ့တာ. . .၊ ဒါကြောင့် မူဆာက ကျွန်တော့်ကို ဒီကိုခေါ်လာတာပါ။ မမြစိမ်းကို ကျွန်တော် ပြောရဦးမယ်၊ ကျွန်တော် ဒီမှာတော့နေမယ်၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်က ခြေလေးချောင်းသား မစားဘူး၊ အဲဒီတော့မကျွေးပါနဲ့၊ ပြီးတော့ အစားအသောက်ကို သူများအကျန် မစားဘူး၊ အဲဒီတော့ မကျွေးပါနဲ့၊ မသန့်ရှင်းတဲ့ငွေနဲ့ ချက်ပြုတ်ထားတဲ့ အစားအသောက်ကို ကျွန်တော်မစားဘူး၊ မကျွေးပါနဲ့၊ နတ်တင်တဲ့ အစားအသောက်ကို ကျွန်တော်မစားဘူး၊ အဲဒီတော့ မကျွေးပါနဲ့ . . .”ဟု ပြောလေ၏။ ထိုအခါ မြစိမ်းက မဲ့လေ၏။ ပြီးလျှင်

“အမလေးတော် . . . ကြီးကျယ်လိုက်တာ” ဟု ပြောလေ၏။ မူဆာသည် ပြုံး၍နေ၏။ ထို့နောက် -

“မြစိမ်းရေ . . . ဆရာထွန်း နင်တို့ဆီမှာ လာနေလိမ့်မယ်၊ မိုး တွေသည်းသည်းမည်းမည်းရွာတဲ့ နေ့မှာ ရောက်လာလိမ့်မယ်၊ အဲဒီလို ရောက်လာဖို့ အချိန်တွက်လိုက်ရင် စက်တင်ဘာလမှာ သန္ဓေစွဲမှ ဇွန်လထဲမှာ မွေးမှာမဟုတ်လား၊ မိုးတွင်းဆိုတာကတော့ သင်္ကြန်အတက်နေ့ ဧပြီလ ဆယ်ခုနစ်ရက်ကနေ ရက်လေးဆယ်ပြည့်ပြီးတဲ့ မေနှစ်ဆယ့်ခုနစ်ရက် ဟာ မိုးစကျတဲ့နေ့ပဲလေ . . .၊ မေနှစ်ဆယ့်ခုနစ်ရက်ကနေ ဇွန် ငါးရက်အတွင်းမှာ မိုးဟာ ခပ်သည်းသည်းလေး ရွာလေ့ရှိတယ်၊ အဲဒါကို မိုးဦး စောတယ်လို့ ခေါ်ကြတာပေါ့ဟယ် . . .၊ အဲဒီတော့ ဇွန်လ နှစ်ရက်နေ့ဆိုရင် မိုးတော်တော်သည်းနေပါပြီ၊ အဲဒီနေ့မှာ ငါ့ရဲ့မိတ်ဆွေ၊ ငါ့ရဲ့ဆရာ





‘ဆရာထွန်း’ နင်တို့အိမ်ကို ရောက်လာလိမ့်မယ်၊ ‘မိုးနဲ့အတူ’ ပေါ့ ဟယ် . . .”ဟု မူဆာက ပြောလေ၏။

မူဆာပြောလိုက်သောစကားတွင် ‘မိုးနဲ့အတူ’ဆိုသော စကားရပ်ပါလာလေ၏။ ထိုစကားရပ်မှာ မြစိမ်း၏နားတွင် ပဲ့တင်ထပ်၍ သွားလေတော့သတည်း။

‘မိုးနဲ့အတူ . . .’
‘မိုးနဲ့အတူ . . .’
‘မိုးနဲ့အတူ . . .’
‘မိုးနဲ့အတူ . . .’
‘မိုးနဲ့အတူ . . .’

ပ



### အခန်း ၊ ၂၃ ၊

# ဆရာမဲကြီး ရောက်လာခြင်း

မြစိမ်းသည် ရင်းမြင်မက်ခဲ့သော အိပ်မက်အကြောင်းကို မင်းဒင်အား ပြောပြလေ၏။ ထိုအခါ မင်းဒင်က -

“မြစိမ်းအိပ်မက်ထဲက ဆရာထွန်းဆိုတဲ့ အကျဉ်းသားကို အစ်ကို တစ်ခါနှစ်ခါ တွေ့ဖူးပါတယ်၊ လူသတ်မှုမသင်္ကာနဲ့ ထောင်တစ်သက်တစ်ကျွန်းကျလာတာ . . .၊ လူက လူကောင်းပါ၊ ဗေဒင်လက္ခဏာအတတ်၊ ဆေးအတတ်၊ အဂ္ဂိရတ်အတတ်တွေတတ်တယ်၊ ဥပမိရုပ်လည်း အတော်ကောင်းတဲ့လူ . . .၊ တကယ်ကျတာက သေဒဏ်ကျတာ . . .၊ လွတ်ငြိမ်း

ချမ်းသာခွင့်နဲ့ ကြုံလို့ တစ်သက်တစ်ကျွန်းဖြစ်သွားတာ၊ သူ့အကြောင်းကို သိတဲ့လူတွေက သူ့ကို အတော်လေးစားကြတယ်၊ သူ သေဒဏ်ကျတဲ့ နေ့တုန်းက မြင်တွေ့ရတဲ့လူတွေက သူ့ရဲ့ကုန္ဒြေကောင်းပုံကို အတော့်ကို ချီးကျူးကြတယ်၊ သူ့ရဲ့မိတ်ဆွေတစ်ယောက်က ဘယ်လိုလဲလို့ သူ့ကို မေးတဲ့အခါမှာ သူက 'ဘယ်လိုမှ မလဲပါဘူးဗျာ ...၊ သေစရာရှိတော့ လည်း သေလိုက်တာပေ့ါ၊ နေစရာရှိတော့လည်း နေလိုက်တာပေ့ါ ...' လို့ ခပ်ပြုံးပြုံးလေး ပြန်ပြောတယ်ဆိုပဲ ...”ဟု ပြောလေ၏။ ထိုအခါ မြစိမ်းက -

“အဲဒီ ဆရာထွန်းက မြစိမ်းဗိုက်ထဲမှာလာပြီး ဝင်စားတော့ မယ်ပေ့ါ...”ဟု မေးလိုက်ရာ မင်းဒင်က -

“ဟုတ်တာပေ့ါ မြစိမ်းရယ် ...၊ ဆရာထွန်းဟာ မြစိမ်းရဲ့ ဗိုက်ထဲကို ရောက်လာပြီ၊ နေဦးနေဦး ...၊ အစ်ကို နှုတ်ဆက်လိုက်ဦး မယ်၊ ဂွတ်ဒ်မောနင်း ...ဂွတ်ဒ်မောနင်း ...ဆရာထွန်း”ဟု မြစိမ်း၏ ဗိုက်အနီးသို့ကပ်၍ မင်းဒင်က နှုတ်ဆက်လိုက်လေ၏။ ထိုအခါ မြစိမ်းက လည်း အသံသြသြကြီးလုပ်၍ -

“မောနင်း ...မောနင်း ...” ဟု ပြန်၍ နှုတ်ဆက်လေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် အားရဝမ်းသာ ရယ်မောလိုက်ကြလေ၏။

ထိုရယ်မောခြင်းသည် ဆရာထွန်းဆိုသော အကျဉ်းသားတစ်ဦး ၏ ဘဝသစ်အား ကြိုဆိုလိုက်ခြင်း ဖြစ်ဟန်တူ၏။ အမှန်တကယ်လည်း မြစိမ်း၌ ကိုယ်ဝန်ရှိနေပြီဖြစ်၏။

ကိုယ်ဝန် ခြောက်လကျော်လာသောအခါ၌ မြစိမ်းသည် သားငါး များကို မစားလို သက်သတ်လွတ်သာ စားလိုသည်ဟုဆိုကာ သက်သတ်





လွတ်စားလေ၏။ ထိုအခါ မြစိမ်း၏မိခင် ဒေါ်ညွန့်ကြီးက -

“အောင်မယ်လေးတော် ... ငါ့သမီး ဘီလူးမက သက်သတ် လွတ်စားမတဲ့တော်...၊ ထမင်းစားတဲ့အခါ သူများအသက်မပါရင် ကိုယ့်အသက် သေရမတတ်ဖြစ်တဲ့လူကများ သက်သတ်လွတ် စားမတဲ့ တော် ...၊ သူ့ဗိုက်ထဲရောက်နေတဲ့ သတ္တဝါကတော့ အတော့်ကို ထူးတဲ့ သတ္တဝါပါပဲ ...၊ သူတော်ကောင်း ...သူတော်ကောင်း...” ဟု ရေရွတ်လေ၏။

သီတင်းကျွတ်လထဲတွင် မြစိမ်းသည် ကလေးမွေးဖွားလေ၏။ ဆေးရုံသို့ မပို့ဘဲ အိမ်၌ပင် လက်မှတ်ရဝမ်းဆွဲနှင့် မွေးလေ၏။ နံနက် ၈ နာရီ ၁၀ မိနစ်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသောကြောင့် ဗေဒင်အနည်း ငယ်တတ်ကျွမ်းသော ခြံနီးချင်းအဘိုးကြီးက 'သူရဇ္ဇ - တနင်္ဂနွေအခါ'ဟု ဆုံးဖြတ်လေ၏။ သို့ရာတွင် အခြားသော ခြံနီးချင်းအဘိုးကြီးတစ်ဦးကမူ

“လေးမိနစ်ကိန်းစိတ်နဲ့ စဉ်းစားရင် ဗုဒ္ဓအခါဖြစ်တယ်၊ ထူးမယ့် ကလေးပါပဲ၊ တနင်္ဂနွေက ရာဇဆိုရင် သူမွေးတဲ့ ဗုဒ္ဓအခါနဲ့ ဆက်စပ်ပြီး စဉ်းစားရင် 'ဗုဒ္ဓရာဇာအခါ' လို့တောင် ပြောရမှာပဲ၊ ထူးမြတ်မယ့် ပုဂ္ဂိုလ် ပါပဲ၊ ဒါကြောင့် ဒီကလေးကို 'ထူးအောင်လူ'လို့ အမည်ပေးသင့်ပါတယ်၊ နောင်မှာ ဆရာထူး၊ ဒါမှမဟုတ် ဆရာအောင် ...၊ ဆရာလူရယ်လို့ ထင်ရှားလိမ့်မယ်၊ လောကီထုပွတ်လူတို့ဇာတ်မှာလည်း အောင်မြင်လိမ့် မယ်၊ ဒီကလေးရဲ့ ကင်ပွန်းတပ် အခမ်းအနားမှာ အုန်းထမင်း ကျွေးသင့် တယ် ...”ဟု ပြောလိုက်ရာ မြစိမ်း၏မိခင် ဒေါ်ညွန့်က -

“အုန်းသီးတော့ မလုပ်ပါနဲ့ ကိုစံဖေရယ်၊ အုန်းနို့ခေါက်ဆွဲ ကျွေးမိလို့ မူဆာဆိုတဲ့ကောင် သေပါလေရောလား ...” ဟု အလန့်

တကြား ပြောလိုက်လေ၏။ ထိုအခါ ဗေဒင်တွက်တတ်သော ခြံနီးချင်း ဦးစံဖေဆိုသည့် လူကြီးက-

"မညွန့်ရယ် . . .၊ အဲဒီလို မှုဆာသေလို့လည်း ခင်ဗျားသမီး ဗိုက်ထဲမှာ ဝင်စားမယ့်ပုဂ္ဂိုလ်ထူးကို မှူဆာက ခေါ်လာတာပေ့ါ . . .၊ နောက်တစ်ယောက်သေရင် နောက်တစ်ယောက် ရဦးမှာနော"ဟု ပြောလိုက်ရာ ကြားရသူအပေါင်းသည် ဝါးခနဲ ရယ်မောလိုက်ကြလေ၏။

မြစိမ်း ကလေးမွေးပြီး မီးထွက်သောအခါ၌ စာကြည့်တိုက်ရှေ့တွင်ရှိသော သံတန်ဆောင်းကြီး၌ ကင်ပွန်းတပ်မင်္ဂလာ ကျင်းပလေ၏။ အမှန်တကယ် ကင်ပွန်းတပ်သောအခါ၌ 'ထွန်းအောင်ဝေ'ဟူ၍ ကင်ပွန်းတပ်ဖြစ်လေတော့၏။

ထွန်းအောင်ဝေကလေးအား အနီးအပါးမှ လူများကလည်း ချစ်ကြလေ၏။ ဆရာထွန်းဆိုသူ ဝင်စားမှန်းလည်း သိကြကုန်၏။ ထို့ကြောင့် ထွန်းအောင်ဝေလေး ငိုသောအခါ၌ ကြုံသောသူများက '

"ဆရာထွန်းရယ် . . . မငိုပါနဲ့၊ သူတော် ကောင်းမို့လား၊ သူတော်ကောင်းဆိုတာ စိတ်မတိုရဘူးလေ . . . "ဟု နောက်ပြောင်၍ ချော့တတ်ကြလေ၏။ ထိုအခါမျိုး၌ ထွန်းအောင်ဝေကလေးသည် အငိုတိတ်၍ သွားတတ်လေ့ရှိ၏။

ထိုကလေး ကျောင်းနေသည့်အရွယ်သို့ ရောက်သောအခါ၌ ၎င်းတို့၏ ရပ်ကွက်ထိပ်တွင်ရှိသော မြေကွက်ကို လူတစ်ယောက်က လာရောက်၍ ဝယ်ယူပြီးလျှင် လွန်စွာခန့်ငြားသော ကျွန်းအိမ်မည်းကြီးတစ်လုံး ဆောက်လုပ်လေ၏။ ထိုကျွန်းအိမ်ကြီးမှာ ရေနံချေးများ ဝ,နေအောင် သုတ်ထားသောကြောင့် မည်းမှောင်၍နေလေ၏။ သို့ရာတွင် ပြတင်းပေါက်





ပေါင်များ၊ ပန်းဆွဲများမှာမူ အဖြူရောင် သုတ်ထားလေ၏။ ထိုအိမ်ကြီးကို အိမ်မည်းကြီးဟူ၍ ရပ်ရွာမှ ခေါ်ကြကုန်၏။

ထိုအိမ်မည်းကြီး၏ ပိုင်ရှင်မှာ ဦးမဲဟူ၍ဖြစ်၏။ ၎င်းဦးမဲမှာ မြန်မာဆေးဆရာကြီးတစ်ဦးဖြစ်၏။ ထို့ကြောင့် အများသူငါက ဆရာမဲကြီးဟူ၍ ခေါ်ကြလေ၏။ အထက်အညာဘက်မှ ပြောင်းရွှေ့လာသည်ဟုလည်း သိရလေ၏။

တစ်နေ့တွင် ထွန်းအောင်ဝေလေး ကျောင်းမှအပြန် မိုးရေထဲတွင် ဘောလုံးကစားသောကြောင့် အအေးမိ၍ဖျားလေ၏။ ထိုအခါ မိခင်ဖြစ်သူ မြစိမ်းက ကလေးကို ဆရာမဲကြီးအိမ်သို့ ခေါ်သွား၍ပြလေ၏။ ဆရာမဲကြီးသည် ချွေးထုပ်ဆေးကို ရေနွေးပူပူတစ်ခွက်ဖြင့် တိုက်ပြီးလျှင် ထွန်းအောင်ဝေအား စောင်ခြုံ၍ ချွေးထုတ်ပေးထားလေ၏။ ထို့နောက် ဆရာမဲကြီးက-

"သိပ်လည်း မစိုးရိမ်ပါနဲ့ မိန်းကလေးရယ်၊ ဒီရာသီမှာ ကလေး တွေ ဒီလိုပဲကွယ့် . . .၊ မိုးရေမှာ ဆော့ကြပြီး အအေးမိလို့ ဖျားကြနာကြ တာပါပဲ၊ ချွေးထုတ်ဆေးလေးဘာလေး တိုက်လိုက်ရင် ပျောက်သွားတာပါပဲ . . . "ဟုပြောလေ၏။ ကွမ်းတစ်ယာညက်ခန့်ကြာလျှင် ထွန်းအောင်ဝေအား ခြုံပေးထားသော စောင်ကို ခွာလိုက်ရာ ထွန်းအောင်ဝေ၏ တစ်ကိုယ်လုံး ချွေးများထွက်နေသည်ကို တွေ့ရလေ၏။

မမြစိမ်းက ထွန်းအောင်ဝေ၏ကိုယ်မှ ချွေးများကို သုတ်ပေးလေ ၏။ ထို့နောက် ဆရာမဲကြီးအား ငွေငါးကျပ် ကန်တော့ရာ ဆရာမဲကြီးက-

"နေပါစေ . . . နေပါစေ၊ ဆရာဆရာချင်း ကုရတာ ငွေယူလို့ ဘယ်ကောင်းမလဲ"ဟု ပြောလေ၏။ ထိုအခါ မမြစိမ်းက -

"ဆရာကြီးပြောတာ ကျွန်မ နားမလည်ဘူး. . ."ဟု ပြောလေ၏။

"ဒီလို မိန်းကလေးရဲ့ . . .၊ တို့က ဆေးဆရာဆိုပေမဲ့ ဗေဒင် လည်း တတ်ရသကွယ့် . . .၊ အခု ဒီကလေးရောက်လာတဲ့အခါဟာ 'ဂုရုအခါ' ဖြစ်တယ်ကွယ့် . . .၊ အဲဒီအခါမျိုးမှာ ရောက်လာတဲ့လူဟာ ဆရာတစ်ယောက်ဖြစ်တတ်တယ်၊ ဒါကြောင့်မို့ ဒီကလေးဟာ တစ်ချိန် မှာ ကျော်ကြားမယ့် ဆရာပဲ" ဟု ဆရာမဲကြီးက ပြောပြလေ၏။

"ဟုတ်ပါတယ် ဆရာကြီးရယ် . . .၊ ဆရာထွန်းဆိုတဲ့ လူတစ်ယောက်လာနေမယ်လို့ အိပ်မက် မက်ပြီး သူ့ကို ကိုယ်ဝန်ရတာပါပဲ . . ."ဟု မြစိမ်းက ပြောလိုက်ရာ ဆရာမဲကြီးက -

"ဟုတ်ပြီ. . .၊ အတိတ်နဲ့ နိမိတ်နဲ့အိပ်မက်နဲ့လာတဲ့ ပုဂ္ဂိုလ်ကိုး. . .၊ ဒါနဲ့ မေးရဦးမယ် . . .၊ ဆရာထွန်းဆိုတဲ့ ပုဂ္ဂိုလ်ကို မိန်းကလေးအရင် ကတည်းက သိလို့လား . . ."ဟု မေးလေ၏။

"မသိပါဘူးရှင်. . .၊ အဲဒီ ဆရာထွန်းဆိုတာက ထောင်ကျနေတာတဲ့၊ ထောင်ထဲမှာ နေမကောင်းလို့ သေသွားတယ်တဲ့၊ အသေးစိတ် တော့ ကျွန်မ မသိပါဘူး၊ ကျွန်မယောကျ်ားကတော့ ထောင်မှာ အလုပ်လုပ် ဖူးတော့ အဲဒီဆရာထွန်းအကြောင်းကို ကျွန်မထက်တော့ သိပါတယ်၊ ဆရာကြီးအနေနဲ့ သိချင်ရင် သူ့ကို ကျွန်မခေါ်လာခဲ့ပါ့မယ် . . ." ဟု မြစိမ်းက ပြောလိုက်လျှင် ဆရာမဲကြီးက -

"သံသရာဆိုတာ လည်တဲ့သဘောတော့ ရှိတာပေါ့ကွယ်၊ ဒါပေမဲ့ ဝေးဝေးမလည်ဘဲ ဒီနားတင် ကပ်ပြီးလည်နေတာကတော့ ဆန်းသဟေ့. . ."ဟု ပြောကာ ထွဋ်အောင်ဝေ၏ ခေါင်းကို လက်ဖြင့်အုပ် ကိုင်ရင်း

"ဘယ်လိုလဲ ဆရာထွန်းရဲ့ . . .၊ ကျုပ်နဲ့ ခင်ဗျားနဲ့ ပြန်ပြီး





ဆုံကြပြန်ပြီပေါ့ . . ." ဟု ပြောကာ တဟားဟား ရယ်လိုက်လေတော့ သတည်း . . .။

"ဟား . . . ဟား . . . ဟား . . . ဟား. . . ဟား . . ."

ပ



**အခန်း ၊ ၂၄ ၊**

# အနက်ထည်ဆိုတဲ့ ကောင်မလေး

တစ်နေ့တွင် မင်းဒင်သည် ဆရာမဲကြီး၏ အိမ်အနီးမှ ဖြတ်၍ ဈေးဘက်ဆီသို့ သွား၏။

ဆရာမဲကြီးသည် မင်းဒင်ကို မြင်လျှင် -

"ဆရာကိုမင်းဒင်ရယ် . . . ၊ အိမ်ကို ကြွပါဦးဗျာ၊ အဖန်ရည်လေး ဘာလေး သောက်ရအောင်"ဟု ဖိတ်ခေါ်သဖြင့် မင်းဒင်သည် ဆရာမဲကြီး၏ အိမ်ပေါ်သို့ တက်ခဲ့လေ၏။ ဆရာမဲကြီးသည် ထန်းလျက် ဖြူဆုပ်၊ ကုလားပဲဆုပ်၊ ကရေကရာ၊ ရေနွေးကြမ်း စသည်တို့ဖြင့် မင်းဒင်အား ဧည့်ခံလေ၏။

"ဒီလိုပါခင်ဗျာ ...။ တစ်နေ့တုန်းက ကိုမင်းဒင်ရဲ့သားလေး နေမကောင်းလို့ သူ့အမေက ဒီကို ခေါ်လာတယ်၊ ကျုပ်က ချေးထုတ်ပေးလိုက်တယ်၊ နေကောင်းသွားပါတယ်၊ အဲဒီမှာ သူ့အမေ မမြစိမ်းနဲ့ ကျုပ်နဲ့လည်း စကားပြောဖြစ်ကြတယ်၊ မမြစိမ်းပြော ပြချက်အရ ဒီကလေးဟာ လူသတ်မှုနဲ့ ထောင်ကျနေတဲ့ ဆရာထွန်းဆိုတဲ့လူ ဝင်စားတာဆိုပဲ၊ ကျုပ်က ဆရာထွန်းအကြောင်းကို စိတ်ဝင်စားနေတော့ နည်းနည်းပါးပါး တီးခေါက်ကြည့်တာပေါ့ဗျာ ...။ အဲဒီမှာ မမြစိမ်းက သူက ဆရာထွန်းအကြောင်းကို မသိဘူးတဲ့၊ သူ့ယောကျ်ား ကိုမင်းဒင်က သိတာတဲ့ ...။ ကိုမင်းဒင်ကို တွေ့ရင် မေးကြည့်ပါတဲ့၊ အဲဒါကြောင့် ဆရာကိုမင်းဒင်ကိုတွေ့လို့ မိတ်ဖြစ်ဆွေဖြစ် အဖန်ရည်တိုက်ရင်း မေးမလို့ဗျို့..."ဟု ဆရာကိုမဲကြီးက ရယ်ရွှန်းပတ်ရွှန်းလေသံဖြင့် မေးလေ၏။ ထိုအခါ ကိုမင်းဒင်က -

"ဆရာထွန်းအကြောင်းတော့ သိသလောက် ပြောပြပါ့မယ်၊ ဒါပေမဲ့ ဆရာမဲက ဆရာထွန်းအကြောင်းကို စိတ်ဝင်စားနေတယ်ဆိုတော့ အကြောင်းတော့ ရှိမှာပေါ့ဗျာ ..."ဟု ပြန်၍မေးလိုက်လေ၏။ ထိုအခါ ဆရာမဲကြီးက-

"ဒီလို ဆရာကိုမင်းဒင်ရဲ့...။ ကျုပ်တို့က ဧရာဝတီမြစ်ရဲ့ အနောက်ဘက်၊ အနောက်ဘက်လို့ ပြောမယ့်အစား အတွင်းဘက်ကျကျ နေရာက 'ပွင့်ဖြူ' ဆိုတဲ့ မြို့လေးတစ်မြို့ပေါ့ဗျာ ...။ အဲဒီမြို့ရဲ့ အနောက်ဘက်ကျကျ 'မဲဇလီ'ဆိုတဲ့ ဆည်ကြီးနားက ရွာလေးတစ်ရွာကဗျ၊ အဲဒီရွာမှာနေကြတာ ...။ ကျုပ်က ဗိန္ဒောဆရာ၊ ဆရာထွန်း(ခေါ်)ကိုထွန်းက အကြောဆရာဗျ...။ သူ့ရဲ့အကြောပညာကလည်း အတော့်ကို ထက်မြက်တာဗျာ...။ ချင်းအဘိုးကြီး တစ်ယောက် သင်ပေးသွားတာဗျ၊





အကြောသေသွားတာတို့၊ လေဖြတ်သွားတာတို့တောင် သူ့ပညာက နိုင်တယ်ဗျ၊ တစ်ခုတော့ သိထားရမယ်၊ သူဟာ အနှိပ်သည် မဟုတ် ဘူးဗျ ...။

အကြောကုဆရာဗျ ...။ ကျုပ်တို့ရွာလေးဟာ အတော့်ကို ချောင်ကျပါတယ်ဗျာ ...။ ဒါပေမဲ့ ဆရာထွန်းအိမ်မှာက ရောဂါလာကုတဲ့ လူတွေက မပြတ်ဘူးဗျ၊ ပြီးတော့ ဆရာထွန်းဟာ အတော့်ကို လောဘနည်းတာဗျ၊ ဆေးကုသခကလည်း အတော့်ကို နည်းတယ်ဗျာ ...။ ပြီးတော့ လူနာကို ဆေးဖော် မခိုင်းဘူးဗျ၊ ဆေးဖော်ရမယ်၊ ပိုက်ဆံ ဘယ်လောက်ပေးလို့ ဆရာထွန်းပါးစပ်က ပြောတာ ကျုပ်ဖြင့် တစ်ခါမှ မကြားဖူးပါဘူးဗျာ..."ဟု ဆရာမဲကြီးက ပြောလေ၏။ ထိုအခါ မင်းဒင်သည် သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို မော့ချလိုက်ပြီးနောက် -

"ကျွန်တော်က ထောင်မှာ ထောင်မှူးလုပ်ခဲ့ တာ ...။ ဆရာထွန်း လူသတ်မှုနဲ့ ထောင်ကို ရောက်လာတဲ့အခါ သူ့ရဲ့အမှုတွဲဖိုင်ကို ကျွန်တော် သိမ်းရပါတယ်၊ သူဟာ သူကြီးသား ကိုမျိုးဆိုတဲ့လူကို သတ်တဲ့အမှုနဲ့ အပြစ်ဒဏ် ကျခံခဲ့ရတယ်ဆိုတာ သိရတယ်၊ သူ့အကြောင်းကို သိရသလောက်ကတော့ အဲဒီရွာမှာရှိတဲ့ 'မအနက်ထည်'လို့ ခေါ်တဲ့ မိန်းကလေးကို လုကြတာဆိုပဲ ..."ဟု ပြောလိုက်လျှင် ဆရာမဲကြီးက ခေါင်းကို တွင်တွင်ရမ်း၍ -

"အဲဒါ မဟုတ်ဘူး ... မဟုတ်ဘူး၊ ရည်းစားလုပြီးဖြစ်တဲ့ လူသတ်မှုမျိုး မဟုတ်ဘူးဗျို့ ...။ ခင်ဗျား အခုပြောတဲ့ အနက်ထည်ဆိုတဲ့ မိန်းကလေးက ကျုပ်နှမအရင်းဗျ၊ ငမျိုးဆိုတဲ့ကောင်ဟာ သူ့အဖေ သူကြီး အရှိန်နဲ့ လူတွေကို အတော့်ကို အနိုင်ကျင့်တာဗျ၊ ကျုပ်နှမ အနက်ထည်

ကို ဆရာထွန်းဟာ စိတ်နဲ့တောင် မပြစ်မှားပါဘူးဗျာ . . .၊ တစ်ညနေမှာ သုတ္တံ ကျောင်းဆရာတော်ကြီးကို မနက်အရုဏ်ဆွမ်းအတွက် သွားပြီး လျှောက်တာ . . .၊ အဲဒီမှာ ငမျိုးက ဘလက်ကာယာလုပ်တာ. . .၊ အနက်ထည် ကံကောင်းချင်တော့ သုတ္တံဇရပ်မှာက ဆရာထွန်းက အမြဲတမ်း တရားထိုင်နေကျ . . .၊ တရားထိုင်ပြီးလို့ အေးအေးဆေးဆေး ဆေးတံ သောက်နေတာ . . .၊ အနက်ထည်ရဲ့ အော်သံကြားလို့ သူက ပြေးသွားတာ. . .၊ သူ့ကိုလည်းမြင်ရော ငမျိုးက ဓားနဲ့ခုတ်တာပေါ့ . . .၊

အဲဒီမှာ ဆရာထွန်းက ငမျိုး လည်ပင်းကို ဖမ်းကိုင်ပြီး အကြောလေးတစ်ခုကို နှိပ်လိုက်တာ . .၊ ငမျိုးဟာ စက္ကန့်ပိုင်းအတွင်းမှာပဲ အသက်ထွက်သွားတယ်၊ အဲဒီအဖြစ်အပျက်ကို ငမျိုး တပည့်နှစ်ယောက်က ချုံထဲကနေ အသေအချာမြင်တယ်၊ အဲဒီ တပည့်နှစ်ယောက်က ငမျိုးနဲ့ အဖော်လိုက်လာကြတာ. . .၊ အတော့်ကို ယုတ်မာတဲ့ကောင်တွေ၊ ငမျိုးက အနက်ထည်ကို ဘလက်ကာယာလုပ်မှာကို ချောင်းကြည့်ဖို့ လိုက်လာကြတာ. . .၊ အဲဒီကောင်နှစ်ကောင်ဟာ ခြေဦးတည့်ရာ စွတ်ပြီး ပြေးကြတော့တာပဲ၊ ပြီးတော့ ငမျိုးအဖေ သူကြီးဆီကို အရောက်သွားကြတော့တာပေါ့. . .၊

သူကြီးက ပွင့်ဖြူဘက်မှာ အမှုဖွင့်တယ်၊ အဲဒီတော့ ကျုပ်လည်း မနေသာတော့ဘဲ အနက်ထည်ကို ဘလက်ကာယလုပ်တဲ့ကိစ္စကို အမှုဖွင့်ရတော့တာပေါ့ . . .၊ သက်ဆိုင်ရာက လာပြီးမဖမ်းခင်မှာ ဆရာထွန်းကို ရှောင်တိမ်းထွက်ပြေးဖို့ ကျုပ်က အကြံပေးပါတယ်၊ ဒါပေမဲ့ သူက မပြေးပါဘူး . . .၊ တရားကို နတ်စောင့်ပါတယ်တဲ့ . . .၊ တကယ်လို့ သူ ခံရရင်လည်း ဝဋ်ကြွေးရှိလို့ပဲလို့ မှတ်ပါ့မယ်တဲ့ . . . ” ဟု ပြောပြီးလျှင်





ဆရာမဲကြီးသည် အမောပြေရန် ရေနွေးကြမ်းတစ်ခွက် သောက်လိုက်လေတော့၏။ ထိုအခါ မင်းဒင်က -

“ဆရာထွန်း ထောင်ထဲရောက်တော့ ကျွန် တော့် အဆောင်မှာ ပါပဲ၊ လူကတော့ ပြောစမှတ်ပြုလောက်အောင် တော်တဲ့လူပဲဗျ၊ ရုပ်ရည်ကလည်းဗျာ၊ ယောကျ်ားပီသလိုက်တာ မပြောပါနဲ့၊ ကျွန်တော်တို့ အကျဉ်းထောင်မှာက အကျဉ်းသားဟာ နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ မထားရဘူးဗျ၊ ဒါပေမဲ့ ဆရာထွန်းက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကို အမိန့်ခွင့်နဲ့ ထားတာဆိုတော့ သက်ဆိုင်ရာလူကြီးတွေက နားလည်ပေးထားတယ် . . .၊

နောက် ကျွန်တော် သိသလောက် ပြောရရင်တော့ သူဟာ ဆွေမျိုးအသိုင်းအဝိုင်း မရှိရှာဘူး၊ ဒါကြောင့် သူ့ကို ဘယ်သူမှ ထောင်ဝင်စာလာမတွေ့ကြဘူး . . .၊ ထောင်ထဲမှာ သူက အကြောနဲ့ပတ်သက်တဲ့ ရောဂါသည်တွေကို ဆေးကုပေးတယ်၊ ဒါကြောင့် သူ့ရဲ့လူနာတွေကတော့ သူ့ကို ကျေးကြ၊ မွေးကြပါတယ်၊

နောက်တစ်ခု ဆရာထွန်းနဲ့ပတ်သက်လို့ သိတဲ့အချက်ကတော့ သူဟာ အမွှေးတိုင်ကလေး ထွန်းပြီး ပုတီးစိပ်လေ့ရှိတယ်ဗျ၊ စိပ်တဲ့အခါမှာလည်း ပါးစပ်က တိုးတိုးတိုးတိုးနဲ့ဆိုပြီး စိပ်တာ . . .၊ သူဆိုတာက သမ္ဗုဒ္ဓေဂါထာပါပဲ၊ ဒါပေမဲ့ သူဆိုတာက ကျွန်တော်တို့သိတဲ့ သမ္ဗုဒ္ဓေ မဟုတ်ဘူး . . . ”ဟု ပြောလိုက်လျှင် ဆရာမဲကြီးက -

“ဪ . . . အဲဒါ ကျုပ်သိတယ်ဗျ . . .၊ မြောက်ကျွန်းသမ္ဗုဒ္ဓေလို့ ခေါ်တယ်၊ အဲဒါ သူ့ကို ပညာသင်ပေးတဲ့ ချင်းဆရာကြီးနည်းပဲဗျ. . .၊ သမ္ဗုဒ္ဓေနဲ့ သွားတဲ့လမ်း ရှိတယ် . . . ”ဟုပြောလေ၏။ ထို့နောက် မင်းဒင်က

"ဆရာထွန်းက ထောင်ထဲမှာ ခြောက်နှစ်နီး ပါးနေခဲ့ပြီး ငှက်ဖျား ရောဂါနဲ့ ဆုံးသွားရှာတယ်၊ အဲဒီလို ဆုံးသွားပြီး ကျွန်တော့်မိန်းမကို အိမ်မက် ပေးပြီး လူဝင်စားဖြစ်တယ်လို့ ဆိုရမှာပေါ့ ဆရာမဲရယ်. . . "ဟု ပြော လိုက်လေ၏။ ဆရာမဲကြီးသည် တဟားဟား ရယ်ရင်း -

"သံသရာလည်တယ်ဆိုတာတော့ ဟုတ်ပါပြီဗျာ . . .၊ အခု ဟာက ဒီနားတင်ကပ်ပြီး လည်နေတာဗျ . . .၊ ဆရာထွန်း လာပြီးဝင်စား တာကိစ္စမရှိဘူး၊ ဟိုလူယုတ်မာ ငမျိုးက ကျုပ်တို့ နားကပ်ပြီး ရောက်လာ မှာ စိုးရိမ်ရတယ်ဗျ. . . "ဟု ပြောလိုက်လေတော့သတည်း . . .။ ။

ပ





**အခန်း ၊ ၂၅ ၊**

# သားအမိနှစ်ယောက်စလုံး ရသေ့ဝတ်ကြခြင်း

မင်းဒင်သည် သားကလေးတစ်ဦး ထွန်းကားပြီးနောက် ကျန်းမာရေးမကောင်းသောကြောင့် စာပြခြင်း အလုပ်ကိုမူ ရပ်နားလိုက်ရလေ၏။ ၎င်း၏သားကလေးကိုမူ ဆရာထွန်းဆို သူဝင်စားသည်ဟု တစ်ရပ်ကွက်လုံးက သိသွားကြပြီဖြစ်ရာ ထိုကလေးအား 'ဆရာထွန်း' ဟူ၍ လည်း ကောင်း၊ 'ဆရာလေး'ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြလေ၏။

ထိုကလေး ကျောင်းစ၍အပ်သောနေ့၌ပင် မင်းဒင်သည် ကွယ်လွန်အနိစ္စ ရောက်ရလေတော့၏။ မင်းဒင်၏ အသုဘမှာ လွန်စွာ



မိုးသည်းသောနေ့တွင် ဆောင်ရွက်ရသည်ဖြစ်ရာ လုပ်ကိုင်ရသူများအဖို့ လွန်စွာမှ ကသိကအောင့် နိုင်လေ၏။ မြစိမ်းမှာလည်း -

"အစ်ကိုမင်းဒင်ရယ် . . . မိုးတွေရွာတဲ့နေ့မှာ ရောက်လာပြီး မိုးတွေရွာတဲ့နေ့မှာ မိုးနဲ့အတူ ပြန်သွားပြီလား . . ."ဟု ပြောဆိုကာ ငိုယိုလေတော့၏။

ခုနစ်ရက်မြောက်သောနေ့၌ မင်းဒင်အတွက် ရက်လည်ဆွမ်းကျွေးလေ၏။ ထိုဆွမ်းကျွေးပွဲတွင် လမ်းထိပ်မှ ဆရာမဲကြီးလည်း ရောက်ရှိလာလေ၏။ဆရာမဲကြီးသည် လူစုံသောအချိန်၌ -

"ဟောဒီ ကွယ်လွန်သွားတဲ့ ကိုမင်းဒင်ရဲ့ ကလေးဟာ အများ အခေါ် ဆရာလေးပေါ့၊ ဒီကလေးရဲ့ နောင်ရေးကို သူ့ရဲ့မိခင်ဖြစ်တဲ့ မမြစိမ်း က ပူစရာမလိုပါဘူး၊ ကျုပ်က မွေးစားပါ့မယ်၊ မွေးစားမယ်ဆိုပေမဲ့ ကလေး အတွက် ကျောင်းစရိတ်တွေ၊ ဘာတွေထောက်မှာပါ၊ ကျုပ်အိမ်ကို ခေါ်မထားပါဘူး၊ သားအမိနှစ်ယောက် အတူတကွနေကြပေါ့၊ အိမ်ချင်းကလည်း သိပ်ပြီးဝေးတာမှမဟုတ်ဘဲ . . ."ဟုပြောလေ၏။ မြစိမ်းမှာလည်း သားကလေးအတွက် ကူညီ ထောက်ပံ့မည့်သူ ပေါ်ပေါက်လာခြင်းကြောင့် ဝမ်းသာ ရလေ၏။ ၎င်း၏သားကလေး ဆရာကလေးမှာ လွန် စွာတော်၏။ တစ်တန်းပြီးတစ်တန်း အောင်၍သွားလေ၏။ ဆရာကလေး စတုတ္ထတန်း အောင်သောနှစ်တွင် ဆရာလေးအား မွေးစားသည်ဆိုသော ဆရာမဲကြီးသည် ဓာတ်လုံးထိုးရန်အတွက် ရေဇယံသံ ရှာရန် ဘုန်းကြီးတစ်ပါးနှင့် ကျိုက်ထီးရိုးဘက်သို့ သွားရာလမ်းတွင် ကားမှောက်၍ ဘုန်းကြီးလည်း ပျံလွန်တော် မူလေ၏။ ဆရာမဲကြီးလည်း အနိစ္စရောက်လေ၏။

အမှန်စင်စစ်အားဖြင့်ဆိုလျှင် ထိုနှစ်အနည်း ငယ်အတွင်း၌ပင်

မမြစိမ်းအဖို့ ယောက်ျားဖြစ်သူ ဆုံးသကဲ့သို့ မိခင်ဖြစ်သူလည်း ဆုံးပါးခဲ့ပြီဖြစ်၏။ ထို့အတူ မိမိ၏သားကလေးအား မွေးစားခဲ့သူ ဆရာမဲကြီးလည်း ဆုံးပါးခဲ့ပြီဖြစ်၏။ ၎င်းသည် သားကလေးဖြစ်သူ ဆရာကလေးဆိုသူ ကလေးအတွက် ရွှေ့ရေးကို တွေးကာ ရင်မအေးဖွယ်ရာဖြစ်ခဲ့ရ၏။ သားအမိနှစ်ဦး စားသောက်နေထိုင်ရန်အတွက် သက်န်းကျွန်းဈေးမှ ချုပ်ထည်ကလေးများကို ချုပ်လုပ်ရလေ၏။

ဆရာကလေးသည် ငယ်စဉ်ကပင် အသားကျွေး၍မရဘဲရှိသောကြောင့် သက်သတ်လွတ်ကျွေးခဲ့ရ၏။ သက်သတ်လွတ်စားသောကလေးဟုဆိုကာ တစ်ရပ်ကွက်လုံးက အသိအမှတ်ပြု၍ ချစ်ခင်ကြ၏။ အင်္ကျီအဝတ်အစားကိုလည်း အခြားအရောင် ဝတ်ဆင်ပေးလျှင် မဝတ်တတ်ဘဲ ရှိလေ၏။ သစ်ခေါက်ဆိုးရောင် ဝတ်ပေးမှသာလျှင် သဘောကျလေ၏။

သို့ရာတွင် ကျောင်းနေသောအရွယ်သို့ ရောက်သောအခါ၌ ကျောင်းမှသတ်မှတ်ထားသော ယူနီဖောင်းကိုမူ မလွဲသာ မရှောင်သာ ဝတ်ရလေ၏။ ကျောင်းမှပြန်လာလျှင်မူ ထိုအဝတ်ကို ချွတ်၍ သစ်ခေါက်ဆိုးရောင်ကို ဝတ်လေ၏။

ထို့ကြောင့် ရပ်ကွက်ထဲမှ လူတချို့က ၎င်းအား သစ်ခေါက်ဆိုးရောင်အဝတ်အစားများ ချုပ်လုပ်၍ လက်ဆောင်ပေးတတ်လေ၏။ ထိုသူတို့သည် ထိုကလေးအား ရသေ့ဟု အသိအမှတ်ပြုခေါ်ဝေါ်ကြ ကြရာမှ အစ ကလေးဘဝကပင် ဆရာကလေးဟူ၍လည်းကောင်း၊ ရသေ့ကလေးဟူ၍ လည်းကောင်း အမည်တွင်၍သွားလေတော့၏။

ရသေ့ကလေးသည် ခုနစ်တန်းသို့ ရောက်သောအခါ၌ လောကီပညာတွင် နှံ့စပ်လှသော ဆရာတစ်ဦးက အင်္ဂဝိဇ္ဇာအတတ်၊ ဆန်းကျမ်း





ဗေဒင်အတတ်၊ ပုဂ္ဂလပညတ် ဆေးပညာအတတ်၊ အင်းအိုင်လက်ဖွဲ့အတတ်များကိုသာမက သမိုင်းအတတ်ကိုပါ ညက်ညက်ကြေအောင် သင်ကြားပေးလေ၏။ ထိုဆရာက ရသေ့ကလေးအား -

"ဒီမှာ ရသေ့ကလေး ဆရာထွန်းရဲ့ . . .၊ ရသေ့လုပ်မယ်ဆိုရင် အခု ကျုပ်သင်ပေးထားတာလေးတွေကို တတ်မှဖြစ်မယ်၊ အဲဒါလေးတွေနဲ့ ရိက္ခာထောက် လုပ်ရမှာပဲ၊ အဲဒါလေးတွေ မတတ်ဘူးဆိုရင် တော့ အလျှုခံထွက်နေရလိမ့်မယ် . . .၊ ကျုပ် သင်ပေးတာလေးတွေကို ကျွမ်းကျင်အောင် လေ့ကျင့်ပါ"ဟု ပြောလေ၏။

ရသေ့ကလေးလည်း လူပျိုပေါက်အရွယ်သို့ ရောက်လာပြီဖြစ်၏။ မြင်မြင်သမျှသူများသည် ရသေ့ ကလေးကို ကြည်ညိုကြ၏။ လှူဒါန်းကြ၏။ တချို့ လည်း အကြောင်းကိစ္စကြီးငယ်ရှိလျှင် ရသေ့ကလေးထံတွင် ဗေဒင်မေးမြန်းကြ၏။ ရသေ့ကလေးက တွက်ချက်ပေး၏။ အခိုက်အညှံ့များကြုံသောအခါ၌လည်း ယတြာချေပေးလေ၏။ ရသေ့ကလေး ဗေဒင်မှန်တယ်၊ ယတြာကောင်းတယ်ဆိုသော သတင်းသည် တောမီးပမာပျံ့နှံ့သွားလေ၏။ ရသေ့ကလေး၏ဖခင်ဖြစ်သူ ဆရာမင်းဒင် အစပျိုးခဲ့သော စာကြည့်တိုက်မှာလည်း ရပ်ရွာပိုင် ဓမ္မာရုံဖြစ်သွားပြီဖြစ်၏။ စာအုပ်စာတမ်းများမှာလည်း ဟိုလူယူ၊ ဒီလူယူဖြင့် ဆုံးပါးကုန်ပြီဖြစ် ၏။ ရသေ့ကလေးတို့မိသားစုနေသော အိမ်ကိုလည်း နောက်ထပ်ဝယ်သော ခြံရှင်က ဖယ်ခိုင်းပြီဖြစ်သောကြောင့် ဖယ်ပေးလိုက်ရလေ၏။

သို့ရာတွင် ရသေ့ကလေးတို့သားအမိသည် တခြားဝေးဝေးသို့ မပြောင်းရွှေ့ဘဲ ထိုအနီးနား၌ပင် ခြံကလေးတစ်ခြံကို ဝယ်ယူ၍ ဝါးကျောင်းကလေးတစ်ကျောင်း ဆောက်လုပ်လေ၏။ ထိုဝါးကျောင်းကလေး

မှာ ရသေ့ကလေးနေရန်ဖြစ်၏။ ဝါးကျောင်းကလေး၏ နောက်တွင် တဲကလေးတစ်လုံး ထိုးရလေ၏။ ထိုတဲမှာ မိခင်ဖြစ်သူ မမြစိမ်းနေရန် ဖြစ်၏။

မမြစိမ်းမှာလည်း ကျန်းမာရေး မကောင်းသောကြောင့် စက်မချုပ်နိုင်တော့ဘဲ လူမမာကြီးဖြစ်၍ နေလေတော့၏။ ရသေ့ကလေး၏ ဝါးကျောင်းကလေးမှာမူ ဗေဒင်လာ၍မေးသူများ၊ ယတြာ လာ၍ချေသူများဖြင့် စည်ကားလျက်ရှိလေ၏။ ရသေ့ကလေးမှာ သက်သတ်လွတ်စားသည်ဆိုသောကြောင့် အသီးအရွက်များ၊ သစ်သီးဝလံများ ယူ၍လာကြလေ၏။ မိခင်ဖြစ်သူ မကျန်းမာသောကြောင့် ရသေ့ကလေးသည် ထမင်းဟင်းကို ကိုယ်တိုင်ချက်ရ၏။ မိခင်ကြီး သောက်ရန်အတွက် ဆန်ပြုတ်ကိုပင် ပြုတ်ပေးရလေ၏။

တစ်နေ့တွင် ရသေ့ကလေးသည် မိခင်အတွက် ဆန်ပြုတ် ပြုတ်ရန် ငါးရံ့တစ်ကောင် ဝယ်လာလေ၏။ လမ်းတွင် သူ့ထံလာဖူးသော မိန်းမတစ်ဦးနှင့် တွေ့လေ၏။ ထိုမိန်းမသည် ရသေ့လေး၏ ခြင်းတောင်းအတွင်းမှ ငါးရံ့ကို မြင်လျှင် အခြားသူများအား -

"တို့က ရသေ့ကို သက်သတ်လွတ်စားတယ် အောက်မေ့နေတာ. . .၊ သူက အသားခိုးစားနေတာ၊ မနက်က ခြင်းတောင်းထဲမှာ ငါးရံ့တစ်ကောင်တွေ့တယ် . . ." ဟု လျှောက်၍ပြောနေလေ၏။

အမှန်စင်စစ် ရသေ့ကလေးသည် အသားကိုစားဖို့ မဆိုထားဘိ။ အနံ့ကိုပင် ခံ၍မရရှာပေ။ သို့ရာတွင် သက်သတ်လွတ်စားသော ရသေ့လေး အသားခိုးစားသည်ဆိုသော သတင်းသည် နေ့ချင်းညချင်း ပျံ့နှံ့သွားပြီ ဖြစ်ရာ ယခင်က ကြည်ညိုရင်းစွဲရှိသော ပရိသတ်သည် လုံးဝမလာ တော့ပေ။





ထိုအခါ၌ ရသေ့လေးတို့သားအမိသည် စားရေးသောက်ရေး ကျပ်တည်းလာလေ၏။ ထို့ကြောင့် ရသေ့ကလေးသည် အလှူခံထွက်ရလေတော့၏။ ထိုသို့ အလှူခံထွက်သော်လည်း လှူမည့်တန်းမည့် သူ ရှားပါးလေ၏။

"မလှူနဲ့ . . . မလှူကြနဲ့ . . .၊ ရသေ့အစစ် မဟုတ်ဘူး၊ အဲဒီကောင်လေးက ရသေ့အတုလေး၊ သက်သတ်လွတ်စားတယ်ဆိုပြီး အသားတွေ ခိုးစားနေတာ . . .၊ သူ့ကျောင်းသင်္ခန်းနားမှာလည်း တဲတစ်လုံးရှိတယ်၊ အဲဒီတဲထဲမှာလည်း သူ့ထက်ကြီးတဲ့ မိန်းမ တစ်ယောက်ရှိတယ်. . ."ဟု မတော်မတရား ပြောကြလေ၏။ ထို့ကြောင့် ရသေ့လေးတို့သားအမိသည် ငတ်တစ်လှည့်၊ ပြတ်တစ်လှည့် ဖြစ်ရလေတော့၏။ ထိုအခါ မမြစိမ်းက -

"သားရယ် . . . အမေပါ ရသေ့ဝတ်မယ်၊ ပြီးတော့ အလှူခံထွက်မယ်၊ ရတာလေးနဲ့ စားပြီး ပုတီးစိပ်မယ်၊ တရားထိုင်မယ်ကွယ်. . ."ဟု ပြောလေ၏။

ထို့နောက်တွင်ကား မမြစိမ်းမှာ သစ်ခေါက်ဆိုးရောင်ဝတ်၍ ရသေ့မ လုပ်လေတော့သတည်း။

ပ



**အခန်း ၊ ၂၆ ၊**

# အေးပေါ့ဗျာ

ရသေ့ကလေးသည် သူ၏မိခင် ကျန်းမာရေးအတွက် ဆရာဝန်ကို ပြလေ၏။ အချိန်ယူ၍ ကုသရမည်ဖြစ်ကြောင်း၊ ပြုစုမည့် သူနာပြုတစ်ဦး အနီးတွင်ရှိရန် ငှားထားရမည်ဖြစ် ကြောင်း၊ ဆေးကောင်းဝါးကောင်းများ သောက်သုံးရန် အတွက်လည်း စားရိတ်စကများ ကုန်ကျမည်ဖြစ်ကြောင်း သိရလေတော့၏။

ထို့ကြောင့် မိခင်ကြီးအား ထားခဲ့ပြီးလျှင် ကျိုက်ထီးရိုးဘုရား ဘက်ဆီသို့အလှူခံထွက်ခဲ့လေ၏။ အခြားသော အလှူခံများနှင့် ဝေးနိုင်သမျှ

ဝေးဝေးတွင် ထိုင်၍ အလှူခံလေ၏။

ထိုသို့ အလှူခံရင်း ဆန်းပညာ၏ နိမိတ်ကို ကောက်၍ လှူသော ပုဂ္ဂိုလ်များအား တစ်လုံးစ နှစ်လုံးစ ဗေဒင်ဟောလေ၏။

တစ်နေ့တွင် မိန်းမကြီးတစ်ဦးသည် ကလေးတစ်ဦးကို ချီ၍ ၎င်း၏ ရှေ့မှ ဖြတ်သွားရန် လျှောက်လာလေ၏။ ချီလာသောကလေးသည် ထိုမိန်းမကြီး၏ ခေါင်းကို တဖတ်ဖတ် ရိုက်၍ပါလာ၏။ ထိုမိန်းမကြီး သည် ပိုက်ဆံအကြွေအနည်းငယ်ကို ရသေ့၏အလှူခံ ခွက်ထဲသို့ လာ၍ ထည့်လေ၏။ ထိုအခါ ရသေ့က သာဓုခေါ်ပြီးလျှင် -

"ခင်ဗျားလည်း အောက်လက်ငယ်သား ဒုက္ခပေးနေပါလား . . ." ဟု နိမိတ်ကောက်၍ ပြောလိုက်လေ၏။ ထိုအခါ ထိုမိန်းမကြီးက -

"မှန်လိုက်တာ ရသေ့လေးရယ် . . .၊ တော်တော့်ကို ဒုက္ခပေး ပါတယ် . . ."ဟု ပြောလေ၏။

"နေစမ်းပါဦး၊ ဘယ်မှာနေတာလဲ . . ." ဟု ရသေ့လေးက ထပ်၍မေးလိုက်၏။

"ပဲခူး ဗိုင်းဂနိုင်းထဲမှာ နေပါတယ်၊ အိမ်မှာက ဆေးလိပ်ခုံရှိတယ်၊ ရသေ့လေး အဲဒီလမ်းထဲ ရောက်ရင် အိမ်က ရှာရလွယ်ပါတယ်၊ အိမ်ရှေ့မှာ က ကုက္ကိုပင်ကြီးရှိပါတယ် . . ."ဟု ထိုမိန်းမကြီးက ပြောလိုက်လျှင် ၎င်း၏နောက်မှပါလာသော မိန်းမတစ်ဦးက -

"လမ်းတစ်လမ်းလုံးမှာရှိတဲ့ အိမ်တွေရဲ့ ရှေ့ မှာက ကုက္ကိုပင်တွေ ချည်းပါပဲ"ဟု ဝင်၍ပြောလေ၏။ ထိုအခါ ကလေးချီထားသော မိန်းမက-

"ကုက္ကိုပင် ရှိတာချင်းတော့ တူတာပေါ့၊ ကျွန်မတို့အိမ်ရှေ့က ကုက္ကိုပင်က ပိုပြီးကြီးတယ်၊ ပြီးတော့ ပေါင်လုံးလောက်ရှိတဲ့ နွယ်ကြီးက





လည်း ပတ်နေတယ်၊ အဲဒါ ထူးခြားတာပါပဲ . . ." ဟု ပြောလေ ၏။ ထိုအခါ ရသေ့လေးက -

"ခင်ဗျားတို့အိမ်မှာက မိန်းမလျှာ ဒါမှမဟုတ် ယောကျ်ားလျှာ တစ်ဦးဦး ရှိနေပြီ" ဟု ပြောလိုက်လေ၏။ ထိုအခါ ကလေးချီထားသော မိန်းမကြီးက -

"အောင်မယ်လေးတော် . . .မှန်လိုက်တဲ့ ဖြစ်ခြင်း . . .၊ အဲဒီ ယောကျ်ားလျှာပေါ့ . . .၊ ဒုက္ခပေးနေတာ . . .၊ ရှိတဲ့ပစ္စည်းလည်း ကုန် သလောက်ဖြစ်နေပြီ . . ." ဟု ပြောလေ၏။

"ကဲဗျာ . . . ထိုင်စမ်းပါဦး၊ ပြောပြပါဦး၊ ဘယ်ပုံဘယ်နည်း ဖြစ်တယ်ဆိုတာ . . ." ဟု ရသေ့လေးက ပြောလိုက်လျှင် ကလေးချီထား သော မိန်းမကြီးရော အဖော်ဖြစ်သူ မိန်းမပါ မြေပြင်ပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ကလေး ထိုင်ကြလေ၏။

"ဒီလိုပါ ရသေ့လေးရယ် . . .၊ ကျွန်မနာ မည်က မမြကျုတ် တဲ့. . .၊ မိဘတွေ မရှိတော့တဲ့ အခါမှာ ကျွန်မက ဆေးလိပ်ခုံထောင်တယ်၊ ဆေးလိပ် ခုံနာမည်ကတော့ မြကျေးကျုတ်တဲ့ . . .၊ ကျွန်မရဲ့ ဆေးလိပ်က တခြားမြို့ကိုတောင် ဖြန့်စရာမလိုဘူး၊ ကျွန်မတို့ ပဲခူးမှာတင် ကုန်တယ်၊ ကျွန်မက မုဆိုးဖို တစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်တယ်၊ အဲဒီမုဆိုးဖို မှာက အရွယ်မရောက်တရောက် သမီးတစ်ယောက် ပါလာတယ်၊ အဲဒါလေးက ယောကျ်ားလျှာမလေး၊ သူ့ နာမည်က ပေါက်ကျော်မတဲ့၊ သူ့အဖေကလည်း ချစ်လိုက်တာ တုန်နေတာပဲ၊ သူ့သမီးကို ပြောမိဆိုမိတာနဲ့ ကွဲမယ်ကွာမယ် လုပ်တော့တာပဲ၊ ကွဲရမှာရှက်လို့ ကျွန်မလည်း ခေါင်းငုံ့ပြီး ခံနေခဲ့ရတယ်၊ အဲဒီကလေးဟာ အခုတော့ အပျိုကြီးဖားဖားဖြစ်နေပါပြီ. . .၊

ဒါပေမဲ့ မိန်းမလို တစ်ခါမှမဝတ်ဘူး . . ၊ ယောကျ်ားလိုပဲ ဝတ်တယ်၊ မနက်မိုးလင်းတာနဲ့ မော်တော်ဆိုင်ကယ်တစ်စီးနဲ့ တစ်မြို့လုံးပတ်တော့တာပဲ၊ လက်ဖက်ရည်ဆိုင်တကာ ထိုင်တယ်၊ မိန်းကလေးသူ ငယ်ချင်းမရှိဘူး၊ ယောကျ်ားလေးသူငယ်ချင်းပဲရှိတယ်၊ မိန်းကလေးတွေ ဘာတွေကိုသူက သဘောကျရင်လည်း ပိုးကြေးပန်းကြေး ပေးသေး တယ်၊ ပြီးခဲ့တဲ့လက ကျွန်မရဲ့စိန်နားကပ်ကိုခိုးပြီး ကောင်မလေးတစ် ယောက်ကို ပေးလိုက်လို့ ရဲစခန်းကနေ ပြန်တောင်းယူရတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့အဖေနဲ့ ကျွန်မနဲ့ စကားများကြသေးတယ်၊ ကျွန်မ ကျေးဇူးသိတတ်ပါတယ်၊ အဲဒီဒုက္ခလေးက ကင်းဝေးအောင် လုပ်ပေးပါ ရသေ့လေးရယ် . . . ” ဟု ဒေါ်မြကျုတ်ဆိုသော မိန်းမကြီးက ပြောလေ၏။ ထိုအခါ ရသေ့လေးက -

“အဲဒီနွယ်ကြီးကို အကြောင်းပြပြီး ခုတ်ပစ်လိုက်ဗျာ . . . ” ဟု မေးလိုက်လေ၏။ ထိုအခါ ဒေါ်မြကျုတ်က -

“ခုတ်မယ် . . . ခုတ်မယ်၊ အိမ်ရောက်တဲ့ အထိ မစောင့်ဘူး၊ ဒီကနေပြီး လှမောင်ကို တယ်လီဖုန်းဆက်ပြီး အခုတ်ခိုင်းလိုက်မယ် . . . ” ဟု ပြောကာ ရသေ့ကလေး၏ အလှူခံခွက်ထဲသို့ ငွေစက္ကူများ ထည့်၍ ထွက်သွားကြလေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး လေးရက်ခန့်ကြာသော အခါ၌ ဒေါ်မြကျုတ်ကြီး ပြန်၍လာလေ၏။

“ရသေ့လေးရယ် . . . ၊ ပြောရဦးမယ်၊ တစ်နေ့က ကျွန်မတို့ အိမ်ပြန်ရောက်တယ်၊ နွယ်ပင်ကြီးကတော့ အိမ်က လှမောင် ခုတ်ပစ်လိုက်လို့ မရှိတော့ဘူး၊ ဟိုသားအဖလည်း မရှိကြတော့ဘူး၊ ပေါက်ကျော်မက ဒီအိမ်မှာ မနေချင်ဘူး၊ သူ့အဖေကိုပါ လိုက်ခဲ့လို့ ခေါ်လို့ သူ့အဖေပါ လိုက်သွားတယ်၊ ပစ္စည်းတွေလည်း စိတ်ကြိုက်ယူသွားကြတယ်၊ ကွာစာရေးပြီး သူ့အဖေက လက်မှတ်ထိုးပေးသွားတယ်၊ ကျွန်မကိုလည်း စာတစ်စောင်ရေးပေးသွားတယ်၊ စာရဲ့ခေါင်းစဉ်ကတော့ ‘ဒီဘဝတော့ နှမလက်လျှော့နေပေတော့ . . . ’ တဲ့၊ ကျွန်မရဲ့ဒုက္ခတော့ ရှင်းသွားပါပြီ၊ အဲဒါကြောင့် ကျိုက် ထီးရိုးကို တစ်ခေါက်တက်ပြီး ရသေ့ကလေးကို လာပြောတာပါ။ ရသေ့လေးကိုလည်း ကျေးဇူးဆပ်ချင်တယ်၊ ပြီးတော့ ဆရာတင်ပြီး အခက်အခဲတွေ့တိုင်း ရသေ့ကလေးကို အားကိုးချင်တယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲလို့ ရသေ့လေးနဲ့ တိုင်ပင်တာပါ . . . ”ဟု ပြောလေ၏။

“ဒီလိုလုပ်ပါ ဒေါ်မြကျုတ်ရယ် . . . ၊ ခင်ဗျား သင့်တော်မယ့် နေရာမှာ ကျုပ်အတွက် ဗေဒင် ဆိုင်ကလေးတစ်ဆိုင် ငှားချင်လည်း ငှားပေးပါ၊ ဝယ်ချင်လည်း ဝယ်ပေးပါ၊ ကျုပ် အဲဒီမှာ ဗေဒင်ဟောမယ် ဗျာ . . . ” ဟု ရသေ့လေးက ပြောလိုက်ရာ -

“ရပါတယ် . . . ၊ ကျွန်မတို့ ပဲခူးမှာကို အရင်က ဆေးလိပ်ဆိုင် လုပ်ထားတဲ့ ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီဆိုင်က ပေါက်ကျော်မအတွက် လုပ်ပေးထားတာ . . . ၊ သူက မလုပ်လို့ ပိတ်ထားရတာ၊ အဲဒီမှာ ဆိုင်းဘုတ်တပ်လိုက်ရုံပါပဲ၊ ရသေ့ဘဝက ထွက်ဖို့မလိုပါဘူး၊ ရသေ့လေး အဝတ်အစားကလည်း ရသေ့လို့သာဆိုတယ်၊ အပေါ်ရုံသင်္ကန်းတွေ ဘာတွေ ပါတာမှမဟုတ်ဘဲ၊ ရှပ်အင်္ကျီအညိုရောင်၊ ပုဆိုးအညိုရောင် ဆိုတော့ ယောဂီလိုပါပဲ . . . ” ဟု ဒေါ်မြကျုတ်က ပြောလေ၏။

“ဒေါ်မြကျုတ်ကို ပြောရဦးမယ်၊ ကျုပ်မှာက အမေရှိတယ်ဗျ၊ အမေက လူမမာသည်၊ သူ့ဆီကို ငွေပြန်ပြန်ပို့ရတယ်၊ ပြန်ပြီးတော့လည်း

ကြည့်ရတယ်ပေါ့ဗျာ၊ တကယ်လို့ ခင်ဗျားပေးမယ့်ဆိုင်ကလေးဟာ ကျယ်တယ်ဆိုရင်တော့ အမေ့ကိုပါ ခေါ်ထားချင်တယ်၊ ပိုပြီးစိတ်ချရတာပေါ့ . . .”ဟု ရသေ့လေးက ပြောလေ၏။ ထိုအခါ ဒေါ်မြကျုတ်က-

“ဆိုင်က ကျယ်ပါတယ်၊ ရသေ့လေးတို့သား အမိနှစ်ယောက် နေလောက်ပါတယ်၊ အခန်းဆီးလေး တစ်ခု သုံးထပ်သားနဲ့ ကာလိုက်ရုံပါပဲ၊ ရသေ့လေးရဲ့ ပညာမျိုးနဲ့ဆိုရင် ချက်ချင်း နာမည်ကြီးသွားမှာပါ။ အဲဒီလို နာမည်ကြီးလို့ ငွေတွေရလာတဲ့အခါမှာ ဒီဆိုင်ကို ဝယ်ဖို့မလိုဘူး နော်၊ အခုကတည်းက ကျွန်မက အပိုင်ပေးလိုက်တာ . . .၊ စာချုပ်စာတမ်း နဲ့ကို လွှဲပေးဦးမှာ . . .၊ ကြာပါတယ် ရသေ့လေးရယ် . . .၊ အခုကိုပဲ ကျွန်မတို့နဲ့ အတူလိုက်ခဲ့ပေတော့ . . .” ဟု ပြောလေ၏။

ထို့ကြောင့် ရသေ့လေးလည်း ဒေါ်မြကျုတ် တို့နှင့်အတူ ပဲခူးသို့ လိုက်ပါလာခဲ့ရလေ၏။

## ပ





အခန်း ၊ ၂၄ ၊

## အေးပေါ့ဗျာ

ပဲခူးသို့ရောက်လျှင် ဒေါ်မြကျုတ်၏အိမ်တွင်တည်း၍ ဒေါ်မြကျုတ်ပေးသော ဆိုင်ခန်းကို ဗေဒင်ဟောရန် ဆိုင်ခန်းအဖြစ် ပြုပြင်ရလေတော့၏။

"ကျိုက်ထီးရိုးရသေ့ကလေး"ဟူသော အမည်ဖြင့် ဆိုင်းဘုတ်တင်လေ၏။ အလုံးစုံသော ကုန်ကျစရိတ်ကို ဒေါ်မြကျုတ်က အကုန်ကျခံလေ၏။

အလုံးစုံပြင်ဆင်ပြီးသောအခါ၌ ဆိုင်စ၍ ဖွင့်လေ၏။ ဆိုင်ဖွင့်ပွဲ



ဟုဆိုကာ ဒေါ်မြကျုတ်က မုန့်ဟင်းခါးချက်၍ ပတ်ဝန်းကျင်ကို ကျွေးမွေးလေ၏။

ညနေပိုင်းသို့ ရောက်သောအခါ၌ -

"ကျေးဇူးရှင် ဒေါ်မြကျုတ်ရေ ... အမေ့ကို သွားခေါ်ရမယ်၊ အမေသိရင် သိပ်ဝမ်းသာမှာ. . ." ဟု ရသေ့လေးက ပြောလေ၏။ ထိုအခါ ဒေါ်မြကျုတ်က -

"သွားပြီးခေါ်ပါ ရသေ့လေးရယ် ...၊ ကားပေးလိုက်ပါမယ်၊ လှမောင် မောင်းလိမ့်မယ်. . ."ဟု ပြောကာ ကားတစ်စီး ပေးလိုက်လေ၏။

ရသေ့လေးလည်း ထိုမော်တော်ကားဖြင့် ရန်ကုန်သို့ ပြန်လာခဲ့လေ၏။ ရသေ့လေးသည် ကားစ၍ ထွက်သည့်အချိန်မှစ၍ ဂါထာများ ရွတ်၍လိုက်လာလေ၏။ ထိုအခါ လှမောင်က -

"ဘာတွေရွတ်လာတာလဲ ..." ဟု မေးလေ၏။

"အန္တရာယ်ကင်းဂါထာတွေပေါ့ ကိုလှမောင်ရာ ..." ဟု ရသေ့လေးက ပြန်၍ဖြေလေ၏။

"ဒီလမ်းမှာက အန္တရာယ်မရှိပါဘူး ...၊ ဘာဖြစ်လို့ ရွတ်မလဲ၊ အဲဒါတွေရွတ်မယ့်အစား သီချင်း တစ်ပုဒ်ကောင်းကောင်း ဆိုစမ်းပါ. . ." ဟု လှမောင်က ပြောလေ၏။

"ဘယ့်နှယ့်ကိုလှမောင်ရယ် ...၊ ရသေ့က သီချင်းဆိုရမယ်လို့ ...၊ ခင်ဗျားဆိုချင်ဆိုပါ"ဟု ရသေ့လေးက ပြောလိုက်လျှင် လှမောင်က-

"ကျုပ်ဆိုမယ် ...၊ ရသေ့လေး ဘာမှ မရွတ်နဲ့ . . ." ဟု ဆိုကာ လှမောင်သည် သီချင်းဆို လေတော့၏။ လှမောင်၏သီချင်းမှာ

"အဆုံးသတ်ရန် နေရာမရှိဘဲ တစ်ဝိုင်းပတ်ပတ်လည်၍နေ၏၊"ဟူ၍ ဖြစ်လေ၏။ ထို့ကြောင့် ရသေ့လေးက -

"ဘယ့်နှယ့်လဲ ကိုလှမောင် ...၊ ခင်ဗျား သီချင်းက ဘယ်တော့ရပ်မှာလဲ ..." ဟု မေးလိုက်၏။

"ဘယ်တော့မှ မရပ်တဲ့သီချင်းဗျ ...၊ အဲဒီ သီချင်းကို ဆိုတတ်ဖို့ ဟိုး ... ဘုရားကြီးဘက်ဆီက ကားသမားတစ်ယောက်ဆီမှာ လက်ဖက်ရည်တိုက်ပြီး သင်ထားရတာ ...၊ ဒီတစ်ပုဒ်ထဲနဲ့ အပြီးပဲ..." ဟု လှမောင်ကပြောကာ တဟဲဟဲ ရယ်လေ၏။

ဤသို့နှင့်ပင် ရန်ကုန်သို့ ရောက်သွားကြလေ၏။ ထို့နောက် ရသေ့လေးနေသော လမ်းသို့ ဆိုက်ရောက်သွားကြလေ၏။ အချိန်မှာ မှောင်ရီပျိုးနေပြီ ဖြစ်၏။ အိမ်ရှေ့တွင် လူများ စုရုံးစုရုံး ဖြစ်နေ၏။ ကားရပ်သည်နှင့် ရသေ့လေးဆင်းသွားရာ လူအများက -

"ဟိုမှာ ရသေ့လေး လာပြီ..လာပြီ"ဟု ဝိုင်း၍ပြောကြလေ၏။ ရသေ့လေးက အဓိပ္ပါယ် မပေါက်သဖြင့် -

"ဘာလဲ ... ဘာလဲ ..."ဟု မေးရာ မိန်းမတစ်ဦးက -

"ရသေ့လေးရဲ့အမေ မမြစိမ်းဆုံးသွားပြီ၊ မနေ့မနက်က ဆုံးသွားတာပဲ ...၊ ရသေ့လေးဆီကို အကြောင်းကြားဖို့ လူကလည်း မရှိဘူး၊ ညကမှ ကျိုက်ထီးရိုးဘုရားဖူးကားရှာပြီး လူကြုံနဲ့ စကားပါးလိုက်ရတယ်..." ဟု ပြောလိုက်လျှင် ရသေ့လေးလည်း ၎င်း မိခင်နေထိုင်သော တဲကလေးဆီသို့ ပြေးတက်သွား၏။ မိခင်ဖြစ်သူ မမြစိမ်း၏အလောင်းကို အမြင်မတော်သော အိမ်နီးပါးချင်းများက တတ်နိုင်သမျှ ပြင်ဆင်ထားကြလေ၏။ ရသေ့ကလေးသည် ငိုကြွေးခြင်းမပြုဘဲ နှုတ်ခမ်းကို သွားဖြင့်





ကိုက်ထား၏။

"အမေရယ် ...ကျွန်တော်တို့သားအမိ နေဖို့အိမ်လည်း ရပြီလေ...၊ အမေ့ကို ဆေးကုဖို့ အလုပ်လုပ်ဖို့ ဆိုင်လည်း ရပြီလေ ...၊ အခု အမေ့ကိုလာခေါ်တာ..."ဟု တစ်လုံးချင်း ပြောနေလေ၏။ ကြားရသူအပေါင်းလည်း စိတ်မကောင်းဖြစ်ကြလေတော့၏။ အချို့သော မိန်းမများသည် မျက်ရည်များ ကျလာလေ၏။

ထို့နောက် ရသေ့ကလေးသည် လှမောင်အား ပဲခူးသို့ ပြန်၍ လွှတ်လိုက်လေ၏။

နောက်တစ်နေ့နံနက်တွင် ဒေါ်မြကျုတ်နှင့် ၎င်း၏ဆေးလိပ်ခုံမှ အလုပ်သမားများသည် ရသေ့လေး မိခင်၏ အသုဘကို ပို့ဆောင်ရန် မော်တော်ကားများဖြင့် ရောက်ရှိလာကြလေ၏။

ဒေါ်မြကျုတ်သည် ထိုအသုဘကို အစ အဆုံး တာဝန်ယူ၍ လုပ်ကိုင်ပေးလေ၏။ ဆွမ်းကျွေးရမည့်နေ့တွင်လည်း ဘုန်းကြီးများပင့်၍ ဆွမ်းကျွေးပေးလေ၏။

အလုံးစုံပြီးသောအခါ၌ ခြံနှင့်အိမ်ကို ခြံနီးချင်းတစ်ဦးအား အပ်နှံ၍ ဝယ်မည့်သူရှိလျှင် ရောင်းမည် ဖြစ်ကြောင်း ပြောဆိုကာ ပဲခူးသို့ ပြန်ခဲ့ကြလေ၏။ ရသေ့ ကလေးလည်း ဒေါ်မြကျုတ်တို့နှင့်အတူ ပဲခူးသို့ လိုက်ပါခဲ့လေ၏။

"ဒီလို ဒေါ်မြကျုတ်ရဲ့ ...၊ ဆိုင်တွေဘာတွေနဲ့ ဗေဒင်ဟော ပြီး ငွေရှာဖို့က အမေ့အတွက်ဗျာ၊ ကျုပ်တစ်ယောက်တည်းဆိုရင် အဲဒါ တွေ မလိုပါဘူး၊ အလှူခံစားမယ်ဗျာ ...၊ ကြုံတဲ့ဇရပ်မှာ အိပ်မယ်၊ ပုတီးစိပ်မယ် ...၊ အခု အမေမရှိတော့ဘူး ...၊ ကျုပ်အတွက်

ဒေါ်မြကျုတ်ပေးတဲ့ဆိုင်က မလိုအပ်တော့ ပါဘူး . . . ” ဟု ရသေ့လေးက ပြောလိုက်ချိန်၌မှာပင် မိုးသည် သည်းသည်းမည်းမည်း ရွာချလေတော့၏။

မိုးမရွာသည်မှာ ကြာပြီဖြစ်သောကြောင့် ကားပေါ်တွင်ပါလာသောဆေးလိပ်ခုံအလုပ်သမားမိန်းကလေးများမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေ၏။

“မိုးရွာပြီ ဒေါ်မြ . . . ”ဟုလည်း ဒေါ်မြကျုတ်အား ပြောလိုက်ကြလေ၏။ မော်တော်ကားမှာ လည်း ပဲခူးမြို့သို့ စတင်၍ ဝင်နေပြီဖြစ်၏။

“ဟုတ်ပါရဲ့တော် . . .၊ မိုးကလည်း ဒီနေ့ကျမှ သည်းသည်းမည်းမည်းကြီး ရွာတော့တယ် . . .၊ မိုးနဲ့အတူ ရသေ့လေးလည်း တို့ဆီကို ရောက်လာတော့တယ်၊ အဲဒီတော့ ရသေ့လေးရယ် ဘယ်မှာလည်း ထပ်ပြီးမသွားပါနဲ့တော့ . . .၊ အဲဒီဆိုင်မှာပဲနေပြီး ရသေ့လေးလုပ်ချင်တဲ့ ကောင်းမှုကုသိုလ်တွေ၊ ပုတီးစိပ်တဲ့အလုပ်တွေ အားရပါးရကြီး လုပ်ပေ တော့ . . . ”ဟု တောင်းတောင်းပန်ပန် ပြောလိုက်သည်ဖြစ်ရာ ရသေ့လေး လည်း တစ်စုံတစ်ရာ ဆက်၍မပြောတတ်တော့ဘဲ

“အေးပေါ့ဗျာ . . . ” ဟု ဝန်ခံလိုက်သည့် အချိန်၌ ကားတွင် မိုးထားသော မိုးကာဖျင်ကြီးလည်း ရုတ်တရက် လေတိုးသောကြောင့် ဖျန်းခနဲ ကွဲသွားရာ တစ်ကားလုံး စိုရွှဲ၍ အေးစိမ့်သွားလေတော့သတည်း။





